
ချမ်းမြေ့ဆရာတော်

# ချမ်းမြေ့မင်္ဂလာ
# သင်စရာ



ချမ်းမြေ့ဆရာတော်

ချမ်းမြေ့ဆရာတော်

# ချမ်းမြေ့မင်္ဂလာ
# သင်စရာ

ချမ်းမြေ့ရိပ်သာကျောင်း

၁၃၃၈-ခုနှစ်

၂.၅.၇.၇-၁

ချမ်းမြေ့ရိပ်သာဆရာတော်ဘုရားကြီးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဒု- ညွှန်ကြားရေးမှူး ဦးသန်းထွန်း ယာယီမှတ်ပုံတင်အမှတ် (၂၅၂)က ထုတ်ဝေ၍

ဒေါ်ခင်စီ (၀၁၄၈၀) မေတ္တာမိုးပုံနှိပ်တိုက်၊ အမှတ် ၂၂၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့က ရိုက်နှိပ်သည်။

**ဖြန့်ချိရေး**

ဦးအောင်သိန်း
အတွင်းရေးမှူး
ချမ်းမြေ့ရိပ်သာဝေယျာဝစ္စအဖွဲ့
၅၅(က) ကမ္ဘာအေးစေတီလမ်း
ရန်ကုန်မြို့။
ဖုန်း - ၆၆၁၄၇၉

**တန်းဖိုး** ဓမ္မဒါန

**အုပ်ရေ**

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

# မင်္ဂလသုတ် ပါဠိတော်

## နိဒါန်း

ဧဝံ မေ သုတံ။

ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ။

အထ ခေါ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ ဇေတဝနံ ဩဘာသေတွာ ယေန ဘဂဝါ တေနုပသင်္ကမိ။

ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ ဘဂဝန္တံ ဂါထာယ အဇ္ဈဘာသိ။

ဗဟူ ဒေဝါ မနုဿာ စ၊ မင်္ဂလာနိ အစိန္တယုံ။
အာကင်္ခမာနာ သောတ္ထာနံ၊ ဗြူဟိ မင်္ဂလမုတ္တမံ။

နိဒါန်းပြီး၏။

## သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ

၁။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

၂။ ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။
အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၃။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။
သုဘာသိတာ စ ယာ ဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။

၄။ မာတာပိတုဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။
အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။

၅။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။
အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလမုတ္တမံ။

၆။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။
အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလမုတ္တမံ။

၇။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌိ စ ကတညုတာ။
ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလမုတ္တမံ။

၈။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။
ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလမုတ္တမံ။

၉။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာနဒဿနံ။
နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၀။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ န ကမ္ပတိ။
အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။

၁၁။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထမပရာဇိတာ။
သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။

မင်္ဂလသုတ် ပါဠိတော် ပြီး၏။

# ပါဠိ မြန်မာ မင်္ဂလာ

## နိဒါန်း

**ဘန္တေ** – အရှင်မြတ်ဘုရား၊ **မေ** – တပည့်တော် အာနန္ဒာသည်၊ **ဧဝံ** – ဤယခု လျှောက်ထားမည့်အတိုင်း၊ **သုတံ** – ရှင်တော်မြတ်ဘုရား မိန့်စကားကို နာကြား မှတ်သားခဲ့ရပါသည် ဘုရား။

**ဧကံသမယံ** – အခါတပါး၌၊ **ဘဂဝါ** – မြတ်စွာဘုရားသည်၊ **သာဝတ္ထိယံ** – သာဝတ္ထိမြို့တော် အနီး၌၊ **အနာထပိဏ္ဍိကဿ** – အားကိုးမဲ့ကြသော လူအများအား အစားရေစာ ပေးတတ်ပါ၍ အနာထပိဏ်ဍိက်သိန်ပုံ့မွေး ရှင်သူဌေး၏၊ **ဇေတဝနေ** – ဇေတဝန် အမည်ရှိသော၊ **အာရာမေ** – နှလုံးမွေ့လျော် ပျော်စရာကောင်းသော ကျောင်းတော်ကြီး၌၊ **ဝိဟရတိ** – ချမ်းမြေ့ရွှင်ပြုံး သီတင်းသုံးတော်မူပါသည် ဘုရား။

**အထခေါ** – ထိုအခါ၌၊ **အညတရာဒေဝတာ** – အမျိုးအမည် မထင်ရှားသော နတ်သားတယောက်သည်၊ **အဘိက္ကန္တာယရတ္တိယာ** – ညဉ့်ဦးယံလွန်မြောက် သန်းခေါင်ယံအချိန် ရောက်သောအခါ၌၊ **အဘိက္ကန္တဝဏ္ဏာ** – အလွန်နှစ်သက်ဖွယ်သော အဆင်းရှိသည်ဖြစ်၍၊ **ကေဝလကပ္ပံဇေတဝနံ** – ဇေတဝန်ကျောင်းတော် တခုလုံးကို၊ **ဩဘာသေတွာ** – သူ၏ကိုယ်ရောင်ဖြင့် ထွန်းပြောင် ထိန်လင်းစေလျက်၊

**ယေနဘဂဝါ တေနုပသင်္ကမိ**– မြတ်စွာဘုရား ထံမှောက်သို့ ကပ်ရောက်လာပါသည် ဘုရား။

**ဥပသင်္ကမိတွာ**– ကပ်ရောက်လာပြီးနောက်၊ **ဘဂဝန္တံ** – မြတ်စွာဘုရားကို၊ **အဘိဝါဒေတွာ**– လက်အုပ်ချီမိုး ရှိခိုးလျက်၊ **ဧကမန္တံ အဋ္ဌာသိ**– သင့်တော်ရာ နေရာ၌ ရပ်လျက် နေပါသည်ဘုရား။

**ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ**– သင့်တော်ရာ နေရာ၌ ရပ်နေသော ထိုနတ်သားသည်၊ **ဘဂဝန္တံ** – မြတ်စွာဘုရားကို၊ **ဂါထာယ အဇ္ဈဘာသိ**– ပါဠိကဗျာ ဂါထာစကားဖြင့် ရိုသေစွာ လျှောက်ထားတောင်းပန်ပါသည်ဘုရား။

(**ကထံ**– အဘယ်သို့ လျှောက်ထား တောင်းပန်သနည်းဟူမူကား။)

**ဘန္တေ** – အရှင်ဘုရား ရှင်တော်မြတ်ဘုရား၊ **ဗဟူဒေဝါ မနုဿာစ**– လူနတ်ဗြဟ္မာ များစွာသော သတ္တဝါတို့သည်၊ **သောတ္ထာနံ**– ချမ်းသာ ခြင်းကို၊ **အာကင်္ခမာနာ**– လိုလားတောင့်တကြကုန်သည်ဖြစ်၍၊ **မင်္ဂလာနိ**– ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာတို့ကို၊ **အစိန္တယုံ**– သူတမျိုး ငါတဖုံ ကြံစည်စဉ်းစားခဲ့ကြပါကုန်ပြီ။ (**တွံ**– အရှင်ဘုရား ရှင်တော်မြတ်ဘုရားသည်) **ဥတ္တမံ**– ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သောမင်္ဂလာကို၊ **ဗြူဟိ**– သတ္တဝါအများ ချမ်းသာပွားဖို့ ဟောကြားချီးမြှင့်တော်မူပါ အရှင်ဘုရား။ (**ဣတိ**– ဤသို့ လျှောက်ထားတောင်းပန်ပါသည်ဘုရား။)

**[ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သုံးလအကြာတွင် ရာဇဂြိုဟ်ပြည်၊ ဝေဘာရတောင်နံပါး၊ စရည်းပင်ပေါက်ရာလိုဏ်ဂူ၌ အရှင်မဟာကဿပ ဦးဆောင်သော သံဃာတော် ၅၀၀ ပထမသံဂါယနာ တင်ခဲ့ကြလေသည်။ ထိုသံဂါယနာပွဲ၌ အရှင်မဟာကဿပမထေရ်က မေးတော်မူသဖြင့် အရှင်အာနန္ဒာမထေရ်က မြတ်စွာဘုရား မင်္ဂလသုတ်ဒေသနာတော် ဟောကြားတော်မူခဲ့ပုံကို အောက်ပါအတိုင်း ဖြေကြား လျှောက်ထားခဲ့လေသည်။]**

## မြန်မာပြန် အကျဉ်း

အရှင်မြတ်ဘုရား၊ တပည့်တော် အာနန္ဒာသည် မြတ်စွာဘုရား မိန့်ကြားတော်မူသော မင်္ဂလသုတ် ဒေသနာတော်ကို ယခု လျှောက်ထားမည့်အတိုင်း နာကြား မှတ်သားခဲ့ရပါသည် ဘုရား။

အခါတပါး၌ မြတ်စွာဘုရားသည် သာဝတ္ထိမြို့၏ အနီး အနာထပိဏ်သူဌေး လှူဒါန်းသော ဇေတဝန် ကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူပါသည်ဘုရား။

ထိုအခါ မထင်ရှားသော နတ်သားတယောက်သည် သန်းခေါင်ယံအချိန်တွင် မြတ်စွာဘုရားထံမှောက်သို့ လာရောက်၍ သင့်တော်ရာနေရာ၌ ရပ်ပြီးလျှင် လက်အုပ်ချီမိုး ရှိခိုးလျက် မြတ်စွာဘုရားအား ဂါထာဖြင့် လျှောက်ထားပါသည်ဘုရား။

လျှောက်ထားပုံမှာ– အရှင်မြတ်ဘုရား၊ များစွာသော လူ နတ် ဗြဟ္မာတို့သည် ချမ်းသာကို အလိုရှိကြသဖြင့် ကြီးပွားချမ်းသာကြောင်း မင်္ဂလာဆိုသည်ကို အမျိုးမျိုး အဖုံဖုံ ကြံစည် တွေးဆခဲ့ကြပါသည်။ တဆယ့်နှစ်နှစ်ကြာအောင် ထိုသို့ ကြံစည် တွေးဆခဲ့ကြသော်လည်း မင်္ဂလာ အစစ်အမှန်ကို ဧကန်ဧက မသိခဲ့ကြပါဘုရား။ သို့ဖြစ်ပါ၍ ရှင်တော်မြတ်ဘုရားသည် သတ္တဝါအများ ချမ်းသာပွားဖို့ ကြီးပွား ချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာတရားကို ဟောကြား ချီးမြှင့်တော်မူပါဘုရား။

## BLESSINGS

### Introduction

Thus have I heard: once the Buddha was dwelling at the monastery of Anathapindika in the Jeta Grove near Savatthi. Then, in the midnight a certain deity, illuminating the whole Jeta Grove with his surpassing splendour, came to the Buddha and, making salutations, stood on one side and addressed the Buddha in (the following) verse:

> Venerable Sir, Many deities and men, wishing well-being, have pondered over those things that constitute highest blessings. Would your Venerable be kind enough to explain what blessing is.

**နိဒါန်းပြီး၏။**

## သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ
## Thirty-Eight Blessings

၁။ အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ။
ပူဇာ စ ပူဇနေယျာနံ၊ ဧတံ မင်္ဂလမုတ္တမံ။

**1. Not to associate with fools, to associate with the wise and to honour those who are worthy of honour; this is the highest blessing.**

၁။ **ဒေဝတာ**– သိလိုရေးဖြင့် မေးလျှောက်ထားသည့် အိုနတ်သား။

(က) **အသေဝနာ စ ဗာလာနံ**– ဒုစရိုက်ပြုကြား လူမိုက်များကို နှီးပါးမယှဉ် ဝေးစွာကြဉ်၍ ခင်မင်သမှု အပေါင်းအသင်း မပြုခြင်းသည် လည်းကောင်း။

(ခ) **ပဏ္ဍိတာနဉ္စ သေဝနာ**– ဒုစရိုက်ရှောင်ကြဉ် ကြောင်းကျိုးမြင်၍ ဖြူစင်စိတ်ဓာတ် သူတော်မြတ်ကို ဆည်းကပ်မှီတင်း ဆက်ဆံပေါင်းသင်းခြင်းသည် လည်းကောင်း။

(ဂ) **ပူဇာ စ ပူဇနေယျာနံ**– ရတနာသုံးဖြာ ဆရာမိဘ သီလစင်ကြယ် သက်ရွယ်ကြီးသူ ဂုဏ်ကြီးသူနှင့် ရှိမူကျေးဇူး ဖြောင့်ဖြူးစိတ်ဓာတ် ပူဇော်အပ်ကို လေးမြတ်ကော်ရော် ပူဇော်ခြင်းသည် လည်းကောင်း။

**ဧတံ**– ဤတရားသုံးပါးသည်၊ **ဥတ္တမံ**– ချမ်းသာဆောင်တတ် လွန်ထူးမြတ်သည့်၊ **မင်္ဂလံ**– ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာပါပေတည်း။

## အကျဉ်းချုပ် မှတ်ရန်

(၁) ဒုစရိုက်ပြုသူ လူမိုက်နှင့် မပေါင်းသင်းခြင်း။

(၂) ဒုစရိုက် ရှောင်ကြဉ်သူ လူလိမ္မာ ပညာရှိနှင့် ပေါင်းသင်းခြင်း။

(၃) ရတနာသုံးဖြာ ဆရာ မိဘစသော ပူဇော်ထိုက်သူကို ပူဇော်ခြင်း။ ဤသုံးပါးသည် ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာများဖြစ်ပါသည်။

**ဆောင်** လူမိုက်ရှောင်ကြဉ်၊ ပညာရှင်၊ အစဉ် ပေါင်းသင်းပါ။
ပူဇော်ထိုက်က၊ ပူဇော်ကြ၊ ဒါမှမင်္ဂလာ။

# သင်ကြားရေး အထောက်အကူ

## အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ

## ၁၊ ၂။လူမိုက်ကို ရှောင်ကြဉ်ခြင်း၊ ပညာရှိကို ပေါင်းသင်းခြင်း မင်္ဂလာ

**လူမိုက်လက္ခဏာ ၃ ပါး**

(၁) အပြစ်မကင်းသော အကြံအစည်ကိုသာ ကြံစည်လေ့ရှိခြင်း= **ဒုစ္စိန္တိတစိန္တီ**၊ (၂) အပြစ်မကင်းသော စကားကိုသာ ပြောဆိုလေ့ရှိခြင်း= **ဒုဗ္ဘာသိတဘာသီ**၊ (၃) အပြစ်မကင်းသော အလုပ်ကိုသာ ပြုလုပ်လေ့ရှိခြင်း= **ဒုက္ကဋကမ္မကာရီ**၊ ဤသုံးပါးသည် လူမိုက်ဟု သိကြောင်း အမှတ် လက္ခဏာများတည်း။

**ပညာရှိ သူတော်ကောင်း လက္ခဏာ ၃ ပါး**

(၁) အပြစ်ကင်းသော အကြံအစည်ကိုသာ ကြံစည်လေ့ရှိခြင်း= **သုစိန္တိတစိန္တီ**၊ (၂) အပြစ်ကင်းသော စကားကိုသာ ပြောဆိုလေ့ရှိခြင်း= **သုဘာသိတဘာသီ**၊ (၃) အပြစ်ကင်းသော အလုပ်ကိုသာ ပြုလုပ်လေ့ရှိခြင်း= **သုကတကမ္မကာရီ**၊ ဤသုံးပါးသည် ပညာရှိ သူတော်ကောင်းဟု သိကြောင်း အမှတ်လက္ခဏာများတည်း။

(ဥပရိပဏ္ဏာသ၊ စာ ၂၀၈၊ စာပိုဒ် ၂၄၆)

**ဒုစရိုက် ၁၀ ပါး**

(၁) သတ္တဝါ၏အသက်ကို သတ်ခြင်း။ (၂) သူတပါး၏ ပစ္စည်းကို မတရားယူခြင်း။ (၃) ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်း။ **ကာယဒုစရိုက် ၃ ပါး။**

(၁) လိမ်ပြောခြင်း= **မုသာဝါဒ**၊ (၂) ကုန်းတိုက်ခြင်း= **ပိသုဏာဝါစာ**၊ (၃) ကြမ်းတမ်း ရိုင်းစိုင်းသောစကားကို ပြောခြင်း= **ဖရုသဝါစာ**၊ (၄) အကျိုးမရှိ အနှစ်မရှိသော စကားကိုပြောခြင်း= **သမ္ဖပ္ပလာပ**၊ **ဝစီဒုစရိုက် ၄ ပါး။**

(၁) သူတပါးပစ္စည်းကို ရလိုသမှု ရေးရှုကြံစည်စိတ်=**အဘိဇ္ဈာ**၊ (၂)သူတပါးကို ဖျက်ဆီးလိုစိတ်= **ဗျာပါဒ**၊ (၃)မှားယွင်းသော အယူဝါဒကို ယုံကြည်ကိုးကွယ်ခြင်း= **မိစ္ဆာဒိဋ္ဌိ**၊ **မနောဒုစရိုက် ၃ ပါး။** ပေါင်း ဒုစရိုက် ၁၀ ပါး။

**သုစရိုက် ၁၀ ပါး**

(၁) သတ္တဝါ၏အသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၂) သူတပါး၏ ပစ္စည်းကို မတရားယူခြင်းမှ ရှောင်ကြဉ်ခြင်း၊ (၃) ကာမဂုဏ်တို့၌ မှားယွင်းစွာ ကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်း။ **ကာယသုစရိုက် ၃ ပါး။**

(၁) မှန်သောစကားကို ပြောဆိုခြင်း= **သစ္စဝါစာ**၊ (၂) သူနှစ်ဦးတို့ကို ချစ်ခင် ညီညွတ်စေသော အစေ့အစပ် စကားကို ပြောဆိုခြင်း= **အပိသုဏာဝါစာ**၊ (၃) နူးညံ့ချိုသာ သာယာပြေပြစ်သော စကားကို

ပြောဆိုခြင်း= **သဏှဝါစာ**၊ (၄)အကျိုးရှိ၍ အနှစ်ပြည့်သော စကားကိုသာ ပညာဖြင့် ချင့်ချိန်ပြောဆိုခြင်း= **မန္တဝါစာ**။ **ဝစီသုစရိုက် ၄ ပါး**။

(၁)သူတပါး၏ပစ္စည်းကို ရယူလိုစိတ် မရှိခြင်း= **အနဘိဇ္ဈာ**၊ (၂)သူတပါးကို ဖျက်ဆီးလိုစိတ် မရှိခြင်း= **အဗျာပါဒ**၊ (၃)မှန်သော ဘာသာအယူဝါဒကို ယုံကြည်ကိုးကွယ်ခြင်း= **သမ္မာဒိဋ္ဌိ**။ **မနောသုစရိုက် ၃ ပါး**။ ပေါင်း သုစရိုက် ၁၀ ပါး။

**ဆောင်** သက်သတ်ခိုးခြင်း၊ မှားယွင်းကာမ၊ ဤသုံး၀၊ မှတ်ကြကာယကံ။

မုသားကုန်းတိုက်၊ ရိုင်းမိုက်ကြမ်းညစ်၊ အနှစ်မပါ၊ ပြောဆိုတာ၊ လေးဖြာ ဝစီကံ။

သူ့ပစ္စည်းကို၊ ရလိုတွေးကြံ၊ သူပျက်ရန်ကို၊ ကြံစည်စဉ်းစား၊ အယူမှား၊ သုံးပါး မနောကံ။

ဒုစရိုက်ဆယ်ပါး၊ ရှောင်ကြဉ်ငြား၊ ဆယ်ပါး သုစရိုက်ကံ။

ဒုစရိုက်ကံများ၊ ပြုလုပ်ငြား၊ လားရ ပါယ်လေးတန်။

သုစရိုက်ကံများ၊ ပြုလုပ်ငြား၊ လားရ နတ်နိဗ္ဗာန်။

## သတ္တိဂုမ္ဘဇာတ်

ဤအရာ၌ ဓားပြလူမိုက်တို့နှင့် ပေါင်းမိ၍ ကျေးမိုက်ဖြစ်ရသော သတ္တိဂုမ္ဘကျေးနှင့် သူတော်ကောင်းနှင့် ပေါင်းမိ၍ ကျေးလိမ္မာဖြစ်ရသော ပုပ္ဖသူဝကျေးတို့ကို နှိုင်းယှဉ်ကြည့်သင့်သည်။

ရှေးအခါက ပဥ္စာလတိုင်းမှာ ပဥ္စာလ ဘုရင်ကြီးသည် တောကစားထွက်ရာမှ ခရီးလွန်ကာ ရွာတရွာသို့ ရောက်သွား၏။ ရွာတံခါးကို ဝင်မိလျှင် "ဒီ ဘုရင်ကြီးကို ဖမ်းကြ၊ ဆီးကြ၊ သတ်ကြ"စသော ရက်စက် ကြမ်းကြုတ်လှသည့် အသံကို ကြားရ၍ အသံလာရာသို့ ကြည့်လိုက်ရာ ကျေးသားတကောင် အော်ဟစ်ပြောဆိုနေသည်ကို တွေ့လိုက်ရ၏။

ထိုရွာသည် ဓားပြရွာဖြစ်၍ ကျေးသားသည်လည်း ဓားပြများနှင့်အတူ အနေကြာလာသဖြင့် ရက်စက် ကြမ်းကြုတ်သော စိတ်ဆိုးစိတ်ယုတ်များ ဝင်နေသည့် **သတ္တိဂုမ္ဘ** ကျေးမိုက်ဖြစ်၏။ ဘုရင်ကြီးသည် ကြောက်ရွံ့စိတ် ဖြစ်ပေါ်လာသဖြင့် ချက်ချင်းပင် ရထားထိန်းကို ရထားကစေကာ ထိုနေရာမှ ထွက်ခွာလာရာ မကြာမီပင် ရသေ့ကျောင်းတကျောင်းသို့ ရောက်သွား၏။ ရောက်လျှင်ရောက်ချင်းပင် "အရှင်မင်းကြီး ကြွတော်မူပါ၊ ထိုင်တော်မူပါ၊ စမ်းရေအေးအေး သောက်တော်မူပါ၊ ချိုမြိန်သော သစ်သီးများကိုလည်း သုံးဆောင်တော်မူပါ၊ ရှင်ရသေ့များ သစ်သီးရှာသွားနေခိုက်ဖြစ်လို့ အရှင်မင်းကြီးကို ဧည့်ဝတ်ပြုမည့်သူ မရှိ၍ စိတ်မကောင်းပါ၊ အကျွန်ုပ်မှာ လက်မရှိ၍ ကိုယ်တိုင် ဧည့်ဝတ်မပြုနိုင်ဘဲ ဖြစ်နေပါသည်၊ အရှင်မင်းကြီး ကိုယ်တိုင်သာ အလိုရှိသလို သုံးဆောင်တော်မူပါတော့" စသော

သာယာချေင်သည့် ဒေသ့ခံစကားကို ကြားရ၍ အသံလာရာသို့ ကြည့်လိုက်ရာ ကျေးသားတကောင်ကိုပင် တွေ့ရပြန်သည်။

ကျေးသား၏ သာယာချေင်လှသော ဒေသ့ခံစကားကြောင့် မင်းကြီး၏ ပင်ပန်းနွမ်းနယ်မှုတို့သည် တမုဟုတ်ချင်း ပျောက်ငြိမ်း သွားကြကာ ကြည်သာရွှင်လန်း အပန်းပြေသွားတော့၏။

ဤကျေးသားကား ရသေ့သူတော်စင်များနှင့် အနေကြာသဖြင့် သူတော်ကောင်းဓာတ် အရှိန်ဟပ်၍ သူမြတ်စိတ်ဝင်ကာ ယဉ်ကျေး လိမ္မာနေသော **ပုပ္ဖသူဝ** ကျေးလိမ္မာဖြစ်၏။

မင်းကြီးက ယခင်တွေ့ခဲ့ရသော ကျေးသားနှင့် ယခု ကျေးသား တို့ ကွာခြားပုံကို ပြောပြရာ ကျေးသားနှစ်ကောင်မှာ တအူတုံဆင်း ညီရင်းအစ်ကိုများ ဖြစ်ကြကြောင်း၊ လေပြင်းတိုက်သဖြင့် အသိုက်မှ လွင့်ကာ တကွဲတပြားစီ ကျရာတွင် ယခင်ကျေးသားက ဓားပြများထံ ရောက်သွား၍ ယခုကျေးသားက ရသေ့တို့ထံ ရောက်လာခြင်း ဖြစ်ကြောင်း ပုပ္ဖသူဝကျေးလိမ္မာ ရှင်းပြသဖြင့် မင်းကြီး သိရ၏။

ထို့နောက် ကျေးလိမ္မာက နီတိစကား ဆက်လက် ပြောကြား ပြန်၏။

"အရှင်မင်းကြီး ငါးပုပ်ကို သမန်းမြက်ဖြင့် ထုပ်လျှင် သမန်းမြက်ပါ အပုပ်နံ့ နံပါသည်။ ထို့အတူပင် သူမိုက်နှင့် ပေါင်းသင်းလျှင် မိုက်စိတ်ဝင်ကာ သူမိုက်သာ ဖြစ်ရပါသည်။"

**ပူတိမစ္ဆံ ကုသဂ္ဂေန၊ ယော နရော ဥပနယှတိ။**
**ကုသာပိ ပူတိ ဝါယန္တိ၊ ဧဝံ ဗာလူပသေဝနာ။**

"အရှင်မင်းကြီး တောင်ဇလပ်ပန်းကို ပေါက်ဖက်ဖြင့် ထုပ်လျှင် ပေါက်ဖက်ပါ ပန်းရနံ့ မွှေးကြိုင်ပါသည်။ ထို့အတူပင် ပညာရှိ သူတော်ကောင်းနှင့် ပေါင်းသင်းလျှင် သူတော်စိတ်ခာတ် အရှိန်ဟပ်ကာ သူတော်သူမြတ်ပင် ဖြစ်ရပါသည်။

**တဂရဉ္စ ပလာသေန၊ ယောနရော ဥပနယှတိ။**
**ပတ္တာပိ သုရဘိဝါယန္တိ၊ ဧဝံ ဓီရူပသေဝနာ။**

ပညာရှိသူတော်ကောင်းနှင့် ပေါင်းသင်းရ၍ အသိအလိမ္မာ ကြွယ်ဝလှသော ကျေးလိမ္မာ၏ နီတိစကားကို ပီတိပွားလျက် မင်းကြီး မှတ်သားလိုက်ရ၏။

(ဇာတက–ဌ ၄၊ နှာ ၄၃၂၊ ဝီသတိနိပါတ်၊ ဇာတ် ၅၀၃၊ သတ္တိဂုမ္ဗဇာတ်)

"ဘေးရန် ဥပဒ်အန္တရာယ် မုန်သမျှသည် ဒုစရိုက်ပြုသူ လူမိုက်ကြောင့်သာ ဖြစ်ပေါ်ကြ၏။ သူတော်ကောင်းကြောင့် မဖြစ်ပေါ်ပေ။"

"ထို့ကြောင့် လူမိုက်ဖြစ်ကြောင်း ဒုစရိုက်တရားတို့ကို ရှောင်ရှား၍ သူတော်ကောင်းဖြစ်ကြောင်း သုစရိုက် တရားတို့ကို ကျင့်ကြံပွားများ အားထုတ်ကြရာ၏။"

(အင်္ဂုတ္တိုရ်၊ ပ၊ နှာ ၉၉၊ စာပိုဒ် ၁၊ တိက၊ ဘယသုတ်)

## အရှင်မဟာကဿပ၏ တပည့်

ဤနေရာ၌ တပည့်မိုက်တပါး အကြောင်းကို ဖေါ်ပြသင့်၏။ အရှင်မဟာကဿပမထေရ်သည် ဝေဘာရတောင်စောင်းရှိ ပိပ္ပလိဂူ ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တပည့်ရဟန်း နှစ်ပါးက ဝတ်ကြီးဝတ်ငယ် ပြုစုလျက်နေ၏။ တပါးသည် သဒ္ဓါတရားရှိ၍ လိမ္မာ၏။ အခြားတပါးမှာ သဒ္ဓါမဲ့၍ ကောက်ကျစ်စဉ်းလဲ မိုက်မဲ၏။

တပည့်လိမ္မာသည် မျက်နှာသစ်ရေ ချိုးရေ တည်ထားခြင်း၊ ရေနွေးတည်ပေးခြင်းစသော ဝတ်ကြီးဝတ်ငယ်များကို သဒ္ဓါတရား ထက်ထက်သန်သန်ဖြင့် ပြုစု၏။

တပည့်မိုက်မှုကား မည်သည့်ဝတ္တရားကိုမျှ မပြုလုပ်ဘဲ တပည့် လိမ္မာ ဆောင်ရွက်ထားသည့် ဝတ္တရားများကို မိမိဆောင်ရွက်လေဟန် မထေရ်မြတ်အား လျှောက်ထား၏။

တနေ့တွင် တပည့်မိုက်သည် မထေရ်မြတ် ရေချိုးရန် တပည့်လိမ္မာ ရေနွေးတည်ထားပြီးပြီဟု ထင်မှတ်ကာ "ရေနွေးရပါပြီ၊ ရေသုံးသပ်တော်မူပါဘုရား" ဟု မထေရ်မြတ်ကြီးအား မိမိ တည်ထား လေဟန်ဖြင့် သွားရောက် လျှောက်ထား၏။ အရှင်မြတ်ကြီး ရေသုံးသပ်ရန် ကြွလာသောအခါ တပည့်မိုက်သည် ရေနွေးခပ်ရန် မီးဖိုပေါ်ရှိ ရေနွေးအိုးအဖုံးကို လှပ်လိုက်၏။ ရေနွေးအိုး၌ ရေတစက်မျှ မတွေ့ရသောအခါ ဒေါပွ၍ တပည့်လိမ္မာကို ဆဲရေးရေရွတ်လျက် ရေခပ်ရန် ထွက်သွား၏။

ထိုအခိုက်တွင် တပည့်လိမ္မာသည် ရေချိုးအိမ်၏ နောက်ဘက်၌ အသင့်ကျိုထားသော ရေနွေးအိုးနှင့်အတူ ပုန်းကွယ်နေရာမှ ထွက်ခဲ့ကာ ဆရာမထေရ်မြတ်အား ရေနွေးဖြင့် ချိုးရေ ဆက်ကပ်လိုက်၏။

တပည့်မိုက်၏ ကောက်ကျစ်စဉ်းလဲပုံကို သိရှိရသော အရှင်မြတ်ကြီးသည် တပည့်မိုက်ကို ဆိုဆုံးမ၏။ တပည့်မိုက်က ဤအချက် ကြောင့် ဆရာအရှင်မြတ်အပေါ် ရန်ငြိုးဖွဲ့ခဲ့၏။

နောက်တနေ့တွင် အရှင်မြတ်ကြီး တခြားရွာသို့ ဆွမ်းခံကြွရာ တပည့်လိမ္မာသည် အတူလိုက်၍ တပည့်မိုက်ကမူ မလိုက်ဘဲ အရှင်မြတ်ကြီး ဆွမ်းရပ်နေကျ ရွာသို့သာ တပါးတည်း ကြွသွား၏။ ဒကာ ဒကာမများက မေးသောအခါ ဆရာအရှင်မြတ် မကျန်းမာ၍ ကျောင်း၌ နေခဲ့ကြောင်း၊ ဤမည်သော ဆွမ်းခဲဖွယ်တို့ကို လောင်းလှူလိုက်ကြရန် မှာလိုက်ကြောင်း စသည်ကိုပြော၍ ဒကာ ဒကာမများက လောင်းလှူလိုက်ကြသောအခါ ထိုဘောဇဉ်ခဲဖွယ်တို့ကို သူတပါးတည်း စားပစ်၏။

နောက်တနေ့တွင် ထိုရွာသို့ အရှင်မြတ်ကြီး ဆွမ်းခံကြွသောအခါ တပည့်မိုက်၏ အကောက်ဉာဏ်ကို သိရပြန်၍ ကျောင်းသို့ ပြန်ရောက်သောအခါ ဆုံးမရပြန်၏။

တပည့်မိုက်သည် "ယမန်နေ့က ရေနွေးကလေးမျှဖြင့် ငါ့ကို ဆူသည်။ ဒီနေ့လည်း ဆွမ်းကလေးမျှဖြင့် ငါ့ကို ဆူပြန်ပြီ"ဟု ဆရာမြတ်ကြီးအပေါ် ရန်ငြိုးဖွဲ့ပြန်ကာ နောက်တနေ့ ဆရာအရှင်မြတ် ဆွမ်းခံကြွနေချိန်တွင် ကျောင်းကို မီးရှို့၍ မီးမလောင်ဘဲ ကျန်နေသော

အသုံးအဆောင်များကို ရိုက်ခွဲဖျက်ဆီးပြီးလျှင် ကျောင်းမှ ထွက်သွား၏။

**"ဘေးရန် ဥပဒ်အန္တရာယ်မှန်သမျှသည် လူမိုက်ကြောင့်သာ ဖြစ်ပေါ်၏။ သူတော်ကောင်းကြောင့် မဖြစ်ပေါ်ပေ။"**

ဤအဖြစ်အပျက်နှင့်ပတ်သက်၍ မြတ်စွာဘုရားက အောက်ပါ အတိုင်း ညွှန်ကြား ဆုံးမတော်မူသည်။

"မိတ်ဆွေရှာသောအခါ သီလ သမာဓိ ပညာ အကျင့်သိက္ခာ အရာတွင် မိမိထက် သာလွန်သူကိုဖြစ်စေ၊ မိမိနှင့် တန်းတူသူကိုဖြစ်စေ မတွေ့လျှင် တယောက်တည်းသာ နေရာ၏။ လူမိုက်ကိုကား ဆက်ဆံ ပေါင်းသင်းခြင်း မပြုရာ"

**စရဉ္စေ နာဓိဂစ္ဆေယျ၊ သေယျံ သဒိသမတ္တနော။**
**ဧကစရိယံ ဒဠှံ ကယိရာ၊ နတ္ထိ ဗာလေ သဟာယတာ။**

(ဓမ္မပဒ–၅၊ ဗာလဝဂ်၊ အရှင်မဟာကဿပ၏တပည့်ဝတ္ထု)

**ဆောင်** အသိအလိမ္မာ၊ ကိုယ့်ထက်သာသူ၊ တန်းတူလူ၊ တွေ့မူ ပေါင်းသင်းလော့။

ထိုသူနှစ်စား၊ မတွေ့ငြား၊ တပါးတည်းသာနေ။

လူမိုက်ကိုကား၊ မပေါင်းငြား၊ ရှောင်ရှားဝေးဝေးနေ။

ပညာမဲ့သူ၊ ဆည်းကပ်မူ၊ ထိုသူဆင်းရဲသည်။

ပညာရှိအား၊ ဆည်းကပ်ငြား၊ ကြီးပွားချမ်းသာသည်။

ဆိုင်ရာကိစ္စ၊ ကျနမမြင်၊ မကျွမ်းကျင်သူ၊ ဆည်းကပ်မှု၊ ထိုသူဆုံးရှုံးသည်။

ဆိုင်ရာကိစ္စ၊ ကျနသိမြင်၊ တတ်ကျွမ်းကျင်သူ၊ ဆည်းကပ်မှု၊ ထိုသူကြီးပွားသည်။

(မူလပဏ္ဏာသ၊ ၂၈၆။ စူဠဂေါပါလကသုတ်)

**ဒေဝဒတ်** လူဆိုးလူမိုက်ကြီး ဒေဝဒတ်နှင့် ပေါင်းသင်းမိ၍ အဇာတသတ်ဘုရင်သည် ဖခင်ကို သတ်မိသဖြင့် ရနိုင်ခွင့်ရှိသည့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ဆုံးရှုံးရရုံမျှမက အဝီစိငရဲ၏ အရံဖြစ်သော ဥဿဒ ငရဲသို့ပင် ကျရောက်ရ၏။

**အင်္ဂုလိမာလ** လူတထောင်မက သတ်ဖြတ်ခဲ့သော လူဆိုးကြီး အင်္ဂုလိမာလသည် မြတ်စွာဘုရား တည်းဟူသော သူတော်သူမြတ်နှင့် တွေ့ဆုံ ဆည်းကပ်ခွင့်ရ၍ လူဆိုးဘဝမှ လွတ်မြောက်ရုံမျှမက အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်သည်အထိ အကျိုးရသွား၏။

## ပူဇာစ ပူဇနေယျာနံ
## ၃။ ပူဇော်ထိုက်သူကို ပူဇော်ခြင်း မင်္ဂလာ

ပူဇော်ခြင်းသည် လက်အုပ်ချီမိုး ရှိခိုးပူဇော်ခြင်း၊ အရိုအသေပြု လျက် ပူဇော်ခြင်း၊ ဂုဏ်ကျေးဇူးကို ချီးကျူးပူဇော်ခြင်း၊ တရားဖြင့် ပူဇော်ခြင်း၊ ပစ္စည်းဝတ္ထုဖြင့် ပူဇော်ခြင်း စသည်ဖြင့် များလှ၏။

**ရှိခိုးပူဇော်ခြင်း** ရှေးအခါက သိခီမြတ်စွာဘုရား၏ လက်ထက်တော်၌ ဒါယကာတဦးသည် မြို့တွင်းသို့ ဆွမ်းခံကြွတော်မူလာသော မြတ်စွာဘုရားကို ကြည်ညိုလှသဖြင့် လက်အုပ်ချီမိုး ရှိခိုးပူဇော်လျက် နေ၏။ ထိုကောင်းမှုကြောင့် ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူသောအခါ ဟိမဝန္တာအနီးရှိ ဥက္ကဋ္ဌမြို့၌ ဗြာဟ္မဏသူကြွယ် တဦး၏သား ဖြစ်လာ၏။ အင်္ဂဏိက အမည်ရ၍ မြတ်စွာဘုရားကို ဖူးရသောအခါ ကြည်ညိုလှသဖြင့် တရားတော်ကို နာကြား၏။ တရားနာပြီးသောအခါ မြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းအဖြစ်ကိုရ၍ ရဟန်းတရား ပွားများအားထုတ်ရာ မကြာမီပင် ရဟန္တာ ဖြစ်လေ၏။ လက်အုပ်ချီမိုး ရှိခိုးပူဇော်ရုံမျှဖြင့် ရဟန္တာ ဖြစ်သည်အထိ အကျိုးရသွား၏။

(ထေရဂါထာ–ဌ၊ ပ၊ ၄၃၄၊ တိက၊ အင်္ဂဏိကဘာရဒွါဇထေရ်ဝတ္ထု)

**အရှင်ဥပါလိ၏ တူ** အရှင်ဥပါလိ၏ တူဖြစ်သော ရဟန်းတပါးသည် ပဒုမုတ္တရ ဘုရားရှင် လက်ထက်တော်၌ လူ့ဘောင်ကို ငြီးငွေ့၍ တောထွက်ပြီးလျှင် ရသေ့ပြုလျက် တရားအားထုတ်ရာ အဘိညာဏ်ငါးပါး သမာပတ်ရှစ်ပါး ရ၍ ဈာန်ချမ်းသာ ခံစားလျက် ဟိမဝန္တာ၌ နေလေ၏။

ပဒုမုတ္တရ မြတ်စွာဘုရားသည် ဝိဝေကကို အလိုရှိတော်မူ၍ ဟိမဝန္တာသို့ ကြွတော်မူသောအခါ ထိုရသေ့သည် ဖူးမြော်ခွင့်ရသဖြင့် လွန်စွာကြည်ညိုရကား များစွာသော ဥပမာတို့ဖြင့် မြတ်စွာဘုရားအား ချီးကျူးစကား လျှောက်ထား ပူဇော်လေ၏။

ထိုကောင်းမှုကံကြောင့် လူ့စည်းစိမ် နတ်စည်းစိမ် အကြိမ်ကြိမ် အဖန်ဖန် ခံစား စံစားပြီးနောက် ဂေါတမမြတ်စွာဘုရား၏ လက်ထက်တော်တွင် ကပ္ပိလဝတ်ပြည်၌ လူ့အဖြစ်ကိုရ၍ အရှင်ဥပါလိမထေရ်၏ တူ ဖြစ်လာသည်။

အရွယ်ရောက်သောအခါ ဦးရီးဖြစ်သူ ဥပါလိမထေရ် အထံ၌ ရဟန်းပြု၍ ဝိပဿနာတရား အားထုတ်ရာ မကြာမီပင် ရဟန္တာ ဖြစ်လေ၏။

ဝိနည်းအရာ၌ ဧတဒဂ်ရသော အရှင်ဥပါလိမထေရ်၏ အထံတွင် နီးနီးကပ်ကပ် နေရ၍ ဝိနည်းတရားတော်၌ ကျွမ်းကျင် နိုင်နင်းတော်မူသဖြင့် ဝိနည်းအရာ၌ ထက်မြက်သော ဉာဏ်ရှိသူတို့တွင် အတော်ဆုံး ပုဂ္ဂိုလ်အဖြစ် မြတ်စွာဘုရားက ဧတဒဂ်ဘွဲ့ထူးဖြင့် ချီးကျူးဂုဏ်ပြုတော်မူ၏။

မြတ်စွာဘုရား၏ ဂုဏ်ကို ချီးကျူးပူဇော်ခြင်းကြောင့် ရအပ်သော ကြီးမားလှသည့် အကျိုးတရားပင် ဖြစ်ပေသည်။
(အပဒါန်-၄၊ ဒု၊ ၆၈။ ဘာဂိနေယျုပါလိထေရ်ဝတ္ထု)

**အရှင်သာရိပုတ္တရာ** အရှင်သာရိပုတ္တရာသည် ဥပတိဿ ပရိဗိုဇ် ဘဝဖြင့် အရှင်အဿဇိထံမှ မြတ်စွာဘုရား၏ တရားတော်ကို နာကြားရ၍ သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရခဲ့၏။ ထို့ကြောင့် ဆရာဖြစ်သူ အရှင်အဿဇိကို ပူဇော်လို၍ ရောက်လေရာ အရပ်တိုင်း၌ အရှင်အဿဇိရှိရာ အရပ်ဘက်ကို ဦးခေါင်းထား အိပ်ခြင်း၊ ရှိခိုးခြင်းကို အမြဲပြု၏။

အရှင်သာရိပုတ္တရာ၏ အပြုအမူကို ကြည့်ပြီး အကြောင်းမှန်ကို မသိသော ရဟန်းများက အရှင်သာရိပုတ္တရာသည် အရပ်မျက်နှာ ဟူကို ရှိခိုးနေသည်ဟု ထင်မှတ်ကြသဖြင့် မိစ္ဆာဒိဋ္ဌိဟု စွပ်စွဲမိကြကာ မြတ်စွာဘုရား နားတော်ပေါက်ကြားအောင် လျှောက်ထားကြလေသည်။

ရှင်တော်မြတ်ဘုရားက မေးမြန်းတော်မူသောအခါ အရှင်မြတ်ကြီးက သူ၏ လက်ဦးဆရာဖြစ်သူ အရှင်အဿဇိမထေရ် ရှိရာသို့ ဦးခေါင်းထားအိပ်ခြင်း ဖြစ်ကြောင်းနှင့် ဆရာအရှင်ကို ရည်မှန်း၍ ရှိခိုးပူဇော်ခြင်းဖြစ်ကြောင်း လျှောက်ထားလေသည်။

ဤအချက်ကို အကြောင်းပြု၍ မြတ်စွာဘုရားက အောက်ပါအတိုင်း မိန့်ကြားတော်မူလေသည်။

"အကြင်ဆရာ့ထံမှ မြတ်စွာဘုရား ဟောကြားတော်မူသော တရားတော်ကို သင်ယူ နာကြား မှတ်သာ ရ၏။ ထိုဆရာကို ပုဏ္ဏားသည် ယဇ်ပူဇော်သော မီးကို ရိုသေစွာ ရှိခိုးသကဲ့သို့ ရိုသေစွာ ရှိခိုးရာ၏။"

**ယမှာ ဓမ္မံ ဝိဇာနေယျ၊ သမ္မာသမ္ဗုဒ္ဓဒေသိတံ။**
**သက္ကစ္စံ တံ နမဿေယျ၊ အဂ္ဂိဟုတ္တံဝ ဗြာဟ္မဏော။**

(ဓမ္မပဒ၊ ၃၉၂ ဂါထာ)

**ဆောင်** ဗုဒ္ဓဟောညွှန်၊ တရားမှန်ကို၊ မှတ် ကြံ ပွား သိ၊ သိစေဘိမူ၊ ထိုသည့်သူအား၊ စင်ဖြူညွတ်လျှိုး၊ မြဲရိုကျိုး၊ ရှိခိုးရာသတည်း။

၂။ **ပတိရူပဒေသဝါသော စ၊ ပုဗ္ဗေ စ ကတပုညတာ။**
**အတ္တသမ္မာပဏိဓိ စ၊ ဧတံ မင်္ဂလမုတ္တမံ။**

**2. To reside in a suitable locality, to have done meritorious deeds in the past and to set oneself in the right course; this is the highest blessing.**

၂။ **ဒေဝတေ**–သိလိုရေးဖြင့် မေးလျှောက်ထားသည့် အိုနတ်သား

(က) **ပတိရူပဒေသဝါသော စ**– ကုသိုလ်ကျန်းမာ ပညာစီးပွား ဒီရေလာ သို တိုးပွားနိုင်ရာ သာသနာလည်း ဝေဖြာပွားစည် ရပ်ဌာနီ၌ သာကြည်ရွှင်ပျ နေထိုင်ရခြင်းသည် လည်းကောင်း။

(ခ) **ပုဗ္ဗေ စ ကတပုညတာ**– ရှေးရှေးကာလ ရှေးဘဝ၌ ဒါန သီလာ ဘာဝနာဟု မြတ်ကောင်းမှုကို ပြုစုဆည်းပူးခဲ့ခြင်းသည် လည်းကောင်း။

(ဂ) **အတ္တသမ္မာပဏိဓိ စ**– ကိုယ်ရောစိတ်ပါ ပြစ်ကင်းရာ၌ ကောင်းစွာထားခြင်းသည် လည်းကောင်း။

**ဧတံ**– ဤတရားသုံးပါးသည်၊ **ဥတ္တမံ**– ချမ်းသာဆောင်တတ် လွန်ထူးမြတ်သည့်၊ **မင်္ဂလံ**– ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာပါပေတည်း။

## အကျဉ်းချုပ်မှတ်ရန်

(၄) ချမ်းသာကောင်းကျိုး ပွားတိုးစေရန် သင့်တန် လျောက်ပတ်သော အရပ်၌ နေထိုင်ခြင်း ။

(၅) ရှေးရှေးဘဝ၌ ဒါနစသော ကောင်းမှုတို့ကို ပြုစုဆည်းပူးခဲ့ခြင်း ။

(၆) မိမိ၏ ကိုယ်နှင့်စိတ်ကို အပြစ်ကင်း အောင် ကောင်းစွာထားခြင်း ။

ဤသုံးပါးသည် ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ပါသည်။

**ဆောင်** သင့်ရာရပ်နေ၊ ကောင်းမှုတွေ၊ ပြုပေရှေးဘဝမှာ။
ကိုယ်စိတ်နှစ်ပါ ၊ ကောင်းစွာထား ၊ မှတ်သားမင်္ဂလာ။

# သင်္ကြားရေး အထောက်အကူ

## ပတိရူပဒေသဝါသော စ

## ၄။ သင့်တော်ရာ အရပ်၌ နေခြင်းမင်္ဂလာ

**သင့်တော်ရာအရပ်** ကုသိုလ် ကျန်းမာ ပညာ စီးပွား ဒီရေလားသို့ စသော မြန်မာပြန်စကားဖြင့် မည်ကဲ့သို့သော အရပ်ကို သင့်တော်ရာ အရပ်ဟုခေါ်ကြောင်း သိသာပြီ။

**မြတ်စွာဘုရား၏ ပတိရူပဒေသ** ဗုဒ္ဓရှင်တော်မြတ်ဘုရားအတွက် ဂယာဒေသ၌ ရှိသော ဗောဓိမဏ္ဍိုင်သည် သဗ္ဗညုတရွှေဉာဏ်တော်ကို ရရန် သင့်တင့် လျောက်ပတ်သော အရပ်ဖြစ်၏။

**မဟာကပ္ပိန မထေရ်** ကုက္ကုဋဝတီပြည့်ရှင် ကပ္ပိနဘုရင်သည် တရားသိရန် ပါရမီပြည့်နေသူ ဖြစ်၏။ သို့သော် သူ၏ ကုက္ကုဋဝတီပြည်သည် သူ့အတွက် တရားသိရန် သင့်တင့်လျောက်ပတ်သော ပတိရူပဒေသအရပ် မဟုတ်သဖြင့် ကုက္ကုဋဝတီပြည်၌ နေသမျှ ကာလအတွင်း သူ တရားမရခဲ့ပေ။

သာဝတ္ထိပြည်မှလာသော ကုန်သည်များ လျှောက်ထားချက်အရ သာဝတ္ထိပြည်၌ ဘုရားပွင့်တော်မူနေပြီဟု သိရ၍ သာဝတ္ထိပြည်သို့

ထွက်သွားမှပင် ဘုရားရှင်ကို ဖူးတွေ့ရပြီး တရားတော်ကို နာကြားရသောကြောင့် အရဟတ္တဖိုလ်အထိ အကျိုးရသွား၏။ ကပ္ပိနဘုရင်အတွက် သာဝတ္ထိပြည်သည်သာလျှင် ပတိရူပဒေသ ဖြစ်၏။

**ပက္ကုသာတိမင်းကြီး** တက္ကသီလပြည့်ရှင် ပက္ကုသာတိ ဘုရင်အတွက် တက္ကသီလပြည်သည် သူ တရားသိရန် သင့်တန်လျောက်ပတ်သော ပတိရူပဒေသ မဟုတ်ပေ။ အကြည်တော်ရာဇဂြိုဟ်ပြည့်ရှင် ဘုရင် ဗိမ္ဗိသာရ ပါးလိုက်သော ဓမ္မသဝဏ်လွှာကို ဖတ်ရသောအခါမှ လောကတွင် ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ဆိုသော ရတနာသုံးပါး ပေါ်ထွန်းနေပြီဖြစ်ကြောင်း သိရပြီး ထိုရတနာသုံးဖြာ ပေါ်ထွန်းရာဒေသမှာလည်း ရာဇဂြိုဟ်ပြည်ဖြစ်ကြောင်း သဝဏ်လွှာအရ သူ နားလည်ရ၏။

ထို့ကြောင့် တရားချမ်းသာ ခံစားလိုသော ဘုရင် ပက္ကုသာတိသည် ကိုယ့်ကိုယ်ကို ရသေ့အသွင် ဝတ်ဆင်ကာ နန်းတော်သူ နန်းတော်သားများ မသိစေဘဲ တက္ကသီလမှ တိတ်တဆိတ် ထွက်ခဲ့၍ ကိုးဆယ့်နှစ်ယူဇနာဝေးသော ရာဇဂြိုဟ်ဘက်သို့ တယောက်တည်း ခရီးဆက်ခဲ့၏။

ရာဇဂြိုဟ်သို့ ရောက်သောအခါ မိုးချုပ်နေပေပြီ။ နေဝင်မိုးချုပ် အချိန်ကြီးတွင် အကြည်တော်ဘုရင်ကို ဒုက္ခမပေးလို၍ တည တည်းခိုရန် နေရာစုံစမ်းရာ အိုးထိန်းသည် ဘဂ္ဂဝ၏ အိုးလုပ်တဲ၌ တည်းခိုခွင့် ရခဲ့၏။ အိုးလုပ်တဲကား ကျယ်ဝန်းလှ၏။

မကြာမီပင် ရဟန်းတပါး ရောက်လာ၍ ပထမ ရောက်နှင့်သူ ပက္ကုသာတိအထံ ခွင့်ပန်ကာ ထောင့်တထောင့်၌ နေရာယူပြီး လျှင် တိတ်ဆိတ်စွာ သီတင်းသုံးနေ၏။

ပက္ကုသာတိလည်း မိမိသိထားသော တရားကို တိတ်ဆိတ်စွာ နှလုံးသွင်းနေ၏။ ဗုဒ္ဓရှင်တော်မြတ်ကို နံနက်လင်းမှပင် ဖူးမြော်ရတော့မည်ဟု ဆုံးဖြတ်ထားသဖြင့် တညလုံး အချိန်ရနေ၏။

သန်းခေါင်ယံအချိန် လွန်သောအခါ တိတ်ဆိတ်စွာ သီတင်းသုံး နေသော ရဟန်းသည် ပက္ကုသာတိထံ လာ၍ အာလာပ သလ္လာပစကား ပြောပြီးနောက် ဓာတ်ခြောက်ပါးတရားကို ရှင်းလင်းပြတ်သားစွာ အကျယ်တဝင့် ဟောကြားတော့၏။ ပက္ကုသာတိလည်း နားထောင်ကောင်းကောင်းနှင့် တရားနာနေလိုက်သည်မှာ တရားဆုံး၍ သူလည်း သုံးမဂ်သုံးဖိုလ်ရကာ ခြောက်ဖြာသော ရောင်ခြည်တော်တို့လည်း တမြို့လုံး ကွန့်မြူးတော့မှပင် သူ့အား တရားဟောနေသည်မှာ သူဖူးမြော်လိုလှသော မြတ်စွာဘုရားပင် ဖြစ်ကြောင်း သိရတော့၏။

ပက္ကုသာတိအတွက် ရာဇဂြိုဟ်ကား ပတိရူပဒေသပေတည်း။

(ဥပရိပဏ္ဏာသ—၄၁၊ ၁၉၄၊ ဓာတုဝိဘင်္ဂသုတ်အဖွင့်)

**ဗိုလ်ချုပ်အောင်ဆန်း၏ ပတိရူပဒေသ** ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာပြည်၏ အချက်အချာဖြစ်သော ရန်ကုန်မြို့တော်၌ နေ၍ လွတ်လပ်ရေးရအောင် ကြိုးပမ်းသောကြောင့်သာ တိုင်းပြည် လွတ်လပ်ရေးရအောင် ဦးဆောင်နိုင်ခြင်း ဖြစ်သည်။ တောမြို့ကလေးဖြစ်သော နတ်မောက်၌ နေလျှင်မူ ဦးဆောင်နိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ဗိုလ်ချုပ်၏ ပတိရူပဒေသကား ရန်ကုန်မြို့သာတည်း။

**ဦးသန့်၏ ပတိရူပဒေသ** ပန်းတနော်မြို့သား တဦးဖြစ်သူဦးသန့်သည်လည်း ပန်းတနော်၌ဖြစ်စေ၊ ရန်ကုန်၌ဖြစ်စေ နေလျှင် ကမ္ဘာ့ရေးရာများကို ဦးစီး ဆောင်ရွက်ရသည့် ကုလသမဂ္ဂအတွင်းဝန်ချုပ် ဖြစ်လာမည် မဟုတ်ပေ။ ကမ္ဘာ့ခေါင်းဆောင်ကြီးတို့ စုဝေးရာဖြစ်သည့် နယူးယောက်မြို့ ကုလသမဂ္ဂ၌ တာဝန် ထမ်းဆောင်သောကြောင့်သာလျှင် ကုလသမဂ္ဂ အတွင်းဝန်ချုပ် အဖြစ် တင်မြှောက်ခြင်း ခံရပေသည်။ ထို့ကြောင့် အတွင်းဝန်ချုပ် ဦးသန့်၏ ပတိရူပဒေသကား ကမ္ဘာ့ကုလသမဂ္ဂတည်ရာ နယူးယောက်မြို့သာတည်း။

## ပဋ္ဌမ ဝ ကတပုညတာ

## ၅။ ရှေးဘဝက ကောင်းမှုပြုခဲ့ခြင်း မင်္ဂလာ

**ကိုရင်တိဿ** ကိုရင်တိဿသည် သာဝတ္ထိမြို့ သူဌေးတဦး၏သား ဖြစ်၏။ ထိုသူဌေးသည် အရှင်သာရိပုတ္တရာ၏ ဒကာ ဖြစ်၏။ ကိုရင်တိဿကို ခုနစ်နှစ်သား အရွယ်တွင် အရှင်သာရိပုတ္တရာ ထံ အပ်နှံ၍ ရှင်ပြုပေး၏။ ရှင်ပြုအလှူတွင် ဇေတဝန်ကျောင်းတိုက် အတွင်း သီတင်းသုံးသော သံဃာတော်များအား ၇ ရက်ပတ်လုံး နွားနို့ဆွမ်း လှူဒါန်း ဆက်ကပ်၏။ ၈ ရက်မြောက်သောနေ့တွင် ကိုရင်တိဿ မြို့တွင်းသို့ ဆွမ်းခံကြွ၏။

မြို့လူထုက ကြည်ညိုလှသဖြင့် ထိုနေ့၌ပင် ဆွမ်းအုပ်ငါးရာနှင့် သင်္ကန်းချုပ်ရန် အဝတ်ပိုင်းငါးရာကို လောင်းလှူကြ၏။ နောက်နေ့ ၌လည်း အလားတူပင် လှူကြ၏။ ကိုရင်တိဿလည်း ရသမျှကို သံဃာတော်များအား ခွဲဝေ လှူဒါန်းလိုက်၏။ ဤကဲ့သို့ ဆွမ်း သင်္ကန်း လာဘ်လာဘ ပေါများခြင်းမှာ ရှေးဘဝက စေတနာသုံးတန် ထက်သန်စွာဖြင့် ဆွမ်းတပါးစာနှင့် သင်္ကန်းအဝတ်ပိုင်း တခုကို အရှင်သာရိပုတ္တရာအား လှူဒါန်းခဲ့သော ကောင်းမှုကုသိုလ်ကြောင့် ဖြစ်၏။

ကိုရင်တိဿသည် ရက်အနည်းငယ်အတွင်းမှာပင် ဝေးလံ လှသော တောရကျောင်း တကျောင်းသို့သွား၍ တပါးတည်း ဝိပဿနာတရား ကြိုးစားအားထုတ်ရာ တဝါတွင်း အတွင်းမှာပင် ရဟန္တာ ဖြစ်သွား၏။ ဤအချက်၌လည်း ဆွမ်းနှင့် သင်္ကန်းစ

လှူဒါန်းခဲ့ရာတွင် "အရှင်မြတ်ကြီးသိသော တရားကို သိရပါလို၏"ဟု ဆုတောင်းမှန်ခဲ့ခြင်းသည် အထောက်အပံ့ အကြောင်းအဖြစ် ပါဝင်ခဲ့၏။

**ကိုယ့်ပစ္စည်းကို ကိုယ်ကမပေးလျှင် ဘယ်သူမှ မယူနိုင်**

ရာဇဂြိုဟ်ပြည်၌ ဇောတိကသူဌေးသည်ရှေးဘဝ တခုတွင် ဝိပဿီ မြတ်စွာဘုရားအား ရတနာ ခုနစ်ပါး စီခြယ်ထားသော ဂန္ဓကုဋီ ကျောင်းတော်ကြီး ဆောက်လုပ် လှူဒါန်းပြီးလျှင် ကျောင်းတော် ရေစက်ချပွဲ၌လည်း ခြောက်သောင်းရှစ်ထောင်သော ရဟန်းသံဃာတော်ကို့အား ကိုးလပတ်လုံး ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို နေ့စဉ် ဆက်ကပ်လှူဒါန်းခဲ့၏။ နောက်ဆုံးနေ့၌ သံဃာတော် တပါးလျှင် တိစီဝရိတ်သင်္ကန်း တစုံကျဖြင့် အစုံပေါင်း ခြောက်သောင်းရှစ်ထောင် လှူဒါန်းခဲ့၏။ အငယ်ဆုံး ရဟန်းတော် ရသော သင်္ကန်းသည်ပင် အသပြာတထောင် ထိုက်တန်၏။

ထိုသို့ လှူဒါန်းရာတွင် သူ၏ဆုတောင်းမှာ "ယနေ့မှစ၍ ငါ၏ပစ္စည်းကို ငါမပေးလျှင် မြိတ်ဆာချည် တမျှင်ကိုမျှလည်း အရာမကသော မင်းတို့ကဖြစ်စေ၊ ခိုးသား ဓားပြတို့ကဖြစ်စေ အနိုင်အထက် လုယက်၍ မယူနိုင်ပါစေသတည်း၊ မီးမလောင်နိုင်၊ ရေမမြုပ်နိုင်ပါစေသတည်း"ဟု ဖြစ်၏။

ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်ဘုရင်သည် ငယ်စဉ်ကပင် သူ၏ခမည်းတော် ဗိမ္ဗိသာရမင်းကြီးနှင့် ဇောတိက သူဌေး၏ ရွှေရောင် ငွေရောင် ပတ္တမြားရောင်တို့ဖြင့် တပြောင်ပြောင် ထွန်းတောက် လျက် ခမ်းနားဆန်းကြယ် တင့်တယ်လှသော အိမ်ကြီးသို့ ရောက်ခဲ့ဖူ

၏။ ထိုစဉ်ကပင် အိမ်ကြီးကို မျက်စိကျလှသဖြင့် "ငါကြီးလို့ ဘုရင်ဖြစ်လျှင် ဒီအိမ်ကြီးကို အပိုင်စီးပြီး နန်းတော်ကြီးလုပ်ပစ်မယ်"ဟု ကြိမ်ဝါးနေခဲ့၏။

တနေ့သော် အဇာတသတ်ဘုရင်သည် ကြီးမားလှသော စစ်တပ်ကြီးကို ဦးစီး၍ သူဌေးကြီး၏ အိမ်တော်ကြီးကို တိုက်ခိုက်သိမ်းယူရန် ချီတက်သွား၏။ သို့သော်လည်း အိမ်ကြီး၏ တံခါးခုနစ်ထပ်တွင် စောင့်ကြပ်နေသော ဘီလူးတို့၏ တိုက်ခိုက်မှုဒဏ်ကို မခံနိုင်သဖြင့် တပ်လန်ကာ ပြေးမိပြေးရာ ပြေးခဲ့ကြရ၏။ အဇာတသတ်ဘုရင်ကမူ ဝေဠုဝန်ကျောင်းအတွင်း မြတ်စွာဘုရား အထံတော်သို့ ရောက်သွား၏။

ထိုနေ့၌ သူဌေးကြီးသည် ပြုနေကြအတိုင်း နံနက်စောစောကပင် ဥပုသ်ဆောက်တည်ပြီးလျှင် ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရား ထံပါး၌ တရားနာနေခဲ့၏။ အဇာတသတ်ဘုရင်သည် သူဌေးကြီးကို တွေ့သောအခါ သူဌေးကြီး၏အိမ်ကို သွား၍ တိုက်ခိုက်ကြောင်း ပြောပြ၏။ သူဌေးကြီးက "အရှင်မင်းကြီး ကျွန်တော်မျိုး၏ ပစ္စည်းကို ကျွန်တော်မျိုး မပေးလျှင် မင်းတထောင်ပင် တိုက်ခိုက်စေဦးတော့ မရနိုင်ပါ။ မယုံလျှင် အရှင်မင်းကြီးကို ဟောဒီ လက်ဆယ်ချောင်းမှာ ဝတ်ထားသော လက်စွပ်များ ကျွန်တော်မျိုး မပေးပါ။ အရှင်မင်းကြီး ယူနိုင်လျှင် ယူကြည့်တော်မူပါ"ဟု လျှောက်၏။ အဇာတသတ်ဘုရင်သည် အလွန်အားကောင်းသူဖြစ်၍ မင်းမာန်ဖြင့် လက်စွပ်များကို အမျိုးမျိုး အားထုတ် ချွတ်ယူသော်လည်း မရနိုင်သောကြောင့် လက်လျှော့လိုက်ရ၏။

ထိုအခါမှ သူဌေးကြီးက "အရှင်မင်းကြီး အဝတ်တထည် ဖြန့်ခင်းတော်မူပါ၊ လက်စွပ်များ ရပါလိမ့်မည်"ဟု လျှောက်ထား၍ ခင်းထားသော အဝတ်ပေါ်သို့ လက်ဆယ်ချောင်းကို စောက်ထိုး ထားလိုက်ရာ လက်စွပ်များသည် အလိုလို ကျွတ်ကျကုန်ကြ၏။

ရှေးကပြုခဲ့သည့် ကောင်းမှု၏ အကျိုးကား ကြီးမားလှပါ ပေသည်။

သို့သော် သူဌေးကြီးသည် အဇာတသတ်ဘုရင်၏ လောဘ ရမ္မက်ကြီးမှုနှင့် ရက်စက်ကြမ်းကြုတ်မှုကို အကြောင်းသိဖြစ်သဖြင့် အန္တရာယ်ရှိလာပြီဟု သဘောပေါက်ကာ ဘုရင့်ထံ ရဟန်းပြုဖို့ ခွင့်ပန်၍ ရဟန်းပြု တရားအားထုတ်ရာ ရဟန္တာဖြစ်သွား၏။

သူ၏ အိမ်ကြီးနှင့်တကွ စည်းစိမ်ဥစ္စာများကား သူ ရဟန်း ပြုချိန်မှစ၍ ပျောက်ကွယ်ကုန်ကြတော့၏။

## အတ္တသမ္မာပဏိဓိစ

## ၆။ ကိုယ်နှင့်စိတ်ကို ကောင်းစွာထားခြင်း မင်္ဂလာ

မိမိ၏ ကိုယ်နှင့်စိတ်ကို ကောင်းစွာထားခြင်းဆိုသည်မှာ မိမိ ကိုယ်ကို သီလမရှိလျှင် သီလရှိအောင်၊ ယုံကြည်မှု သဒ္ဓါတရား မရှိလျှင် သဒ္ဓါတရားရှိအောင်၊ မလှူရက် မတန်းရက်ဖြစ်နေလျှင် လှူချင်တန်းချင်လာအောင် စသည်ဖြင့် အပြစ်ကင်း၍ ကောင်းကျိုး ရစေသည့် ကုသိုလ်ကောင်းမှုတို့၌ တည်စေခြင်း ထားခြင်းပင်။

(ခုဒ္ဒက-၄၊ ၁၁၂)

**အနှစ်နှာခံ၍ ကိုယ်နှင့်စိတ်ကို ကောင်းစွာထားသူများ**

ယခု သီရိလင်္ကာဟုခေါ်သော သီဟိုဠ်ကျွန်း၌ သာသနာ နေလို လလို ထွန်းတောက်စဉ်က ဖြစ်၏။ တရားစောင့်သော ခမ္မကတိဿ မင်းကြီးမှာ ခါသားစားလိုသည့် အာသာဆန္ဒ ပြင်းစွာ ဖြစ်ပေါ်နေ၏။ မင်းကြီးသည် မိမိ ခါသားစားလိုကြောင်း တစုံတယောက်အား ပြောလိုက်လျှင် လူအများပင် ခါသားရအောင် ရှာ၍ လာရောက် ဆက်သကြမည်ဖြစ်ရာ ခါသတ္တဝါတွေ ရာနှင့် ထောင်နှင့်ချီ၍ သေကြေ ပျက်စီးရတော့မည်ကို စဉ်းစားမိသဖြင့် မည်သူ့ကိုမျှ မပြောဘဲ ခါသားစားလိုစိတ်ကို မျိုသိပ်အောင့်အည်း ထားလိုက်၏။

မိမိလိုသလို ပြုလုပ်နိုင်ပါလျက် မိမိ၏ အာသာရမ္မက် ပြေပျောက်ရေးအတွက် သတ္တဝါများ ပျက်စီးကြမည်ကို မတွေ့လို မမြင်လို မကြားလိုသော စိတ်ထားမှာ သူတော်ကောင်းတို့၏ မွန်မြတ်လှသော စိတ်ထားပင်ဖြစ်၏။ ကိုယ်နှင့်စိတ်ကို အပြစ်ကင်း ရာ၌ တည်စေခြင်း ထားခြင်းပင် ဖြစ်၏။

ကိုယ့်အကျိုးအတွက် သူတပါးကို မပျက်စီးစေလိုသော စိတ်ဓာတ်မှာ မွန်မြတ်လှ၏။

ယင်းသို့ ခါသားစားလိုစိတ်ကို ကြိတ်မှိတ် မျိုသိပ်ထားခဲ့ သည်မှာ တရက်လည်းမက၊ တလလည်းမက၊ တနှစ်လည်းမက၊ သုံးနှစ်တာမျှ အချိန်ကြာခဲ့ပြီဖြစ်၏။ သတ္တဝါအများ ပျက်စီးမည့်ဘေးကို တွေးမိသဖြင့် မိမိ၏ ကိုယ်စိတ်ဆင်းရဲဒုက္ခကို သုံးနှစ်ပတ်လုံး ကြိတ်မှိတ်ခံခဲ့သည်မှာ စိတ်ဓာတ်အဆင့်အတန်း မြင့်လှသော သူတော် သူမြတ်များမှသာ တတ်နိုင်သောအရာ ဖြစ်၏။

သုံးနှစ် ကြာလာသောအခါ၌မူ နားဥ ပြည်တည်လာတော့၏။ ထို့ကြောင့် မဖြစ်သာတော့၍ ပုံသကူခါသား အရှာခိုင်းရန် သီလ လုံခြုံသူကို စုံစမ်း ရှာဖွေစေရတော့၏။ အမတ်တယောက်၏သား မောင်တိဿသည် သီလ အလွန်စင်ကြယ်ကြောင်း အများသိဖြစ်၍ မင်းကြီးအား လျှောက်ထားကြ၏။

မင်းကြီးသည် သီလစင်ကြယ်သူဟု ကျော်ကြားရုံမျှဖြင့် စိတ်မချနိုင်သေး။ လက်တွေ့ သိလိုနေသေး၏။ ထို့ကြောင့် မင်းချင်း တယောက်ကို မောင်တိဿထံ လွှတ်၍ ကြက်တကောင်ကို ပေးစေ၏။ ယင်းကြက်ကို မောင်တိဿကိုယ်တိုင် သတ်၍ ချက်ပြုတ် ကျွေးလော်ကာ ကြက်သားဟင်း ဆက်သရမည်ဟုလည်း အမိန့်တော် မြွက် မှတ်လိုက်၏။

မောင်တိဿသည် မင်း၏အမိန့်ကို မနာခံလျှင် သေဒဏ်အထိ အပြစ်ကျနိုင်သည်ကို သိလျက် မိတ်ဆွေအများက နာခံရန် တိုက်တွန်း နေသည့်ကြားမှပင် “ကြက်သေကိုပေးလျှင် ချက်၍ ဆက်သပါမည်။ ကြက်အရှင်ကိုတော့ မသတ်နိုင်ပါ”ဟု ရှင်းရှင်းပင် ငြင်းလိုက်၏။ မင်းမိန့်ဖြင့် ဒုတိယအကြိမ် ခိုင်းပြန်သောအခါ “အမိန့်မနာခံလို့ သတ်လျှင်လည်း ကိစ္စမရှိ၊ တဘဝ ဟာခါသေမြဲပဲ၊ သေပုံပါသည် သတ္တဝါ၏အသက်ကိုတော့ မသတ်နိုင်ပါ”ဟု ဖွင့်ငြင်း၏။

သုံးကြိမ်သုံးခါ လူလွှတ်၍ စေခိုင်းသော်လည်း မနာခံ။ စတုတ္ထအကြိမ်တွင် မင်းကြီးကိုယ်တိုင် ခေါ်၍ အမိန့်ပေးသော်လည်း ငြင်းဆန်မြဲ ငြင်းဆန်နေသဖြင့် မင်းမိန့်ကို ဖီဆန်သော မောင်တိဿကို သုသာန်သို့ထုတ် ဓားခုတ်သတ်ရန် အမိန့်ချမှတ်လိုက်၏။

သုသာန်၌ စဉ်းတီးတုံးပေါ်တွင် လည်ပင်းတင်၍ အာဃာ ပါးကွက်သားက လည်ဖြတ်ရန် ထက်လှသော ဓားကြီးကို မိုးထားစဉ် မှာပင် မင်းချင်းတယောက်က နောက်ဆုံး ကြိုးစားသည့် အနေဖြင့် ကြက်ကို မောင်တိဿ၏ လက်ထဲ ထည့်ပေးလိုက်၏။ မောင်တိဿ သည် ကြက်ကလေးကို ရင်ခွင်၌ ပွေ့ဖက်ထားကာ "ကြက်ကလေးရေ မင်းအသက်ကိုငါပေး။ ငါ့အသက်ကို မင်းယူပေတော့" ဟု ဆိုပြီးလျှင် ကောင်းကင်သို့ ပစ်မြှောက်၍ လွှတ်လိုက်၏။

မိမိ ငယ်စဉ်ကစ၍ မပျက်စီးရအောင် စောင့်ထိန်းလာခဲ့သော သီလကို ယခုမှ အပျက်စီး အညစ်နွမ်း မခံနိုင်သဖြင့် အသက်ကို ပေးကာ စောင့်ထိန်းခြင်းဖြစ်၏။ မြင့်မြတ်ဆုံးသော **အတ္တသမ္မာပဏိဓိ=** ကိုယ်နှင့်စိတ်ကို အပြစ်ကင်းရာ၌ တည်စေခြင်းပင် ဖြစ်၏။

ထိုအခိုက်မှာပင် မင်းချင်းတယောက် ရောက်လာပြီးလျှင် မောင်တိဿကို ဘုရင်ကြီးခေါ်ကြောင်း ပြောကာ ရေ့တော်သို့ သွင်းလိုက်၏။ ထိုအခါ မင်းကြီး စိတ်ချသွားကာ မောင်တိဿကို အကြောင်းစုံ ပြောပြသဖြင့် မောင်တိဿ ဝမ်းမြောက်ဝမ်းသာ စင်ကြယ်သော ပံ့သကူခါသား ရာဖွေ၍ မီး၌ကင်ပြီးလျှင် ဆက်သရာ မင်းကြီး၏ အာသာဆန္ဒလည်းပြေ နားပြည်တည်နာလည်း ပျောက်ကင်း သွားလေ၏။

(သဠာယတန သံယုတ်-ဋ္ဌ၊ ၆၉၊ ရထောပမသုတ်အဖွင့်)

**၃။ ဗာဟုသစ္စဉ္စ သိပ္ပဉ္စ၊ ဝိနယော စ သုသိက္ခိတော။**
**သုဘာသိတာ စ ယာဝါစာ၊ ဧတံ မင်္ဂလမုတ္တမံ။**

**3. Vast learning, perfect handicraft, highly trained discipline and pleasant speech; this is the highest blessing.**

၃။ **ဒေဝတေ** – သိလိုရေးဖြင့် မေးလျှောက်ထားသည့် အိုနတ်သား။

(က) **ဗာဟုသစ္စဉ္စ** – လောကုတ်လောကီ နှစ်လီတိုးပွား အကျိုးများသည့် တရားကျမ်းဂန် အတန်တန်ကို သင် အံ ကြိကြည့် ပညာပြည့်၍ ဗဟုသုတရှိခြင်းသည် လည်းကောင်း။

(ခ) **သိပ္ပဉ္စ** – စက်မှုလက်မှု အတတ်စုတွင် အသုံးဝင်အောင် ကျွမ်းကျင်တတ်မြောက်ခြင်းသည် လည်းကောင်း။

(ဂ) **ဝိနယောစသုသိက္ခိတော** – မိဝတ် ဖဝတ် ဆရာ့ဝတ်နှင့် ကျင့်ဝတ်အထွေထွေ နေနည်းထိုင်နည်း ပြောဆိုနည်းကို သိပ်သည်းကျနအချိုးကျအောင် ဆရာ့ထံ၌ နည်းခံ သင်ယူအပ်ပြီးသည်လည်းကောင်း။

(ယ) **သုဘာသိတာစယာဝါစာ**– ဟုတ်မှန်ကျိုးရှိ အနှစ်ပြည့်၍ ပိယဝါစာ သာယာချိုမြ ကြားမဝဘဲ ကြားရသူတွင် အပူစင်လျက် ဘဝင်ကြည်မွေ့ စိတ်ချမ်းမြေ့သော စကားကို ပြောဆိုခြင်းသည်လည်းကောင်း။

**ဖတ်**– ဤတရား လေးပါးသည်၊ **ဥပ္ပါမ်**– ချမ်းသာဆောင်တတ် လွန်ထူးမြတ်သည့်၊ **မင်္ဂလံ**– ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာပါပေတည်း။

## အကျဉ်းချုပ်မှတ်ရန်

၇။ အကြားအမြင် ဗဟုသုတများခြင်း။
၈။ စက်မှုလက်မှု အတတ်တခုခု တတ်ကျွမ်းခြင်း။
၉။ လူမှုရေးကျင့်ဝတ်များ သင်ကြားထားခြင်း။
၁၀။ အပြစ်ကင်း၍ အကျိုးရှိသောစကားကို ပြောဆိုခြင်း။
ဤတရား လေးပါးသည် ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ပါသည်။

**ဆောင်** ကြားမြင်များလတ်၊ လက်မှုတတ်၊ ကျင့်ဝတ်သင်ကြားရာ။
ကျိုးရှိစကား၊ ပြောဆိုငြား၊ မှတ်သားမင်္ဂလာ။

# သင်ကြားရေး အထောက်အကူ

## ဗာဟုသစ္စဉ္စ

## ၇။ အကြားအမြင် ဗဟုသုတရှိခြင်း မင်္ဂလာ

ဗဟုသုတ ရှိခြင်းသည် မင်္ဂလာဖြစ်သည်ဆိုသော်လည်း အပြစ်ကင်းသော ဗဟုသုတသည်သာ မင်္ဂလာဖြစ်၍ အပြစ်မကင်းသော ဗဟုသုတမှာမူ မင်္ဂလာမဖြစ်ပေ။

အပြစ်ကင်းသော ဗဟုသုတ ဖြစ်စေကာမူ မိမိရရှိထားသော ဗဟုသုတနှင့်အညီ လိုက်နာ ကျင့်ကြံသူအတွက်သာ မင်္ဂလာဖြစ်၏။ မလိုက်နာ မကျင့်ကြံသူအတွက်မှာမူ သူ၏ဗဟုသုတသည် မျက်မမြင် ထွန်းညှိသော မီးရောင်နှင့်သာ တူလေသည်။

မျက်မမြင် ထွန်းညှိသော မီးရောင်သည် သူတပါးကိုသာ အလင်းရောင် ပေးနိုင်၍ မိမိကိုယ်ကိုမူ အလင်းရောင် မပေးနိုင်ပေ။ ထို့အတူပင် လိုက်နာကျင့်ကြံမှု မပြုသောသူ၏ ဗဟုသုတသည် သူတပါးကိုသာ အကျိုးရှိစေနိုင်၍ မိမိကိုယ်ကိုမူ အကျိုးမရှိစေနိုင်ပေ။

လိုက်နာကျင့်ကြံမှု မပြုရုံမျှမကဘဲ ယင်းဗဟုသုတကို အကြောင်းပြု၍ သူတပါးကို အထင်သေးခြင်း၊ နှိမ်ခြင်း၊ မထီမဲ့မြင် ပြုခြင်း၊ သူတပါးအကျိုး ပျက်စီးအောင်ပြုခြင်း စသည်တို့ကို ပြုလုပ်လျှင်ကား ထိုဗဟုသုတသည် သုတရှင်ကို သတ်ဖြတ် ဖျက်ဆီး ပစ်သဖြင့် ငှက်ပျောသီး၊ ဝါးသီးများနှင့် အလားတူပေသည်။

ငှက်ပျောပင် ဝါးပင်များ အသီးသီးလာလျှင် ထိုငှက်ပျောသီး ဝါးသီးများက သူတို့၏ အပင်များကို သတ်ပစ်လိုက်ကြသည်။

**ဗဟုဿုတော အပ္ပဿုတံ၊ ယော သုတေနာတိမညတိ။**
**အန္ဓော ပဒီပဓာရောဝ၊ တထေဝ ပဋိဘာတိ မံ။**

"ဗဟုသုတ ရှိသူသည် ဗဟုသုတ မရှိသူကို မိမိ၌ရှိသော သုတကြောင့် အထင်သေးကာ မထီမဲ့မြင် ပြုပြောအံ့။ ထိုသုတရှင်သည် မီးထွန်းညှိသော သူကန်းနှင့်သာ တူလေသည်။"

(ထေရ-၄၊ ၃၊ ၄၁၉)

**ဖလံ ဝေ ကဒလိံ ဟန္တိ၊ ဖလံ ဝေဠုံ ဖလံ နဠံ။**

"ငှက်ပျောသီးသည် ငှက်ပျောပင်ကို သတ်၏။ ဝါးသီးသည် ဝါးပင်ကို၊ ကျူသီးသည် ကျူပင်ကို သတ်၏။"

(အင်္ဂုတ္တိုရ်၊ စတုက္က၊ ဒေဝဒတ္တသုတ်)

**အရှင်နာဂသိန်** မက်ဆီဒိုးနီးယား ဂရိတ်အနွယ်ဖြစ်သော မိလိန္ဒမင်းကြီးသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၄၅၀ ကျော်ခန့်တွင် ယခု အိန္ဒိယပြည် အနောက်မြောက်ပိုင်း ပန်ဂျပ်ပြည်နယ်အတွင်းရှိ ရှေးက သာဂလ အမည်ရှိသော ပြည်တွင် ထီးနန်းအုပ်ချုပ် မင်းလုပ်ခဲ့၏။ အကြားအမြင် ဗဟုသုတနှင့် ပြည့်စုံ၍ နက်နဲသောပညာ ရှိ၏။ နက်နဲခက်ခဲသော

သဘောတရားတို့ကို ထိုးထွင်း သိမြင်တတ်၏။ ဘာသာတရားကို လေးစား ကိုင်းရှိုင်း၏။ ဗုဒ္ဓတရားတော်၌ နှံ့စပ်သိမြင် ကျွမ်းကျင်၏။

သူသည် ဗုဒ္ဓတရားတော်ထဲမှ နက်နဲလှ၍ သူ့ရှင်းလင်းစွာ ဉာဏ်မမီသော အချက်များကို ရဟန်းတော်များအား မေးမြန်းရာ မင်းကြီး ကျေနပ်လောက်အောင် အဖြေမပေးနိုင်ကြသဖြင့် ဝေးရာသို့ သွားရောက် သီတင်းသုံးကြ၏။

သို့သော် တနေ့တွင် အရှင်နာဂသေန(နာဂသိန်)ဟူသော ရဟန်းတပါးကို မင်းကြီး ဖူးမြော်ရ၍ နက်နဲခက်ခဲသော မေးခွန်းများကို နိုက်နိုက်ချွတ်ချွတ် မေးမြန်းရာ မင်းကြီး ကျေနပ်လက်ခံနိုင်သော အဖြေကို အရှင်မြတ်က လွယ်ကူစွာပင် ပေးလိုက်၏။ ထို့နောက် မင်းကြီး မေးတိုင်းမေးတိုင်းသော မေးခွန်းများကို အခက်အခဲ မရှိဘဲ ဥပမာပေါင်းများစွာဖြင့် တမုဟုတ်ချင်း အရှင်မြတ် ဖြေရှင်းပေးတော်မူ၏။

"သမုဒ္ဒရာရေသည် အဘယ်ကြောင့် အငံအရသာ တခုတည်းသာ ရှိပါသနည်း ဘုရား။" စသော တရားတော်နှင့် မစပ်သည့် မေးခွန်းများကိုပင် ကျေနပ်လောက်အောင် ချက်ချင်း ဖြေတော်မူ၏။

အရှင်နာဂသိန်၏ အရာရာတွင် နှံ့စပ်သိမြင် ကျွမ်းကျင်မှုမှာ မိလိန္ဒမင်းကြီးထက် အဆပေါင်းများစွာ သာလွန်သောကြောင့်သာ ခက်ခဲသော မေးခွန်းများကို ယင်းသို့ ဖြေနိုင်ခြင်းဖြစ်၏။ အရှင်နာဂသိန် အရှင်မြတ်ကား တကယ့်ဗဟုသုတ ဟင်းလေးအိုးကြီးပါပေတည်း။

**မန်လည်ဆရာတော်** မန်လည်ဆရာတော်သည် တောင်တွင်းကြီး မ-ကာရဟောပအကျော် ခင်ကြီးဖျော် ဆရာတော်၏ အနွယ်တော် ဖြစ်၏။ လောကုတ္တရာရေးရာ အဖြာဖြာတွင် ကျွမ်းကျင်နိုင်နင်းသလောက် လောကီရေးရာ အဖြာဖြာတွင်လည်း ဟာကွက်မရှိဟု ဆိုရမလောက် နှံ့စပ်ကျွမ်းကျင်သော ဗဟုသုတနှင့် ပြည့်စုံတော်မူ၏။ ယင်းသို့ စွယ်စုံဗဟုသုတနှင့် ပြည့်ဝ ကုံလုံကြောင်း ကို ဆရာတော်ဘုရားကြီး ပြုစုတော်မူသော မဃဒေဝ လင်္ကာသစ် တကျမ်းတည်းကို စေ့ငသေချာစွာ ဖတ်ရှုကြည့်လျှင်ပင် သိနိုင်၏။ မိမိ၏ ဗဟုသုတကို ရဟန်းရှင်လူတို့အား ဖြန့်ဝေကာ အသိအလိမ္မာ တိုးပွား အကျိုးများစေသော ဆရာတော်ဘုရားကြီး၏ ဗဟုသုတကား မင်္ဂလာတရားအစစ် ဖြစ်ပါပေသည်။

## သိပ္ပ

## ၈။ စက်မှုလက်မှု အတတ်တခုခု တတ်ကျွမ်းခြင်း မင်္ဂလာ

စက်မှုလက်မှု အတတ်ဟု ဆိုရာတွင် အပြစ်ကင်းသော အသက်မွေးဝမ်းကျောင်း အတတ်ပညာအားလုံး ပါဝင်၏။ အသက်မွေး ဝမ်းကျောင်း မဟုတ်သော်လည်း လူ့လောကအတွက် အသုံးဝင်သော အတတ်ပညာ အားလုံးလည်း ပါဝင်၏။

ထို့ကြောင့် ကျမ်းဂန်တို့၌ သင်္ကန်းချုပ်ရန် အခန်း စီစဉ်ခြင်း၊ ဖြတ်ခြင်း၊ ချုပ်ခြင်း၊ ဆိုးခြင်း စသည်ကို ရဟန်းတော်တို့၏ **သိပ္ပ**=အတတ်ပညာဟု ဖော်ပြထား၏။ (ခုဒ္ဒက-ဋ္ဌ၊ ၁၁၃)

မည်သည့် အတတ်ပညာကိုမဆို အပြည့်အစုံ တတ်မြောက်အောင် သင်ယူရာ၏။ အတတ်ပညာပေါင်း များစွာကို အနည်းငယ်စီမျှ မပြည့်မစုံ တတ်မြောက်သူထက် တခုတည်းသော အတတ်ပညာကို အပြည့်အစုံ တတ်မြောက်သူက လူ့လောကကို အကျိုး ပိုပြုနိုင်၍ အသက်မွေးဝမ်းကျောင်းမှုလည်း စိတ်ချရ၏။

"နှုတ်မှုပညာကိုလည်းကောင်း၊ လက်မှုပညာကိုလည်းကောင်း သေးငယ်သည်ဟု မထင်မှတ်ရာ။ တခုသော အတတ်ကိုသော်လည်း ကုန်စင်အောင် တတ်မှု အသက်မွေးဝမ်းကျောင်း ဖြစ်သည်သာတည်း" ဟူသော နီတိစကားမှာ အလွန် မှတ်သားထိုက်၏။

**ကျောက်စရစ်ပစ်အတတ်** ဗာရာဏသီမြို့၏အနီးရှိ ညောင်ပင်ကြီးတပင်၏အောက်၌ ကျောက်စရစ်ပစ်ကျွမ်းကျင်သော သူဆွံ့တယောက်သည် ကျောက်စရစ်များဖြင့် ညောင်ရွက်များကို ဆင်ရုပ်၊ မြင်းရုပ် စသော အရုပ်များဖြစ်အောင် ပေါက်ပြနေ၏။ သူ၏ ပွဲကြည့် ပရိသတ်မှာ ကလေးများဖြစ်၏။ ထိုအခိုက် ဗာရာဏသီမင်းကြီး တိုင်းခန်းလှည့်လည်ရာမှ ထိုနေရာသို့ ရောက်လာရာ သူဆွံ့၏ အတတ်ပညာကို မြင်ရ၍ ချီးမွမ်းအံ့သြကာ သူဆွံ့ကို နန်းတော်သို့ ခေါ်သွား၏။

နောက်တနေ့ ညီလာခံ ကျင်းပမည့် ခန်းမ၌ ကန့်လန့်ကာ တခုကို ကာ၍ သူဆွံ့ကို ကန့်လန့်ကာအတွင်း၌ နေစေ၏။ ကန့်လန့်ကာကို အပေါက်ငယ်တခု ဖေါက်ပေးထား၏။ သူဆွံ့အား ဆိတ်ချေး တပြည်သား ပေးထား၏။ ညီလာခံ ကျင်းပသောအခါ

မင်းကြီး၏ ပုရောဟိတ် ပုဏ္ဏားသည် ကန့်လန့်ကာရှိ အပေါက်ငယ်ဘက်သို့ မျက်နှာမူလျက် ထိုင်မိ၏။

ညီလာခံ စလျှင်စချင်း ပုရောဟိတ်သည် သူ့သဘာဝအတိုင်း အဆက်မပြတ်အောင် စကားပြောတော့၏။ အခြား မှူးကြီးမတ်ကြီးများမှာ စကားပြောခွင့် မရ၍ ဆိတ်ဆိတ်နေရ၏။ ပုရောဟိတ် စကားစပြောချိန်မှစ၍ ကန့်လန့်ကာအတွင်းမှ သူဆွံ့သည် ဆိတ်ချေးများကို တလုံးချင်း အပေါက်ငယ်မှနေ၍ ပုရောဟိတ်၏ ပါးစပ်အတွင်းသို့ ပစ်သွင်းရာ တန်းခနဲ တန်းခနဲ ဝင်သွား၏။ စကားပြောကောင်းနေသော ပုရောဟိတ်သည် ဝင်လာသော ဆိတ်ချေးများကို အမှတ်မထင် တလုံးပြီးတလုံး မျိုချရင်း စကားကိုသာ တွင်တွင်ကြီး ပြောနေ၏။

ဆိတ်ချေးတပြည်သား ကုန်သောအခါ သူဆွံ့ အပြစ်ရပ်သွား၏။ ပုရောဟိတ်ကား စကားပြော မရပ်ပေ။ ထိုအခါ ဘုရင်ကြီးက "ဆရာပုရောဟိတ်ကြီး စကားပြော ကောင်းနေလိုက်တာ ဆိတ်ချေးတပြည်သား ဝမ်းဗိုက်ထဲ ရောက်သွားတာတောင် မသိဘဲကိုး၊ အစာကြေမှာ မဟုတ်တော့ဘူး။ အခု အန်ဆေးစားပြီး အန်ပစ်လိုက်မှ ဖြစ်မယ်"ဟု သတိပေးလိုက်၏။

ထိုအချိန်မှစ၍ ပုရောဟိတ် ပါးစပ်ပိတ်သွားတော့၏။ ဘုရင်နှင့်တကွ ညီလာခံ ပရိသတ်များ နားချမ်းသာသွားတော့၏။ ထို့ကြောင့် ဘုရင်သည် "ငါ့ကို နားချမ်းသာအောင် လုပ်ပေးနိုင်သည့် ပုဂ္ဂိုလ်ပေပဲ" ဟု ဝမ်းမြောက်လှသဖြင့် သူဆွံ့ကို အခွန်ငွေ တသိန်းစီရသော ရွာကြီးလေးရွာကို ပေး၍ ရွာစား ခန့်လိုက်၏။

အတတ်တခုကို အပြည့်အစုံ တတ်မြောက်လျှင် အသက်မွေးဝမ်းကျောင်းမှု ဖြစ်တော့သည်။

(ဧကနိပါတ်၊ ဇာတ် ၁၀၇၊ သာလိတ္တကဇာတ်)

## ဝိနယော စ သုသိက္ခိတော

## ၉။ လူမှုရေး ကျင့်ဝတ်များ သင်ကြားခြင်း မင်္ဂလာ

သိင်္ဂါလောဝါဒသုတ်၌ လာသော မိဝတ် ဖဝတ်စသော ဝတ်တရားများ၊ ရှောင်ရန် ဆောင်ရန် အဆုံးအမများ၊ ရှင်မဟာသီလဝံသ ဆုံးမစာ စသော ဩဝါဒများသည် သင်ကြားထားရမည့် လူမှုရေး ကျင့်ဝတ်များဖြစ်သည်။

ဂေါတမ မြတ်စွာဘုရား၏ အလောင်းတော်သည် ရေးဘဝတခု၌ ဇနီးသေဆုံးခြင်းကြောင့် သံဝေဂ ဖြစ်ပြီးလျှင် သားငယ်ကို ခေါ်ကာ လူသူမနီးသော တောကြီးထဲ၌ သားအဖနှစ်ယောက်လုံး ရသေ့ပြု၍ သစ်သီး သစ်ဥ သစ်ဖုတို့ဖြင့် မျှတလျက် နေ၏။

ရသေ့ငယ် အရွယ်ရောက်လာသောအခါ တနေ့တွင် တောပုန်းဓားပြတို့လက်မှ ထွက်ပြေးလာသော မိန်းမတယောက်သည် ထိုရသေ့ကျောင်းသင်္ခမ်းသို့ ရောက်လာကာ ရသေ့ကြီး မရှိခိုက်၌ ရသေ့ငယ်ကို သီလဖျက်ဆီးပြီးလျှင် မြို့ပြ ကျေးရွာများ၌ လာရောက်၍ အတူနေရန် ဖြားယောင်း၏။

ရသေ့ကြီး သစ်သီးရှာရာမှ ပြန်လာသောအခါ ရသေ့ငယ်က တောမှာ မပျော်မွေ့၍ လူတို့နေရာဌာနသို့ သွားရောက်နေလိုကြောင်း ခွင့်တောင်း၏။ ဖခင်က သားငယ် သွားလိုက သွားနိုင်ကြောင်း၊ သို့သော် မြို့ပြ ကျေးရွာများမှာ နေသူတို့၏ နေနည်းထိုင်နည်း ကျင့်ဝတ်တို့ကို သိထားဖို့ လိုကြောင်း ပြောပြကာ အောက်ပါအတိုင်း သင်ကြားဆုံးမ၏။

"သားငယ် လူတို့နေရာ မြို့ပြကျေးရွာ၌ နေသောအခါ အဆိပ်ကိုလည်း မသောက်မိစေနှင့်၊ ကမ်းပါးပြတ်ကိုလည်း ရှောင်ပါ၊ ညွံ့ထဲမှာ မနစ်ပါစေနှင့်၊ အဆိပ်ပြင်းတဲ့ မြွေ၏ အနီးမှာလည်း မသွားမလာပါနှင့်။"

"ဖခင်ဆုံးမသော စကားများကို အကျွန်ုပ် ရှင်းလင်းစွာ နားမလည်သေးပါ ဖခင်။"

"ကောင်းပြီသားငယ်၊ ရှင်းပြပါမည်။ အဆိပ်ဆိုသည်မှာ အရက်သေစာကို ခေါ်ပါသည်။ အရသာရှိလှတဲ့ အရက်သေစာ ဟာ သောက်သူကို အဆိပ်ထက်ပို၍ ဖျက်ဆီးတတ်ပါသည်။ ဒါကြောင့် လုံးဝ ရှောင်ကြဉ်ပါလေ။"

"ကမ်းပါးပြတ်ဆိုသည်မှာ မိန်းမကို ဆိုလိုပါသည်။ မိန်းမ များဟာ လုလင်ပျိုရဲ့ စိတ်ကို အလွယ်တကူ ညှို့ယူ ဖမ်းစားကာ များစွာသော ဆင်းရဲဒုက္ခကို ပေးတတ်ပါသည်။ ထို့ကြောင့် ကျလိုက်လျှင် သေတတ်သည့် ကမ်းပါးပြတ်ကို ရှောင်သကဲ့သို့ မိန်းမများကို ရှောင်ပါ။"

“လာဘ်လာဘနှင့် ကျော်စောကီတ္တိတို့သည် ညွှံနှင့်တူပါသည်။ ညွှံမှာနစ်သူဟာ ညွှံထဲမှထွက်ဖို့ ခဲယဉ်းသကဲ့သို့ လာဘ်လာဘ အခြွေအရံ အကျော်အစောကို သာယာမိလျှင် ရုန်းထွက်ဖို့ရာ ခဲယဉ်းပါသည် သားငယ်။”

“မင်းစိုးရာဇာများသည် အဆိပ်ပြင်းထန်တဲ့ မြွေနှင့် တူပါသည်။ ဝေးဝေးက ရှောင်ပါလေ သားငယ်။”

(တေရသနိပါတ်၊ ဇာတ် ၄၇၇၊ စူဠနာရဒဇာတ်)

ဤအရာ၌ သတ္တနိပါတ် ဂန္ဓာရဇာတ်၌ လာသည့် ဂန္ဓာရ ရသေ့က ဝိဒေဟရသေ့ကို ဆုံးမသော အောက်ပါစကားများကို မှတ်သားထိုက်၏။

**နော စေ အဿ သကာ ဗုဒ္ဓိ၊ ဝိနယော ဝါ သုသိက္ခိတော။**
**ဝနေ အန္ဓမဟိံသောဝ၊ စရေယျ ဗဟုကော နရော။**

“ကိုယ်ပိုင်ဉာဏ်လည်းမရှိ၊ ဆရာ့ထံမှ ကောင်းစွာ သင်ယူထားအပ်သော နေနည်း ထိုင်နည်း ဝိနည်းကျင့်ဝတ်လည်း မရှိသော လူများစုသည် တောထဲ၌ ကျွဲကန်း လှည့်လည်သွားလာသကဲ့သို့ လှည့်လည် သွားလာနေထိုင်ရာ၏။”

**ယသ္မာ စ ပနိဓေကစ္စေ၊ အာစရမှိ သုသိက္ခိတာ။**
**တသ္မာ ဝိနီတဝိနယာ၊ စရန္တိ သုသမာဟိတာ။**

“ထို့ကြောင့် ဤလောက၌ တချို့လူတို့သည် ဆရာကောင်း အထံ၌ နည်းခံ သင်ယူကြကုန်ပြီ၊ ထိုသို့ သင်ယူထားကြခြင်း

ကြောင့် နေနည်း ထိုင်နည်း ဝိနည်းကျင့်ဝတ်၌ လိမ္မာယဉ်ကျေးကြကုန်သော ထိုသူတို့သည် တည်ကြည်သောစိတ် ရှိကြကုန်လျက် နေထိုင်ကြရကုန်၏။”

**ဆောင်** ကိုယ်ပိုင်ဉာဏ်မဲ့၊ သင်ယူမဲ့၍၊ ကင့်မဲ့ပညာ၊ ဉာဏ်တုံးပါမူ၊ မဟာမြိုင်လယ်၊ ကျွဲကန်းနှယ်၊ ခက်ဖွယ်ကြုံရသည်။

ဆရာကောင်းထံ၊ နည်းနာခံ၍၊ သင်အံကြံကျင့်၊ ပညာပွင့်သော်၊ ကိုယ်ကျင့်စုံညီ၊ စိတ်တည်ကြည်၊ ရွှင်ကြည်ချမ်းမြေ့ ပါသတည်း။

ထို့ကြောင့် လူမှုရေး ကျင့်ဝတ်များကို သင်ယူလေ့လာကာ လိုက်နာ ကျင့်သုံးခြင်းသည် ကြီးပွားချမ်းသာကြောင်း မင်္ဂလာ ဖြစ်ပါသည်။

## သုဘာသိတာ စ ယာ ဝါစာ

## ၁၀။ အကျိုးရှိသော စကားကို ပြောဆိုခြင်း မင်္ဂလာ

**သုဘာသိတဝါစာ**=ကောင်းသော စကားပြော ဆိုခြင်းသည် မင်္ဂလာတပါး ဖြစ်သည်။ ကောင်းသောစကား ဆိုသည်မှာ အတိုဆုံးပြောရလျှင် အပြစ်ကင်း၍ အကျိုးရှိသောစကားပင် ဖြစ်သည်။

**စကားကောင်းအင်္ဂါ လေးပါး** **သဂါထာဝဂ္ဂ၊ ဝင်္ဂီသ သံယုတ်၊ သုဘာသိတသုတ်**၌ စကားကောင်း အရာ အင်္ဂါလေးပါးကို ရှင်တော်မြတ်ဘုရား မိန့်ကြားတော်မူခဲ့သည်မှာ–

၁။ မိမိသူတပါး နှစ်ဦးသား၏ အကျိုးကိုဆောင်သော စကား၊

၂။ တရား စကား၊

၃။ ချစ်နှစ်သက်ဖွယ်သော စကား၊

၄။ မှန်သော စကား၊

**စကားကောင်းအင်္ဂါ ၅ပါး** **အင်္ဂုတ္တိုရ်၊ ပဉ္စက၊ ဗြာဟ္မဏဝဂ်၊ ဝါစာသုတ်**၌မူ စကားကောင်းအရာ အင်္ဂါငါးပါးကို မြတ်စွာဘုရား မိန့်ကြားတော်မူသည်။ ယင်းတို့မှာ –

၁။ ပြောသင့်သောအချိန်၌ ပြောဆိုသော စကား၊

၂။ မှန်သော စကား၊

၃။ နူးညံ့ သိမ်မွေ့သော စကား၊

၄။ အကျိုးစီးပွားနှင့်စပ်သော စကား၊

၅။ မေတ္တာစိတ်ဖြင့်ပြောသော စကား၊

**ဂီတတွင် ပါဝင်သောစကား** အထက်ဖော်ပြပါ သုဘာသိတသုတ် အဖွင့်၌ လူရှင်တို့၏ ဘာသာစကား၊ အစေခံ အမှုလုပ်တို့ ပြောဆိုသော စကား၊ တေးဂီတတွင် ပါဝင်သော စကားပင် ဖြစ်စေကာမူ အဆိုပါအင်္ဂါလေးပါးနှင့်ပြည့်စုံလျှင် **သုဘာသိတဝါစာ** စကားကောင်းပင်ဖြစ်၍ အကျိုးစီးပွားကို ဆောင်နိုင်ကြောင်း ဖွင့်ပြပြီးလျှင် အောက်ပါ ဖြစ်ရပ်များကို ထုတ်ပြထား၏။

**ရဟန်းတော် ခြောက်ကျိပ်** သီဟိုဠ်ကျွန်း (သီရိလင်္ကာ)၌ ဝိပဿနာတရားအားထုတ်နေကြသော ရဟန်းတော် ခြောက်ကျိပ်သည် ရှုမှတ်မှု မလွတ်စေဘဲ ခရီးသွားကြရာ လမ်းဘေးရှိ လယ်ကွင်းထဲ၌ လယ်စောင့်ရင်း သီချင်းဆိုနေသော လယ်သူမကလေး၏

‘ အရက်ချိန်မှာ ပွင့်သည့်ကြာ၊
နေရောင်ပြင်းတော့ ကြွေကျရာ။
လူ့ဘုံဘဝ ရောက်လို့လာ၊
အိုနာသေဘေး နှိပ်စက်ရာ။ ’

ဟူသော လယ်စောင့်တေးသံကို ကြားရသဖြင့် ဓမ္မသံဝေဂ တိုးတက် ဖြစ်ပေါ်လာပြီးလျှင် ကြိုးစား ရှုမှတ်ကြသောကြောင့် ခရီးသွားရင်းပင် အရဟတ္တဖိုလ်သို့ ရောက်ကြ၏။

**သားခုနစ်ယောက်နှင့် ဖခင်ဒါယကာ** သာသနာပတချိန်တွင် ဒါကာတယောက်သည် သားခုနစ်ယောက်နှင့်အတူ ခရီးသွားရာ မောင်းထောင်းနေသော အမျိုးသမီးတယောက်၏ မောင်းထောင်း တေးသံကို ကြားရ၍ တရားသဘောတွေးတောဆင်ခြင်မိရာမှ အသိအမြင်မှန်ရကာ သားခုနစ်ယောက်နှင့်အတူ ပစ္စေကဗုဒ္ဓါ ဖြစ်သွား၏။ ထိုအမျိုးသမီး၏ မောင်းထောင်း တေးသံမှာ –

ဇရာထောင်းလို့၊ ရင့်ညှောင်းရုပ်ရေ၊
မရှင်ညှိုးနွမ်း၊ မလန်းတော့ပေ၊
ပိုးလောက်ခိုအောင်း၊ ညှီဟောင်းပုပ်နေ၊
တနေ့ကျ၊ မုချသေရပေ။

**ကြမ်းတမ်းသောစကား နွားတောင်မှမကြိုက်** မြတ်စွာဘုရားသည် သိမ်မွေ့နူးညံ့သောစကား၊ ပိယဝါစာ သာယာချိုမြသောစကားကိုသာ သတ္တဝါများ နှစ်သက်ကြောင်း၊ ကြမ်းတမ်းသောစကားကို နွားတောင်မှ မနှစ်သက်ကြောင်း ရေးကဖြစ်ရပ်တခုကို သက်သေထား၍ မိန့်ကြားတော်မူ၏။ ဂန္ဓာရတိုင်း တက္ကသိုလ်မြို့၌ ဗြာဟ္မဏတဦးတွင် ငယ်စဉ်က စ၍ စားကောင်းသောက်ဖွယ်တွေ ကျွေးလျက် လက်သပ်မွေးထားသဖြင့် သူမတူအောင် ခွန်အားကောင်းသည့် နွားကြီးတကောင်ရှိ၏။ နန္ဒိဝိသာလဟု နာမည်ပေးထား၏။

တနေ့တွင် ဗြာဟ္မဏကြီးသည် နွားသူဌေးတဦးနှင့် နွားကောင်းပြိုင်ရာမှ ရေ့နောက်စဉ်၍ ကြိုးဖြင့် ဆက်စပ်ချည်နှောင်ထားသော လှည်းငါးရာကို သူ၏ နွားကြီး တကောင်တည်းဖြင့် ဆွဲနိုင်ကြောင်း ကြွားလိုက်၏။ သူဌေးက မခံချင်စိတ်ဖြင့် ဗြာဟ္မဏကြီး၏ နွားက ဆွဲနိုင်လျှင် သူက အသပြာတထောင် ပေးမည် ဖြစ်ကြောင်း၊ မဆွဲနိုင်လျှင် ဗြာဟ္မဏကြီးက တထောင် ပေးရမည် ဖြစ်ကြောင်းဖြင့် အလောင်းအစားပြုလုပ်ကြ၏။

နောက်တနေ့တွင် သဲများ ကျောက်များ အပြည့်တင်ထားပြီး အချင်းချင်း ချည်နှောင်ထားသည့် လှည်းငါးရာ၏ ရှေ့ဆုံးလှည်း၌ ပန်း၊ ပန်းပွား၊ ခြူ စသည်တို့ဖြင့် လှလှပပ ဆင်ထားသော နွားကြီး နန္ဒိဝိသာလကို တပ်လိုက်၏။ ဗြာဟ္မဏကြီးက တံဖျာကိုကိုင်ကာ လှည်းပေါ်၌ အခန့်သားထိုင်ပြီးလျှင် "ဟဲ့ကောက်ကျစ်တဲ့ နွားကြီး၊ သွားဟ၊ ဟဲ့ စဉ်းလဲတဲ့ နွားကြီး၊ ဆွဲဟ"ဟု ဆိုလျက် တံဖျာကို မြှောက်ကာ မြှောက်ကာ မောင်းနှင်သော်လည်း နွားကြီးက လှုပ်ရှုံမျှပင် မလှုပ်သဖြင့် လောင်းကြေးရှုံးကာ နွားသူဌေးအား ငွေတထောင်ပေးလိုက်ရ၏။

ဗြာဟ္မဏကြီးသည် ငွေတထောင် ရှုံးသဖြင့် စိတ်ဓာတ်ကျကာ မှိုင်တွေချရင်း စဉ်းစားနေ၏။ သူ၏စကားကို အလွန်နားထောင်သော နွားကြီးသည် ဤပွဲ၌ ဘာကြောင့် လှုပ်ရှုံမျှပင် မလှုပ်သနည်း၊ အကြိမ်ကြိမ် အဖန်ဖန် အပြန်ပြန် အလှန်လှန် အကြောင်း ရှာကြည့်၏။ သူ့နွားကြီး၏ ပင်ကိုယ်ရင်း သဘောကို စောကြောစိစစ် ကြည့်မိရာမှ

အချက်တချက်ကို ကွက်ခနဲ ဉာဏ်သက်ဝင်မိလိုက်ရာ ဗြာဟ္မဏကြီး ထခုန်မိမတတ် ဝမ်းသာသွား၏။

သို့ဖြင့် နွားသူဌေးကြီးထံ သွားပြန်ပြီးလျှင် သည်တကြိမ်တွင် အသပြာ နှစ်ထောင်ကြေးလောင်းဖို့ နှစ်ဦးသဘောတူလိုက်ကြ၏။

ပထမနေ့ကအတိုင်း အားလုံး ပြင်ဆင်ပြီး၍ အဆင်သင့် ဖြစ်သောအခါ ဗြာဟ္မဏကြီးက တံဖျာကို မြှောက်လျက် "ဟေ့ ဖေ့သားကြီး၊ အင်မတန်တော်သကွ၊ ရုန်းလိုက်ကွ၊ ဟေ့ ဖေ့သားကြီး၊ အလွန်တော်သကွ၊ ဆွဲလိုက်ကွ"ဟု အားပေးရင်း မောင်းနှင်ရာ နွားကြီးသည် လှည်းငါးရာကို တဟုန်ထိုး ဆွဲသွားပြီးလျှင် ရှေ့ဆုံးလှည်း ရပ်ခဲ့ရာနေရာသို့ နောက်ဆုံးလှည်း ရောက်သောအခါ ရပ်လိုက်၏။ ဗြာဟ္မဏကြီး ငွေနှစ်ထောင်ရ၍ ရွှင်ပျမြူးထူးနေတော့၏။

သိမ်မွေ့နူးညံ့၍ သာယာချိုမြသော စကားကောင်းကို ပြောဆိုခြင်းကြောင့် ရအပ်သော အကျိုးကျေးဇူးပေတည်း။

ဟုတ်မှန်ကျိုးရှိ အနှစ်ပြည့်၍ ပိယဝါစာ သာယာချိုမြသော **သုဘာသိတဝါစာ**ကား ကြီးပွါးချမ်းသာကြောင်း မင်္ဂလာ အစစ်အမှန် ပါပေတည်း။

(ကေနိပါတ်၊ နန္ဒိဝိသာလဇာတ်၊ ၂၈)

၄။ **မာတာပိတုဥပဋ္ဌာနံ၊ ပုတ္တဒါရဿ သင်္ဂဟော။**
**အနာကုလာ စ ကမ္မန္တာ၊ ဧတံ မင်္ဂလမုတ္တမံ။**

**4. Supporting one's father and mother, cherishing wife and children and a peaceful occupation; this is the highest blessing.**

၄။ **ဒေဝတာ**– သိလိုရေးဖြင့် မေးလျှောက်ထားသည့် အိုနတ်သား။

(က) **မာတာပိတုဥပဋ္ဌာနံ**– ကျေးဇူးကြီးလှ မိနှင့်ဖကို တုပ်ကွရိုကျိုး မေတ္တာမိုးဖြင့် မြတ်နိုးကြင်နာ စိတ်ကြည်သာ၍ ပူဆာမရှိ ဘေးမထိစေ ချမ်းမြေ့စေဟု လက်ခြေဆုပ်နယ် စားသောက်ဖွယ်လည်း ရွေးချယ်သင့်ရာ ရသာမြိန်ရေး စီစဉ်ပေး၍ လုပ်ကျွေးပြုစုခြင်းသည် လည်းကောင်း။

(ခ)(ဂ) **ပုတ္တဒါရဿ သင်္ဂဟော**– သားနှင့်သမီး ဇနီးသက်ထားသူတို့အားလည်း ဆပွားမေတ္တာ လွန်ကြင်နာလျက် ချမ်းသာကြရေး စိတ်ဖြူဖွေးဖြင့် လုပ်ကျွေးစောင့်ရှောက် ချီးမြှောက်ထောက်ပံ့ခြင်းသည် လည်းကောင်း။

(ဃ) **အနာကုလာ စ ကမ္မန္တာ**– ကာလဒေသ ပုဂ္ဂလကို နှိုင်းဆ ထောက်ချင့် သင့်မသင့်ကို ဉာဏ်ဖြင့်ဝေဖန် လုံ့လသန်၍ ပေါ့တန်မရှိ ပျင်းရိမဖက် အနှောင့်အယှက် မရှိသော အလုပ်သည် လည်းကောင်း။

**ဇတံ**– ဤတရားလေးပါးသည်၊ **ဥတ္တမံ**– ချမ်းသာဆောင်တတ် လွန်ထူးမြတ်သည့်၊**မင်္ဂလံ**– ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာ ပါပေတည်း။

## အကျဉ်းချုပ်မှတ်ရန်

၁၁။ မိဘတို့ကို လုပ်ကျွေးပြုစုခြင်း။

၁၂–၁၃။ သားသမီးနှင့် ဇနီးတို့ကို ချီးမြှောက် ထောက်ပံ့ခြင်း။

၁၄။ အနှောင့်အယှက် အရှုပ်အထွေး မရှိသော အလုပ်ကို လုပ်ခြင်း။

ဤလေးပါးသည် ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ပါသည်။

**ဆောင်** မိခင် ဖခင်၊ ကျေးဇူးရှင်၊ အစဉ်လုပ်ကျွေးပါ။
သားနှင့်သမီး၊ ချစ်ဇနီး၊ ချီးမြှောက်ထောက်ပံ့ပါ။
နှောင့်ယှက်ကင်းငြား၊ အလုပ်ကား၊ မှတ်သားမင်္ဂလာ။

# သင်ကြားရေးအထောက်အကူ

## မာတာပိတုဥပဋ္ဌာန်

## ၁၁။ မိဘတို့ကို လုပ်ကျွေးပြုစုခြင်း မင်္ဂလာ

"မိဘတို့ကို မိမိတို့ အိမ်၌ထား၍ လုပ်ကျွေး ပြုစုကြသော ပုဂ္ဂိုလ်တို့သည် ဗြဟ္မာနှင့် အတူနေကြသူတို့ မည်ကုန်၏။ ရှေးဦး နတ်နှင့်အတူ နေကြသူတို့ မည်ကုန်၏။ လက်ဦး ဆရာနှင့်အတူ နေကြသူတို့ မည်ကုန်၏။ အဝေးမှဆောင်ယူခဲ့သည့် ပစ္စည်းကို ခံယူထိုက်သော သူတို့နှင့်အတူ နေကြသူတို့ မည်ကုန်၏။

(ဣတိဝုတ်၊ စတုက္ကနိပါတ်၊ သဗြဟ္မက သုတ်)

ဗြဟ္မာတို့သည် **မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ** ဟူသော ဗြဟ္မဝိဟာရတရား လေးပါးတို့ကို မစွန့်ကြသကဲ့သို့ မိဘတို့သည် သားသမီးတို့အပေါ်၌ ကောင်းစား ချမ်းသာစေလိုသော စိတ်ထားဖြင့် **မေတ္တာ** ပွားကြ၏။ မှက် ခြင် ယင် လေ နေ မိုး ထိပါးလျှင်ပင် သနားကြင်နာ **ကရုဏာ**ပွားကြ၏။ သားငယ် သမီးငယ်များ ထိုင်နိုင် ထနိုင် သွားနိုင် လာနိုင် ကစားမြူးတူးနိုင်သော အရွယ်မှစ၍ ချမ်းသာပျော်ရွှင်နေကြလျှင် သားသမီးတို့ကို ကြည့်၍ မိဘများမှာ ရွှေရင်သိမ့်သိမ့် ပီတိစိမ့်ကာ **မုဒိတာ** ပွားကြရ၏။ သား သမီးတို့သည် အိုးနှင့် အိမ်နှင့် တင့်တောင့်တင့်တယ် နေနိုင်ကြသောအခါ **ဥပေက္ခာ** ပွားကြရ၏။ ထို့ကြောင့် မိဘတို့ကို ဗြဟ္မာဟု ခေါ်ဆိုကြရ၏။

(ဣတိဝုတ်-ဌ၊ ၃၁၈)

မိဘတို့ကို လုပ်ကျွေး ပြုစုခြင်းသည် မင်္ဂလာပါပေတည်း။

**မိဘကိုလုပ်ကျွေး ပြုစုခဲ့ကြသူများ** ဘုရားလောင်း သုဝဏ္ဏသာမသည် တောကြီးထဲ၌ မျက်မမြင် မိဘ နှစ်ပါးကို အမြဲတစေ ကိုယ်ချမ်းသာ စိတ်ချမ်းသာရှိစေရန် လုပ်ကျွေးပြုစုခဲ့၏။ ကဿပမြတ်စွာဘုရား လက်ထက်တော်၌ ဃဋိကာရ အိုးထိန်းသည်သည် အနာဂါမိ မဂ်ဉာဏ်ဖိုလ်ဉာဏ် ရပြီးနောက် ကဿပဘုရားရှင် အထံတော်၌ ရဟန်းပြုလိုသော်လည်း ရဟန်းမပြုဘဲ မျက်မမြင် မိဘနှစ်ပါးကို အိုးလုပ်၍ အသက်မွေးဝမ်းကျောင်းကာ ချမ်းသာအောင် လုပ်ကျွေးပြုစုခဲ့၏။ ထူးမြတ်သော မင်္ဂလာပါပေတည်း။

**မိဘကို ဆွမ်းခံကျွေးသော ရဟန်း** သာဝတ္ထိပြည်၌ ဆယ့်ရှစ်ကုဋေကြွယ်ဝသော သူဌေးဇနီးမောင်နှံ၌ တဦးတည်းသော သားတယောက်ရှိ၏။ ထိုသားသည် မြတ်စွာဘုရား၏ တရားတော်ကို နာရ၍ သာသနာတော်၌ ထက်သန်သော သဒ္ဓါတရား ဖြစ်ပေါ်ပြီးလျှင် ရဟန်းပြုခွင့်ပေးရန် မိဘများထံ ခွင့်ပန်သဖြင့် ခွင့်မပြုလိုဘဲ သားစိတ်ချမ်းသာရေးအတွက် မိဘများက ခွင့်ပြုလိုက်ရ၏။

ရဟန်းသစ်သည် တိုင်းစွန်ပြည်ဖျားရှိ ရွာငယ်တရွာ၏ အနီး တောရကျောင်း၌ သီတင်းသုံးလျက် ဝိပဿနာတရားကို ကြိုးစားအားထုတ်၏။ ရဟန်းတော်သည် ဆယ့်နှစ်နှစ် တိုင်တိုင် ကြိုးစားအားထုတ်သော်လည်း တရားထူး မရနိုင် ဖြစ်နေ၏။

ထို ဆယ့်နှစ်နှစ်အတွင်း၌ ရဟန်းတော်၏ ခမည်းတော် မယ်တော်များမှာ အကြောင်းအမျိုးမျိုးကြောင့် စည်းစိမ်ဥစ္စာ ပျက်စီးခဲ့ရာ ခွက်လက်စွဲကာ တောင်းစားရသည့် အခြေအနေသို့ ရောက်ခဲ့၏။

သာဝတ္ထိမှ ရဟန်းတော်တပါး အဆိုပါ တောကျောင်းသို့ ရောက်လာသဖြင့် မိဘများ၏ ဒုက္ခကို သားရဟန်း ကြားသိရသောအခါ တရားမရနိုင်သောကြောင့် တကြောင်း၊ မိဘတို့ကို လုပ်ကျွေးပြုစု လိုသောကြောင့် တကြောင်း လူဝတ်လဲရန် သာဝတ္ထိသို့ ပြန်ကြွ လာ၏။ လူဝတ်မလဲမီ မြတ်စွာဘုရားကို ဖူးမြော်လိုသဖြင့် မြတ်စွာဘုရား ထံမှောက်သို့ ရောက်ခဲ့၏။ မြတ်စွာဘုရားက မာတုပေါသကသုတ် တရားတော်ကို ဟောကြားကာ မိဘတို့၏ ဂုဏ်ကျေးဇူးကို ဖေါ်ကျူးပြီးလျှင် ရဟန်းဘဝဖြင့်လည်း မိဘတို့ကို လုပ်ကျွေးပြုစုနိုင်ကြောင်း မိန့်ကြားတော်မူရာ ထိုရဟန်း လူဝတ် မလဲဖြစ်တော့ပေ။

ရဟန်းတော်သည် ဇေတဝန်ကျောင်းမှ ထွက်ခွာခဲ့ပြီးလျှင် သာဝတ္ထိမြို့ထဲသို့ ဆွမ်းခံကြွရာ ယာဂုတသပိတ် ရခဲ့သဖြင့် မိဘများကို ရှာဖွေ၍ တွေ့သောအခါ ယာဂုဖြင့် ပြုစုလုပ်ကျွေး၏။ ထို့နောက် ဆွမ်းခံကြွပြန်ရာ ဆွမ်းရပြန်သဖြင့် ထိုဆွမ်းကိုလည်း မိဘတို့အား ကျွေးမွေးလိုက်၏။

ထိုအချိန်မှစ၍ မိဘတို့ကို ဆွမ်းခံလျက် ကျွေးမွေး ပြုစုနေခဲ့၏။

ဤအကြောင်းကို အချို့သောရဟန်းများ သိသောအခါ ဒကာ ဒကာမများ သဒ္ဓါတရားဖြင့် လှူဒါန်းသော ဆွမ်းကို လူတို့အား မပေး မကျွေးသင့်ဟု ယူဆသဖြင့် မြတ်စွာဘုရားအား လျှောက်ကြ၏။

မြတ်စွာဘုရားက ထိုရဟန်းကို ခေါ်၍မေးရာ အခြားရဟန်းများ လျှောက်ထားသည့်အတိုင်း ဟုတ်မှန်ကြောင်း ဝန်ခံ လျှောက်ထား၏။ မြတ်စွာဘုရားက "သာဓု သာဓု ချစ်သားရဟန်း"ဟု သာဓု ခေါ်တော်မူပြီးလျှင် သုဝဏ္ဏသာမဇာတ်တော်ကို ဟောတော်မူ၏။ မြတ်စွာဘုရားပင် သာဓုခေါ်ရသည့် မင်္ဂလာ ဖြစ်ပေသည်။

**သား သမီး ကျင့်ဝတ် ငါးပါး** ကျွေးမွေးမပျက်၊ ဆောင်ရွက်စိမ်၊ မွေခံထိုက်စေ၊ လျှာမြှုဝေ၍၊ စောင့်လေ မျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ။

### ပုတ္တဒါရဿ သင်္ဂဟော

## ၁၂၊ ၁၃။ သားသမီးနှင့် ဇနီးတို့ကို ချီးမြှောက် ထောက်ပံ့ခြင်း မင်္ဂလာ။

**မင်္ဂလာနှစ်ပါး** သားသမီးကို ချီးမြှောက် ထောက်ပံ့ပုံနှင့် ဇနီးကို ချီးမြှောက် ထောက်ပံ့ပုံသည် မတူ ကွဲပြားခြားနား၏။ ထို့ကြောင့် မင်္ဂလာအဖြစ် ရေတွက်သည့်အခါ သားသမီးကို ချီးမြှောက်ခြင်းက မင်္ဂလာတပါး၊ ဇနီးကို ချီးမြှောက်ခြင်းက မင်္ဂလာတပါးဟု ခွဲခြားရေတွက်ပါ။

**ချီးမြှောက်ခြင်း အမျိုးမျိုး**

သားသမီးကို ချီးမြှောက်ရာတွင် လောကီ စီးပွား ဥစ္စာဖြင့် ချီးမြှောက်ခြင်း၊ ပညာဖြင့် ချီးမြှောက်ခြင်း၊ လောကုတ္တရာရေးဆိုင်ရာ တရားဓမ္မဖြင့် ချီးမြှောက်ခြင်းဟု သုံးမျိုးရှိ၏။

လောကီ စီးပွားဥစ္စာတို့ဖြင့် ချီးမြှောက်ခြင်းသည် အနိမ့်စား ချီးမြှောက်ခြင်း ဖြစ်၏။ အကြောင်းမှာ လောကီ စီးပွား ဥစ္စာတို့သည် ရန်သူမျိုးငါးပါးကြောင့် ပျက်စီးဆုံးရှုံးနိုင်၍ စိတ်မချရသောကြောင့် ဖြစ်၏။

လောကီရေး လူမှုရေးဆိုင်ရာ ပညာ၊ အသက်မွေးဝမ်းကျောင်း ပညာတို့ကို သင်ကြားပေးခြင်းအားဖြင့် ချီးမြှောက်ခြင်းသည် အလတ်စား ချီးမြှောက်ခြင်းဖြစ်၏။ အကြောင်းသော်ကား အတတ်ပညာသည် ရန်သူမျိုးငါးပါးကြောင့် မပျောက်ပျက်နိုင်ဘဲ အတတ်ပညာရှင် အသက်ရှင်နေသမျှ သူ့အတွက် အသုံးဝင်နေသောကြောင့်ပင်။

လောကုတ္တရာ တရားဓမ္မဖြင့် ချီးမြှောက်ခြင်းကား အမြင့်စား ချီးမြှောက်ခြင်းတည်း။ အကြောင်းသော်ကား လောကုတ္တရာရေးရာ၌ လိမ္မာရေးခြားရှိခြင်း တရားသိခြင်းသည် တဘဝ တသက်တာ အတွက်သာ မဟုတ်ဘဲ တသံသရာလုံးအတွက် အသုံးဝင် အကျိုးရသွားမည် ဖြစ်သောကြောင့်တည်း။

**အနိမ့်စား ချီးမြှောက်ခြင်း**

မဟာဓနသူဌေး၏ သားကို ချီးမြှောက်ခြင်းမျိုးမှာ အနိမ့်စား ချီးမြှောက်ခြင်းမျိုးဖြစ်၍ အားမကိုးလောက်ပေ။ မဟာဓနသူဌေးသည်

သူ့မှာ နှစ်ဘဝသုံးဘဝ စားမကုန် သုံးမကုန်လောက်အောင် ပစ္စည်းဥစ္စာတွေ ကြွယ်ဝနေပြီဖြစ်၍ သူ့သားသည် အသက်မွေးဝမ်းကျောင်းပညာမှ စ၍ မည်သည့်ပညာကိုမျှ သင်ယူစရာ မလိုတော့။ တသက်လုံးထိုင်စားရုံမျှသာ ရှိသည်ဟု ယူဆကာ သားကို ဘာပညာမျှ သင်မပေးဘဲ အလိုလိုက်ကာ အပျော်အပါးဖြင့်သာ အချိန်ကုန်စေ၏။

မိဘများ ကွယ်လွန်ကုန်ကြသောအခါ ပညာမဲ့သားကို အစေခံ အလုပ်သမား ကျေးကျွန်များကအစ စီးပွားချင်း ဆက်စပ်နေသူအဆုံး၊ ဆက်ဆံသူအားလုံးက လိမ်ညာယူကြသဖြင့် နေစရာအိမ်မျှ မကျန်ရအောင် ဆင်းရဲမွဲတေသွားကာ တောင်းစားရသည့် ဘဝအထိ ရောက်သွား၏။

(ဓမ္မပဒ–ဋ္ဌ၊ ၃၊ ဇရာဝဂ်၊ မဟာဓနသေဋ္ဌိပုတ္တ ဝတ္ထု)

**အမြင့်စား ချီးမြှောက်ခြင်း** အနာထပိဏ်သူဌေးကြီး၏ သားကို ချီးမြှောက်ပုံမှာ အမြင့်စား ချီးမြှောက်ခြင်းမျိုးဖြစ်၍ အတုယူစရာ ကောင်းလှ၏။ အနာထပိဏ်သူဌေးကြီး၏သား ကာဠသည် ဘုရားမယုံ တရားမယုံ သံဃာမယုံသော လူပေလူတေတယောက် ဖြစ်၏။ သူဌေးကြီးက ကာဠကို မြတ်စွာဘုရား၏ ကျောင်းတော်သို့ သွား၍ ဥပုသ်စောင့်လျှင် ငွေတထောင်ပေးမည်ဟု ဆိုကာ ဥပုသ်အစောင့်ခိုင်း၏။ ငွေလိုချင်သော ကာဠသည် ကျောင်းသို့သွား၍ ဥပုသ်စောင့်ကာ ညအိပ်၏။ တရားတော့ မနာပေ။ နောက်တနေ့ နံနက် ကျောင်းမှ ပြန်လာသောအခါ သူဌေးကြီးက ဥပုသ်စောင့်ဖော်ရသော ကာဠကို ငွေတထောင်

ဆုချ၏။ နောက်တနေ့တွင် ကျောင်းသွား တရားနာ၍ တရား တပုဒ်မျှ မှတ်မိလျှင် ငွေတထောင်ပေးမည်ဟုဆိုကာ ခိုင်းပြန်၏။ ကာဠ ကျောင်းသွား ဥပုသ်စောင့် တရားနာ၏။ တရား တစုံတရာ မှတ်မိလျှင် မြန်မြန်ထပြေးဖို့ စိတ်ကူးဖြင့် အာရုံစိုက်နာ၏။ သို့သော် တပုဒ်မျှ မမှတ်မိသဖြင့် တိုး၍တိုး၍ နာရာမှ တရားသဘော ဉာဏ်သက်ဝင်လာကာ သောတာပတ္တိ မဂ်ဉာဏ်ဖိုလ်ဉာဏ်အထိ တရားသိသွား၏။

နောက်တနေ့နံနက် အိမ်ပြန်ရောက်သောအခါ သောတာပန် မောင်ကာဠသည် ဖခင်က သံဃာများအကြားတွင် ငွေတထောင် ပေးလိုက်မည်ကို စိုးရိမ်နေ၏။ ရှက်နေ၏။ တရားအသိကြောင့် အရှက်ရှိလာခြင်း ဖြစ်၏။

(ဓမ္မပဒ–ဠ၊ ၃၊ အနာထပိဏ်သူဌေးသားဝတ္ထု)

**ဇနီးကို ချီးမြှောက်ခြင်း** ရာဇဂြိုဟ်ပြည်၌ ဝိသာခါသူဌေးကြီးသည် ဗိမ္ဗိသာရမင်းကြီးနှင့်အတူ ဝေဠုဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရား၏ တရားတော်ကို နာကြားရာ အနာဂါမိ မဂ်ဉာဏ်ဖိုလ်ဉာဏ်အထိ တရားသိခဲ့၏။ အနာဂါမိမဂ်ဉာဏ်က ကာမဂုဏ်အာရုံတို့ကို သာယာတပ်မက်သော လောဘနှင့် ဒေါသမှန်သမျှကို အကြွင်းအကျန် မရှိအောင် အမြစ်ပြတ် ပယ်သတ်လိုက်သဖြင့် သူဌေးကြီးသည် ဇနီးသည်ကိုရော စည်းစိမ်ဥစ္စာများကိုပါ ဘာကိုမျှ သာယာနှစ်သက်စိတ် မရှိတော့ပေ။

ဤအကြောင်းကို ဓနီးသည် ခမ္မဒိန္နာ သိသောအခါ သူလည်း သူဌေးကြီးသိသော တရားကို သိလိုပါသည်ဟု ပြောကြားသဖြင့် သူဌေးကြီးသည် အလွန် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ခမ္မဒိန္နာကို ဘိက္ခုနီမပြုပေးရန် မြတ်စွာဘုရား အထံတော်သို့ အခမ်းအနားဖြင့် သိုက်သိုက်ဝန်းဝန်း ပို့ပေးလိုက်၏။

ဘိက္ခုနီမအဖြစ် ရပြီး၍ ခမ္မဒိန္နာ တရားအားထုတ်သောအခါ အနာဂါမိမဂ်မှသာမက အရဟတ္တဖိုလ်အထိ ရရှိသွားကာ ရဟန္တာမ ဖြစ်သွား၏။ ဓမ္မကထိက ဧတဒဂ်ဘွဲ့ထူးကိုပါ ရသွား၏။ ဝိသာခါ သူဌေးကြီးသည် ဇနီးကို ချီးမြှောက်ခြင်းများအနက် အမြင့်ဆုံး အမြတ်ဆုံး ချီးမြှောက်ခြင်းဖြင့် ချီးမြှောက်လိုက်ခြင်းဖြစ်၏။

ယခုခေတ်၌ မိမိတို့ဇနီးများကို ဒါနပြုနိုင်အောင်၊ သီလ ဆောက်တည်နိုင်အောင်၊ ဥပုသ်စောင့်နိုင်အောင်၊ တရားနာနိုင်အောင်၊ တရားအားထုတ်နိုင်အောင် အားပေးခြင်း စီစဉ်ပေးခြင်းများသည် အမြင့်စား ချီးမြှောက်ခြင်းများပေတည်း။

**မိဘ သားသမီး အသက်ကြီးသူများကို ကျွေးမွေးပြုစုခြင်း**

ရှေးက မဂဓတိုင်း သာလိဒ္ဒိယပုဏ္ဏားရွာ၌ ကောသိယဟူသော ဗြာဟ္မဏတယောက် ရှိ၏။ ထိုဗြာဟ္မဏ၏ သလေးစပါးခင်းမှာ ပယ်တထောင်ကျယ်၏။ သလေးနှံတွေအဆံပြည့်ချိန်တွင် ကျေးသားများ လာ၍ စားကြသဖြင့် အများအပြား ပျက်စီးရ၏။ ကျေးသားများအနက်မှ ကြီးမားသော ကျေးသားတကောင်သည် သလေးနှံများကို စားရုံမျှမက ကိုက်ချီ၍ ယူသွားတတ်၏။

လယ်စောင့်သမားသည် ထိုကျေးကြီးကို ကျော့ကွင်းထောင်၍ ဖမ်းရာ တနေ့သော် မိလေ၏။ ဖမ်းမိသောကျေးသားကြီးကို လယ်ရှင် ကောသိယဗြာဟ္မဏထံ အပ်လိုက်၏။ ကောသိယသည် ကျေးသားကြီး ကို မြင်လျှင်မြင်ချင်း သားသမီးကဲ့သို့ ချစ်ခင်စိတ် ဖြစ်ပေါ်လာသည်။

ကောသိယက ကျေးသားကြီးကို "အသင်ကျေးသား၊ သလေး စပါးနှံများကို စားရုံမျှသာမဟုတ်ဘဲ ဘာကြောင့် ကိုက်ချီ ယူဆောင် သွားပါသလဲ၊ ကျွန်ုပ်သည် သင်၏ရန်ဘက် ဖြစ်လို့ပါလား၊ သို့မဟုတ်က သင်၏အိမ်မှာ ဝမ်းဗိုက်အပို ရှိနေသေးလို့ပါလား၊ ဒါမှမဟုတ် သိုလှောင်ထားစရာ စပါးကျီ ရှိလို့ပါလား"ဟု မေး၏။

ကျေးသားကြီးက "အဆွေဗြာဟ္မဏ၊ အသင်သည် ကျွန်ုပ်၏ ရန်ဘက်လည်း မဟုတ်ပါ၊ ဝမ်းဗိုက်လည်း အပိုမရှိပါ၊ စပါးကျီလည်း မရှိပါ။ ကြွေးဟောင်းဆပ်ခြင်း၊ ကြွေးသစ်ချခြင်း၊ ရွှေအိုးမြှုပ်ခြင်းများ ပြုလို၍ ယူဆောင်သွားခြင်းပါ"ဟု အဖြေပေးရာ ကျေးသား၏ စကားကို နားမရှင်းသော ဗြာဟ္မဏက ထပ်မံမေးသဖြင့် ကျေးသားက ရှင်းပြသည်မှာ –

"အဆွေကောသိယ၊ ကျွန်ုပ်မှာ မိအိုဖအိုများ ရှိပါသည်။ ထို မိအိုဖအိုများကို လုပ်ကျွေးခြင်းသည် ကြွေးဟောင်းဆပ်ခြင်း မည်ပါ သည်။ အတောင်မစုံသေး၍ မပျံနိုင်သေးသော သားငယ် သမီးငယ်များ ရှိပါသည်။ ထိုသားငယ်သမီးငယ်တို့ကို ကျွေးမွေးစောင့်ရှောက်ခြင်း သည် ကျွန်ုပ် အိုမင်းမစွမ်း ရှိသောအခါ သူတို့က ပြန်လည်ကျွေးမွေး စောင့်ရှောက်ကြမည်ဖြစ်၍ ကြွေးသစ်ချခြင်း မည်ပါသည်။ အိုမင်းနေကြပြီဖြစ်၍ မပျံနိုင်တော့သော အတူနေ သက်ကြီးရွယ်အို

ကျေးကြီးများကို ကုသိုလ်လို၍ ကျွေးမွေးရပါသည်။ ဤသည်မှာ အနုဂါမိက ရွှေအိုးမြှုပ်ခြင်း မည်ပါသည်။"

ကျေးသားကြီးကား ဝတ္တရားကျေလှ၏။ မိဝတ်ဖဝတ်ကိုလည်း မချွတ်စေရ၊ သားဝတ် သမီးဝတ်ကိုလည်း မချွတ်စေရ၊ ဆွေဝတ် မျိုးဝတ်ကိုလည်း မချွတ်စေရ၊ ယဉ်ကျေးလိမ္မာရာမှာ အချို့လူတို့ထက် သာပေသည်။ အချို့လူတို့မှာ ဤဝတ္တရားများကို သိလည်းမသိကြ၊ သိစေကာမူ ဝတ္တရား မကျေကြဟု ကောသိယ စဉ်းစားမိကာ ကျေးသားကြီးကို ကြည်ညိုလှ၍ ပယ်တဆောင်ကျယ်သော သလေးခင်းကြီးကို လှူလိုက်၏။ ကျေးသားကြီးကမူ ရစ်ပယ်မျှကိုသာ လက်ခံ၍ သင့်လျော်သော စကားများပြောဆိုပြီးလျှင် မိမိနေရာသို့ ပြန်သွားလေ၏။

**မိဘကျင့်ဝတ် ငါးပါး:** မကောင်းမြစ်တား၊ ကောင်းရာညွှန်လတ်၊ အတတ်သင်စေ၊ ပေးဝေနှီးရင်း၊ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဖခင်မယ်တို့တာ။

**ခင်ပွန်းသည်ကျင့်ဝတ် ငါးပါး:** မထီမဲ့ကင်း၊ အပ်နှင်းဥစ္စာ၊ မိစ္ဆာမမှား၊ ဝတ်စားဆင်ယင်၊ မြတ်နိုးကြင်၊ ငါးအင်လင်ကျင့်ရာ။

**ဇနီးကျင့်ဝတ် ငါးပါး:** အိမ်တွင်မှုလုပ်၊ သိမ်းထုပ်သေချာ၊ မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချိ၊ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူ ကျင့်အပ်စွာ။

## အနာကုလာ စ ကမ္မန္တာ

## ၁၄။ အနှောင့်အယှက် မရှိသောအလုပ် မင်္ဂလာ

အနှောင့်အယှက် အရှုပ်အထွေးမရှိသော အလုပ်ဟူသည် ပြီးမြောက်နိုင်သည့် အခြေအနေရှိသောအလုပ်၊ ပြီးစီးထမြောက်သော အလုပ်ပင် ဖြစ်သည်။ ဤသို့သော အလုပ်ဖြစ်ရန်မှာ ထိုအလုပ်နှင့် ပတ်သက်၍ လုပ်သင့်သောအချိန်၊ မလုပ်သင့်သောအချိန်၊ လုပ်သင့်သော နေရာအရပ်ဒေသ၊ မလုပ်သင့်သော နေရာအရပ်ဒေသ၊ ဆက်ဆံသင့်သော ပုဂ္ဂိုလ်၊ မဆက်ဆံသင့်သော ပုဂ္ဂိုလ် စသည်တို့ကို ဉာဏ်ဖြင့် ချင့်ချိန်၍ ပျင်းရိခြင်း အလျဉ်းမရှိဘဲ ကြီးမားထက်သန်သော လုံ့လဝီရိယဖြင့် စိတ်ပါဝင်စားစွာ အလေးအနက်ခံယူလျက် လုပ်ဆောင်ရန် လိုအပ်လေသည်။

ဤအချက်ကို **အနာကုလာ စ ကမ္မန္တာ**ပုဒ်၏ မြန်မာပြန်စကားတွင် ရှင်းလင်း ထင်ရှားစွာ ဖော်ပြထားပါသည်။ ဖော်ပြပါ အချက်များ အားလုံးနီးပါး ပြည့်စုံ၍ အနှောင့်အယှက် အရှုပ်အထွေး မရှိဘဲ ထမြောက်အောင်မြင်သော အလုပ်တခုကို အောက်ပါဖြစ်ရပ်၌ တွေ့နိုင်ပါသည်။

**ကြွက်သေဖြင့်စသော စီးပွားရေး** ဗာရာဏသီပြည်၌ စူဠသေဋ္ဌိ အမည်ရှိသော သူဌေးသည် အမြော်အမြင်ပညာ ကြီးမား၏။ အလုံးစုံသော နိမိတ်တို့ကို သိနားလည်၏။

တနေ့သ၌ နန်းတော်သို့ အခစားဝင်ရန် သွားစဉ် လမ်းတွင်

ကြွက်သေတကောင်ကို မြင်၍ နက္ခတ်ကို တွက်ချက်ကြည့်ပြီးလျှင် “ပညာမျက်စိ အမြင်ရှိသူ တဦးဦးသည် ဤ ကြွက်သေကိုယူ၍ သားကျွေးမှု မယားကျွေးမှုနှင့် အလုပ်ကြီး အကိုင်ကြီးတခု ဖြစ်နိုင်ပေသည်။”ဟု ပြောဆိုရာ ထိုစကားကို ကြားသော အခွင့်အရေး သိတတ်သူ လူဆင်းရဲတယောက်သည် ထိုကြွက်သေကို ကောက်ယူ၍ ကြောင်စာအဖြစ်ရောင်းရာ ငွေတရွေးရ၏။

ထိုငွေဖြင့် တင်လဲခဲ ဝယ်၍ ရေအိုးဖြင့် ရေခပ်ပြီးလျှင် တောမှ ပန်းခူးပြီး ပြန်လာကြသော ပန်းသည်တို့ကို ရေနှင့်တင်လဲ တိုက်ကျွေး၏။ ပန်းသည်တို့က ကျေးဇူးတင်သဖြင့် ပန်းတစည်းစီ ပေးသွားကြ၏။ ထို ပန်းရောင်းရငွေဖြင့် တဖန် တင်လဲခဲတို့ကို ဝယ်၍ ရေခပ်ပြီးလျှင် ပန်းဥယျာဉ်သို့ သွား၍ ပန်းသည်တို့ကို တိုက်ကျွေးပြန်ရာ တဝက်မျှသာ ခူးထားသော ပန်းချုံတို့ကို ရ၍ ရောင်းချသောအခါ ငွေရှစ်ကျပ် ရလာ၏။

မိုးသက်လေပြင်းကျသော နေ့တနေ့၌ ဘုရင့်ဥယျာဉ်အတွင်းရှိ သစ်ပင်များမှ သစ်ရွက်များ၊ သစ်ကိုင်းခြောက်များ၊ သစ်ကိုင်းစိုများပါ ကျိုးကျကုန်၏။ အဆိုပါ သူဆင်းရဲသည် ဥယျာဉ်စောင့်ထံမှ ထိုသစ်ရွက်သစ်ကိုင်းများကို တောင်းရာ အမှိုက်ရှင်းရန် အခက်တွေ့နေသော ဥယျာဉ်စောင့်က ဝမ်းမြောက်စွာ ယူခွင့်ပြုလိုက်၏။ သူဆင်းရဲသည် ကစားကွင်း၌ ကစားနေသော ကလေးများအား တင်လဲခဲပေး၍ သစ်ကိုင်းသစ်ရွက်တို့ကို ဥယျာဉ်တံခါးအနီးအတွင်း စုပုံစေ၏။ ဘုရင့်အိုးထိန်းသည်များ အိုးဖုတ်ရန် ထင်းရှာလာသောအခါ ထိုသစ်ကိုင်းသစ်ရွက်တို့ကို ရောင်းလိုက်ရာ ငွေဆယ့်ခြောက်ကျပ်နှင့်

ရေအိုးကြီးငါးလုံး ရလိုက်၏။ ထိုအိုးကြီးများကိုလည်း ရောင်းလိုက်ပြန်ရာ စုစုပေါင်း ငွေ နှစ်ဆယ့်လေးကျပ်ပိုင်ရှင် ဖြစ်လာ၏။

ထိုငွေဖြင့် မြို့တံခါးနှင့် မနီးမဝေး တနေရာတွင် ရေအိုးစင်တည်၍ မြက်ရိတ်သမားတို့ကို တိုက်ကျွေးရာ ကျေးဇူးတုံ့ပြန်လိုကြောင်း မြက်ရိတ်သမားတို့က ပြောကြားသောအခါ အကူအညီလိုသည့်အခါ ပြောပါမည်ဟု ပြောထား၏။ ထို့နောက် ကုန်းလမ်းအလုပ်သမား ရေလမ်းအလုပ်သမားများနှင့်လည်း သင့်ရာသင့်ရာ ပေး၍ အကျွမ်းဝင်အောင် မိတ်ဖွဲ့ထား၏။

တနေ့သ၌ ကုန်းလမ်းအလုပ်သမားတဦး၏ ပြောပြချက်အရ နောက်တနေ့တွင် မြင်းကုန်သည်ငါးရာ မြို့သို့လာမည်ဖြစ်ကြောင်း ကြိုတင်သိရ၍ သူကျေးဇူးပြုထားသော မြက်ရိတ်သမားများထံမှ မြက် တထုံးစီတောင်း၍ မြင်းကုန်သည်တို့အား မြက်တထုံး နှစ်ကျပ်ကျဖြင့် ရောင်းရာ ငွေတထောင် ရသွား၏။

နှစ်ရက်သုံးရက်ကြာသောအခါ ရေလမ်းအလုပ်သမားတဦးက ကုန်လှေများ ဆိပ်ကမ်း၌ ဆိုက်နေပြီဖြစ်ကြောင်း သတင်းကောင်း ပြောပြ၏။ ဘူဆင်းရဲသည် အဆင်တန်ဆာအပြည့်အစုံဆင်ထားသော မြင်းရထားတစီးကို အခြွေအရံများပါ ငွေရှစ်ကျပ်ပေး၍ ငှားပြီးလျှင် ကြွယ်ဝသော ကုန်သည်ကြီးဟန်အပြည့်ဖြင့် လှေဆိပ်သို့သွား၍ လှေပေါ်ရှိ ကုန်များကို ဝယ်ယူရန် စရံအဖြစ် ရွှေလက်စွပ်တကွင်းကို လှေသူကြီးများအား ပေးထား၏။

သူကိုယ်တိုင်ကမူ မလှမ်းမကမ်း တနေရာတွင် တင်းတိမ်ကာရံသည့် ခမ်းနားသော ယာယီတဲတလုံး၏ အတွင်း၌ နေပြီးလျှင် အခြွေအရံတို့အား မှာသင့်သည်တို့ကို မှာထား၏။ မြို့ထဲမှ ကုန်သည်တို့ ကုန်ဝယ်ရန် လာကြသောအခါ ကုန်သည်ကြီးက ကုန်အားလုံး ဝယ်ယူရန် စရံပေးထားပြီးဖြစ်ကြောင်း လှေသူကြီးတို့က ပြောကြား၏။ ထိုကုန်သည်တို့သည် တင်းတိမ်ကာရံသည့် ကုန်သည်ကြီးထံသို့သွား၍ သူတို့အားလည်း ကုန်ဝယ်ယူခွင့်မျှပါရန် တောင်းပန်၍ အပေးအယူပြုကြရာ လှေများပေါ်ရှိ ကုန်များအားလုံးကို အဆိုပါကုန်သည်များ ဝယ်ယူနိုင်ရန် သူဆင်းရဲကုန်သည်ကြီးအား ငွေနှစ်သိန်းပေးကြရ၏။

ဤ သူဆင်းရဲသည် ကြွက်သေကို ကောက်ယူသည့်အချိန်မှ လေးလအတွင်း၌ ငွေနှစ်သိန်း ချမ်းသာသွား၏။ ငွေနှစ်သိန်း ရသောအခါ သူ့အား အမှတ်မထင် ကြွက်သေကို ယူစေသော စူဠသေဋ္ဌိသူဌေးကို ကျေးဇူးဆပ်သောအားဖြင့် ငွေတသိန်း သွားရောက်ကန်တော့ရာ သူ၏ လုံ့လဝီရိယနှင့် အရည်အသွေးကို သူဌေးက သဘောကျသဖြင့် သမီးနှင့် ထိမ်းမြားပေးလိုက်၏။

အနှောင့်အယှက် အရှုပ်အထွေး မရှိသော အလုပ် (အနာကုလကမ္မန္တ)သည် ကြီးပွါး ချမ်းသာကြောင်း မင်္ဂလာ အစစ်အမှန်ပါပေတည်း။

(ဓမ္မပဒ-ဋ္ဌ၊ စူဠသေဋ္ဌိဝတ္ထု)

**၅။ ဒါနဉ္စ ဓမ္မစရိယာ စ၊ ဉာတကာနဉ္စ သင်္ဂဟော။**
**အနဝဇ္ဇာနိ ကမ္မာနိ၊ ဧတံ မင်္ဂလ မုတ္တမံ။**

**5. Generosity, practice of Dhamma, the helping of relatives and blameless actions; this is the highest blessing.**

၅။ **ဒေဝတေ**- သိလိုရေးဖြင့် မေးလျှောက်ထားသည့် အိုနတ်သား။

(က) **ဒါနဉ္စ**- သံသရာခရီးလမ်း မပင်ပန်းဘဲ ရွှင်လန်းကြည်သာ လျှောက်ဖို့ရာနှင့် သံသရာလွတ်လမ်း ရည်မျှော်မှန်း၍ လှူဒါန်းသမှု ဒါနပြုရခြင်းသည် လည်းကောင်း။

(ခ) **ဓမ္မစရိယာ စ**- သုစရိုက်ဆယ်ပါး ကောင်းမှုများကို မခြားနေ့ည ပြုကျင့်ရခြင်းသည် လည်းကောင်း။

(ဂ) **ဉာတကာနဉ္စ သင်္ဂဟော**- မိဘက်ဖဘက် စဉ်မပျက်ဘဲ နွယ်ဆက်စပ်ရိုး ကိုယ့်ဆွေမျိုးကို ဆွေမျိုးတို့ဝတ် မချွတ် စေကြ ထောက်ပံ့ရခြင်းသည် လည်းကောင်း။

(ဃ) **အနဝဇ္ဇာနိ ကမ္မာနိ**- ဒုစရိုက်ကင်းစင် ပြစ်မထင်သည့် ဖြူစင်သောအမှုတို့ကို ပြုရခြင်းသည် လည်းကောင်း။

**တော်**– ဤ တရားလေးပါးသည်၊ **ဥတ္တမံ**– ချမ်းသာဆောင်တတ် လွန်ထူးမြတ်သည့်၊ **မင်္ဂလံ**– ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာပါပေတည်း။

## အကျဉ်းချုပ်မှတ်ရန်

၁၅။ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်း။
၁၆။ သုစရိုက်တရားများကို ကျင့်ခြင်း။
၁၇။ ဆွေမျိုးတို့ကို ထောက်ပံ့ခြင်း။
၁၈။ အပြစ်ကင်းသော အမှုတို့ကိုပြုခြင်း။

ဤ လေးပါးသည် ကြီးပွားချမ်းသာကြောင်း ကောင်း မြတ်သော မင်္ဂလာများ ဖြစ်ပါသည်။

**ဆောင်** လှူဒါနနှင့်၊ တရားကျင့်၊ ထောက်ပင့်ဉာတကာ။
ပြစ်မဲ့အမှု၊ ကောင်းစွာပြု၊ မှတ်ရှုမင်္ဂလာ။

# သင်ကြားရေး အထောက်အကူ

## ဒါန၃
## ၁၅။ စွန့်ကြဲပေးကမ်း လှူဒါန်းခြင်းမင်္ဂလာ

ဒါနပြုမှ သံသရာ ခရီးတလျှောက်တွင် စားဝတ်နေရေး ပြည့်ပြည့်စုံစုံဖြင့် မပင်ပန်းဘဲ သွားလမ်းသာသည်။ သံသရာမှ လွတ်မြောက်ရေးအတွက်လည်း အထောက်အကူ ရသည်။

**ဒါနသည် မင်္ဂလာ** ဂေါတမမြတ်စွာဘုရား ပွင့်တော်မမူမီ သာသနာပ အချိန်တွင် ဗာရာဏသီပြည်၌ သုမနသူဌေး၏ အလုပ်သမားများအနက် အန္နဘာရဆိုသူ အလုပ်သမားမှာ အလွန် ဆင်းရဲ၏။ တနေ့စာ တနေ့ ရှာစားရ၏။ သို့သော် စိတ်ကောင်း ရှိ၏။ သဒ္ဓါတရားနှင့် ပြည့်စုံ၏။ တနေ့တွင် အရှင်ဥပရိဋ္ဌ ပစ္စေက ဗုဒ္ဓါသည် ဂန္ဓမာဒနတောင်၌ နိရောဓသမာပတ် ဝင်စားရာမှ ထပြီးလျှင် ချီးမြှောက်သင့်သူကို ဉာဏ်ဖြင့် ကြည့်ရှုသောအခါ သူဆင်းရဲ အန္နဘာရကို တွေ့ရ၏။

ထို့ကြောင့် ရှင်ပစ္စေကဗုဒ္ဓါသည် အန္နဘာရ လယ်တောမှ ပြန်လာချိန်တွင် မြို့တံခါးဝ၌ အန္နဘာရ၏ရှေ့ မလှမ်းမကမ်းတွင် ကောင်းကင်မှ ဆင်းကြွလာ၏။ အန္နဘာရက လက်အုပ်ချီမိုး ရှိခိုးလျက် "ဆွမ်းရပါပြီလား အရှင်မြတ်ဘုရား" ဟု လျှောက်ထားရာ "ရပါလိမ့်မည် ဒါယကာ" ဟု ပြန်လည်မိန့်ကြား၏။ အန္နဘာရသည် ဆွမ်းမရသေးသည်ကို သိ၍ ရှင်ပစ္စေကဗုဒ္ဓါ၏ လက်မှ သပိတ်ကို

ယူသွားပြီးလျှင် မိမိအိမ်၌ မိမိအတွက် အိမ်ရှင်မ ချက်ထားသော ထမင်းကို သပိတ်ထဲသို့ လောင်းစေ၏။ အိမ်ရှင်မကလည်း သူ့အတွက် ထမင်းကိုပါ လောင်းထည့်လိုက်၏။ အန္နဘာရသည် သပိတ်ကို ရှင်ပစ္စေကဗုဒ္ဓါအား ပြန်ကပ်ပြီးလျှင် နေရာခင်းပေးရာ ရှင်ပစ္စေကဗုဒ္ဓါ သည် ထိုနေရာ၌ ထိုင်၍ ဆွမ်းဘုဉ်းပေး၏။

သုမနသူဌေး၏ ထီးချက်စောင့်နတ်သည် အန္နဘာရ၏ ဆွမ်းအလှူကို သာဓု သုံးကြိမ်ခေါ်၏။ မိမိစားမည့် ထမင်းကို မစားဘဲ ဒါနပြုခြင်းဖြစ်၍ သာဓု ခေါ်လောက်ပါပေသည်။ သုမနသူဌေးကြား၍ သာဓုခေါ်ခြင်း၏ အကြောင်းကို နတ်သားအား မေးရာ အကြောင်းစုံ သိရသဖြင့် အန္နဘာရ၏ ဆွမ်းဒါနကို ငွေတထောင်အထိ ပေး၍ ဝယ်၏။ လူမွဲ အန္နဘာရက မရောင်းပေ။ ဆွမ်းဒါနကို မရောင်းလိုလျှင် အမျှပေးဝေပါဟု ပြောရာ ရှင်ပစ္စေက ဗုဒ္ဓါကို လျှောက်ထားကြည့်၍ အမျှပေးဝေခြင်းဖြင့် ကုသိုလ် လျော့မသွားဘဲ တိုးသာတိုးကြောင်း သိရသဖြင့် သုမနသူဌေးအား ဒါနကုသိုလ်အဖို့ကို အမျှဝေလိုက်၏။ သူဌေးက ငွေတထောင်ပေးရာ အန္နဘာရက လက်မခံပေ။ ကုသိုလ်အဖို့ကို ဝယ်ခြင်းမဟုတ်ကြောင်း၊ ဂုဏ်ကျေးဇူးကို ပူဇော်ထိုက်၍ ပူဇော်ခြင်းသာဖြစ်ကြောင်း ပြောပြမှ လက်ခံ၏။

ထိုနေ့တွင် သုမနသူဌေးက အလုပ်သမားအန္နဘာရကို ဘုရင့်နန်းတော်သို့ ခေါ်သွားရာ ဘုရင်ကလည်း အကြောင်းစုံ မေးမြန်း၍ သိရသဖြင့် ငွေတထောင် ဆုချလိုက်ပြန်၏။ အိမ်နေရာပါ ပေးသဖြင့် ထိုအိမ်နေရာကို သုတ်သင်ရှင်းလင်း တူးဆွကြရာ

ရွှေအိုးများကို တွေ့ရ၍ အန္နဘာရ၏ ကောင်းမှုကုသိုလ်ကြောင့် တွေ့ခြင်းဖြစ်သည်ဟုဆိုကာ ဘုရင်က တွေ့သမျှ ရွှေအိုးတို့ကို အန္နဘာရအား ပေးလိုက်ပြီးလျှင် သူဌေးအရာ၌ ထားလေ၏။

ဒါနကြောင့် ကြီးမားသောအကျိုးကို ခံစားရသော အန္နဘာရကား နောင်သောအခါ ဂေါတမမြတ်စွာဘုရား လက်ထက်တော်၌ ဒိဗ္ဗစက္ခု ဧတဒဂ်ရ အရှင်အနုရုဒ္ဓါမထေရ် ဖြစ်လာ၏။

(အင်္ဂုတ္တိုရ်-ဋ္ဌ၊ ပ၊ အနုရုဒ္ဓတ္ထေရဝတ္ထု)

**ဆောင်** မလျှမတန်း၊ ဆင်းရဲလမ်း၊ လှူဒါန်းချမ်းသာသည်။
ချမ်းသာသူမှာ၊ စဉ်မကွာ၊ မင်္ဂလာရှိပေသည်။

## ဓမ္မစရိယာ စ

## ၁၆။ သုစရိုက်တရားများကို ကျင့်ခြင်း မင်္ဂလာ

**သုစရိုက်တရား** မသတ်၊ မခိုး၊ ကာမဂုဏ်မမှား၊ မုသားမပြော၊ ကုန်းမချော၊ ကြမ်းသောစကားမဆို၊ အနှစ်ကို ပြောကြား၊ သူတပါးပစ္စည်းမလို၊ သူ့ကိုမပြစ်မှား၊ ဘာသာတရား မှန်စေ၊ ဤဆယ်ထွေ၊ မှတ်လေသုစရိုက်။

အပြစ်ကင်းသော အပြုအမူ အပြောအဆို အကြံအတွေး မှန်သမျှ သုစရိုက်တရားချည်းပင်။ သုစရိုက်အမှုပြုသမျှ မင်္ဂလာချည်းသာ ဖြစ်ပေသည်။

**ငယ်ရွယ်သူများ မသေသောရွာ** ရှေးက ကာသိတိုင်း၌ ဓမ္မပါလ အမည်ရှိသော ရွာကြီးတရွာရှိ၏။ ထိုရွာ၌ ကုသိုလ် ကမ္မပထ တရားဆယ်ပါးကို ဖြည့်ကျင့်သော ဓမ္မပါလ အမျိုးအနွယ်များ နေသဖြင့် ရွာသည်လည်း ဓမ္မပါလဟု အမည်တွင်နေ၏။ (ကုသိုလ် ကမ္မပထတရား ဆယ်ပါးဆိုသည်မှာ သုစရိုက်တရား ဆယ်ပါးပင် ဖြစ်သည်) ထိုရွာ၏ အကြီးအမှူးဖြစ်သော ဗြာဟ္မဏကြီး ဓမ္မပါလသည် သူ၏သား ဓမ္မပါလကို တက္ကသိုလ်ပြည် ဒိသာပါမောက္ခဆရာ့ထံ အပ်နှံ၍ ပညာသင်ယူစေ၏။ ဓမ္မပါလငယ် ပညာသင်ကြားနေစဉ် ပါမောက္ခဆရာကြီး၏ သားကြီးသည် အရွယ်ကောင်းခိုက်မှာပင် ကွယ်လွန်သွားရာ ကျောင်းသားများ စုဝေးလျက် "ဒါလောက် အကျင့်သီလနှင့် ပြည့်စုံသူတဦး ငယ်ငယ်ရွယ်ရွယ် သေသွားရသည်မှာ နှမြောစရာ ကောင်းလှသည်" စသည်ဖြင့် ပြောဆိုနေကြသည်ကို ဓမ္မပါလကြားရသောအခါ အလွန်အံ့ဩသွား၏။ ထို့ကြောင့် "မိတ်ဆွေတို့ ငယ်ငယ်ရွယ်ရွယ်မှာ သေတာလား၊ ငယ်ငယ်ရွယ်ရွယ်မှာ မသေရဘူး မဟုတ်လား"ဟု ပြောရာ အခြားကျောင်းသားများက "လူဆိုတာ ကြီးကြီးငယ်ငယ် အရွယ်မရွေး သေကြတယ်ဆိုတာ သင်မသိဘူးလား"ဟု မေးကြ၏။ ဓမ္မပါလက "လူဆိုတာ ငယ်ရွယ်ချိန်မှာ မသေပါဘူး။ ကြီးမှပဲ

သေကြတာပါ”ဟု အခိုင်အမာ ပြောနေသဖြင့် ကျောင်းသားများ တအံ့တသြဖြစ်ကြပြီး “မိတ်ဆွေဓမ္မပါလ၊ သင်တို့ရွာမှာ ငယ်ရွယ်သူတွေ မသေဘူးလား”ဟု မေးကြရာ ငယ်ရွယ်သူတွေ မသေကြောင်း ဓမ္မပါလက ပြော၏။

ကျောင်းသားတို့၏ ဤဆွေးနွေးပွဲအကြောင်းကို ဆရာကြီး ကြားသိသောအခါ တပည့်ဓမ္မပါလကို ခေါ်၍ ဓမ္မပါလရွာတွင် လူငယ်တွေ သေမသေ သေသေချာချာသိရန် ထပ်မံမေးသော အခါလည်း ဓမ္မပါလငယ်က မသေကြောင်းပင် အခိုင်အမာ ပြေကြား၏။ ဆရာကြီးသည် ထူးဆန်းလှသော ဤအချက် မှန်မမှန် ကိုယ်တွေ့စုံစမ်းရန် စိတ်အားထက်သန်နေသည်။ ထို့ကြောင့် တပည့်ကြီးဖြစ်သော ဓမ္မပါလထံ တပည့်အားလုံးကို အပ်နှံခဲ့ပြီးလျှင် အလုပ်အကျွေးတပည့် တယောက်ကို ခေါ်၍ ဓမ္မပါလရွာသို့ ခရီးထွက်ခဲ့၏။

မဟာဓမ္မပါလ ဗြာဟ္မဏကြီး၏ အိမ်တံခါးသို့ ဆရာကြီး ရောက်သောအခါ အိမ်ဖေါ်အမှုလုပ်တို့သည် ဧည့်သည်တယောက်ကို ခရီးဦးကြိုရသည့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့်အညီ ပျူပျူငှါငှါ ရှိသေစွာဖြင့် ဆရာကြီး၏ ထီးကို ယူသူကယူ၊ ဖိနပ်ကို ယူသူကယူ၊ နောက်ပါတပည့်လက်မှ လွယ်အိတ်အထုပ်အပိုးတို့ကို ယူသူကယူဖြင့် ခရီးဦးကြို ပြုကြ၏။

မဟာဓမ္မပါလကြီးနှင့် တွေ့ဆုံပြီး ထမင်းဟင်း စားဖွယ် သောက်ဖွယ်တို့ကို စားသောက်ပြီးနောက် အေးအေးဆေးဆေး

စကားပြောကြသောအခါမှ ဆရာကြီးက 'မဟာဓမ္မပါလ ဗြာဟ္မဏကြီး၊ သင်၏သား ဓမ္မပါလသည် ၁၈ ရပ်သော အတတ်တို့ကို အပြည့်အစုံ သင်ယူပြီးပါပြီ၊ သို့သော်လည်း မကျန်းမာမှုကြောင့် ကွယ်လွန်သွားပါပြီ၊ လူမှန်လျှင် သေမျိုးချည်းဖြစ်၍ စိုးရိမ်ပူဆွေးမှု မဖြစ်ပါလင့်'ဟု ပြောရာ မဟာဓမ္မပါလဗြာဟ္မဏကြီးသည် လက်ခုပ်လက်ဝါးတီးလျက် တဟားဟားဖြင့် ခွက်ထိုးခွက်လန် ရယ်ပါလေသည်။ 'ဘာကြောင့် ရယ်ပါသလဲ'ဟု ဆရာကြီးက မေးသောအခါ 'ကျွန်ုပ်၏သား မသေပါဘူး၊ တခြားတယောက်ယောက် သေတာဖြစ်ပါလိမ့်မယ်'ဟု မဟာဓမ္မပါလက ပြော၏။

ဆရာကြီးက အသင့်ယူလာသော အရိုးတို့ကို ထုတ်ပြ၍ ဓမ္မပါလငယ်၏ အရိုးများဖြစ်ကြောင်း ပြောသော်လည်း မယုံကြည်ဘဲ 'ကျွန်ုပ်တို့၏ အမျိုးအနွယ်မှာ ရေးဆွေခုနစ်ဆက်မှ စ၍ ငယ်ရွယ်သူ တဦးမှ မသေဘူးပါ၊ ဆရာကြီး မုသားပြောခြင်းသာ ဖြစ်ပါသည်'ဟု ပြောကာ တအိမ်သားလုံး လက်ခုပ်လက်ဝါးတီးကာ ရယ်ကြ၏။

ဆရာကြီးသည် ကြားရသော သတင်းစကားအတွက် အံ့ဩဝမ်းသာဖြစ်လျက် 'ဗြာဟ္မဏကြီး၊ သင်တို့အမျိုးအနွယ်မှာ ငယ်ရွယ်သူများ မသေကြဘူးဆိုတာ အကြောင်းရှိလိမ့်မည်။ ဘာအကြောင်းကြောင့် များ ငယ်ရွယ်သူတွေ မသေကြပါသလဲ'ဟု မေး၏။

ဆောင်လွယ်စေရန် ငယ်ရွယ်သူတွေ မသေကြောင်းအကျင့်ကို ဆောင်ပုဒ်များဖြင့် သရုပ်ဖော်သွားပါမည်။

## ဆောင်ရန်

**မေး** သင်တို့မျိုးဆွေ၊ ငယ်သူတွေ၊ မသေဘာကြောင့်နည်း။
ဘယ်တရားနှင့်၊ ဘယ်အကျင့်၊ ကျင့်ကြလို့ပါနည်း။
ဘယ်အကျင့်ကို၊ ကျင့်တယ်ဆို၊ ဒီလိုအကျိုးရသနည်း။
အို ဗြာဟ္မဏာ၊ သိလိုလှ၊ ပြောပြစေချင်သည်။

**ဖြေ** တို့မျိုးဆွေများ၊ ကျင့်တရား၊ မှတ်သားလေတော့ ပြောပါမည်။
သုစရိုက်တရား၊ ကျင့်ကြိုးစား၊ မှသားရှောင်ကြသည်။
သူတော်မကြိုက်၊ ဒုစရိုက်၊ ဆွေလိုက်မျိုးလိုက် ရှောင်ကြဉ်သည်။
ငရဲလားစေ၊ အလုပ်တွေ၊ တို့ဆွေရှောင်ကြဉ်သည်။
သူယုတ်သူတော်၊ ဟောပြောသော်၊ လျော်အောင်နာကြသည်။
သူယုတ်ဓမ္မ၊ စွန့်ပယ်ကြ၊ သန္တတရားပွားများသည်။
သူယုတ်ခွာရှဲ၊ သူတော်တွဲ၊ အမြဲဆည်းကပ်သည်။
ရဟန်းပုဏ္ဏား၊ စသည်အား၊ ဆွမ်းများလှူပါသည်။
မလှူခင် လှူဆဲ၊ လှူပြီးလဲ၊ လိုက်လှဲဝမ်းသာသည်။
ထို့ကြောင့်တို့ဆွေ၊ ငယ်သူတွေ၊ မသေဘေးကင်းသည်။
သတ်တာ ခိုးတာ၊ သေသောက်တာ၊ ဝေးစွာရှောင်ကြဉ်သည်။
ဇနီးမောင်နှံ၊ ကျင့်ဖေါက်ပြန်၊ အမှန်ကင်းရှင်းသည်။
သီလစင်ဖြူ၊ မြတ်အိမ်သူ၊ ဖွားမူ သားကလိမ္မာသည်။
ပညာသုတ၊ စွယ်စုံရ၊ ဝေဒကျွမ်းကျင်သည်။
တမိသားလုံး၊ သုကျင့်သုံး၊ သက်ဆုံး ဒု ရှောင်သည်။
တဆွေမျိုးလုံး၊ သု ကျင့်သုံး သက်ဆုံး ဒု ရှောင်သည်။

ခြွေရံတွေလဲ၊ ဒု ရှောင်လွဲ၊ သုပဲ ကျင့်သုံးသည်။
တမလွန်လဲ၊ ကောင်းဖို့ပဲ၊ စိတ်ထဲ ရည်စူးသည်။
ထို့ကြောင့် တို့ဆွေ၊ ငယ်သူတွေ၊ မသေ အေးကင်းသည်။
ထီးက စောင့်ရှောက်၊ မိုးရေပေါက်၊ မရောက် ပမာညီ။
တရားကျင့်မှ၊ တရားက၊ မုချ စောင့်ရှောက်သည်။
ကောင်းစွာ ကျင့်ရာ၊ တရားမှာ၊ ချမ်းသာ ဆောင်ပေသည်။
တရားပယ်ချ၊ တရားက၊ မုချ မစောင့်ပြီ။
တရားကင်းကွာ၊ လူမိုက်မှာ၊ ချမ်းသာ ဝေးလေသည်။

'ဒါကြောင့် ဆရာကြီး ကျွန်ုပ်သား မသေပါဘူး၊ အဲဒီ အရိုးတွေဟာ ခွေးရိုး ဆိတ်ရိုးတွေပဲဖြစ်မှာပါ၊ အဲဒါတွေ လွှင့်သာ ပစ်လိုက်ပါ၊ ကျွန်ုပ်သားကတော့ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာလျက် ရှိနေတာ သေချာပါတယ်'ဟု ဓမ္မပါလက စကားအဆုံးသတ်လိုက်၏။

ထိုအခါမှ ပါမောက္ခဆရာကြီးက မဟာဓမ္မပါလ ဗြာဟ္မဏကြီး ကို တောင်းပန်ပြီးလျှင် ဤကိစ္စ မှန်မမှန် စုံစမ်းလို၍ လာခဲ့ခြင်း ဖြစ်ကြောင်း၊ အရိုးများမှာ ဆိတ်ရိုးများဖြစ်ကြောင်း၊ ဓမ္မပါလငယ်မှာ ကျန်းမာချမ်းသာလျက်ရှိကြောင်း ပြောပြ၏။ ထို့နောက် ဆရာကြီးက 'ဓမ္မပါလ ကျင့်စဉ်ကို ကျွန်ုပ်အားလဲ ရေးပေးပါ၊ ကျင့်လိုပါသည်'ဟု တောင်းသဖြင့် ရေးပေးလိုက်ရာ ဆရာကြီး ဝမ်းမြောက်စွာ ပြန်သွားပြီး မကြာမီမှာပင် ပညာပြည့်စုံပြီဖြစ်သော ဓမ္မပါလငယ်ကို အခြွေအရံများ နှင့်တကွ ဓမ္မပါလရွာသို့ ပြန်လွှတ်လိုက်၏။

(ဇာတ်-၄၊ ဒသကနိပါတ်၊ မဟာဓမ္မပါလဇာတ်)

## ဉာတကာနဥ္စ သင်္ဂဟော

## ၁၇။ ဆွေမျိုးတို့ကို ချီးမြှောက် ထောက်ပံ့ခြင်း မင်္ဂလာ

မိဘာက်ဖဘက် နှစ်ဘက်လုံးမှ တော်စပ်ကြသော ဆွေမျိုးတို့ကို ချီးမြှောက်ထောက်ပံ့ခြင်းသည် မင်္ဂလာ ဖြစ်ပေသည်။ စီးပွားဥစ္စာ ပျက်စီး၍ဖြစ်စေ၊ မကျန်းမမာ ရောဂါဘယ ဖိစီးနှိပ်စက်၍ဖြစ်စေ အကူအညီလိုအပ်နေသော ဆွေမျိုးတို့ကို မိမိစွမ်းနိုင်သမျှ အဝတ်အစား စပါး ဆန် ရေ ရွှေ ငွေ ဥစ္စာ ပေးကမ်းချီးမြှောက် ထောက်ပံ့ခြင်းသည် ပစ္စုပ္ပန် သံသရာ နှစ်ဖြာအကျိုး ပွားတိုးစေကြောင်း ကောင်းမြတ်သော မင်္ဂလာဖြစ်သည်ဟု ကျမ်းဂန်တို့၌ ဖွင့်ပြသည်။ (ခုဒ္ဒက-ဠ၊ ၁၁၉)

တစုံတရာ ဗျသနတရား မနှိပ်စက်ငြားလည်း တတ်အားသမျှ ကြည့်ရှုစောင့်ရှောက် ထောက်ပံ့ခြင်းသည် ဆွေမျိုးတို့အကြား မေတ္တာပွား၍ ညီညွတ်ရေးတရားလည်း ဖြစ်သောကြောင့် မင်္ဂလာပင် ဖြစ်ပါသည်။

**သင်္ဂဟ တရား လေးပါး:** သင်္ဂဟဝတ္ထုလေးပါးဖြင့် ချီးမြှောက်လျှင်လည်း ဉာတိသင်္ဂဟ ဖြစ်ပါသည်။

ယင်းတို့မှာ –

၁။ စွန့်ကြဲ ပေးကမ်းခြင်း (ဒါန)၊
၂။ ချစ်ဖွယ်စကား ပြောကြားခြင်း (ပေယျဝဇ္ဇ)၊
၃။ အကျိုးစီးပွားကို ဆောင်ရွက်ခြင်း (အတ္ထစရိယာ)၊
၄။ ကိုယ်နှင့်တန်းတူ ဆက်ဆံခြင်း (သမာနတ္တတာ)။

**မြတ်စွာဘုရား ဆွေမျိုးတို့ကို ချီးမြှောက်ခြင်း**

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဆွေမျိုးတို့ကို အခွင့်သင့်တိုင်း ချီးမြှောက်ခဲ့သည်။ ကောလိယနှင့် ကပိလဝတ် နှစ်ပြည်ထောင်တို့ ရောဟိဏီမြစ်ရေကို သူ့ရထိုက် ငါရထိုက် အငြင်းပွားရာမှ စစ်ကြီးခင်းကျင်းကြရန် ရောဟိဏီမြစ်၏ ကမ်းတဘက်စီ၌ ကြီးမားသော စစ်တပ်ကြီးများဖြင့် စစ်ပြင်လျက်ရှိကြ၏။ နှစ်ပြည်လုံးမှာ မြတ်စွာဘုရား၏ ဆွေတော် မျိုးတော်များချည်း ဖြစ်ကြ၏။

ဤအကြောင်းကို သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် မြင်တော်မူသော မြတ်စွာဘုရားသည် ကပါ်တည်း ကြွတော်မူ၍ စစ်တပ်ကြီး နှစ်တပ်၏ အလယ် ရောဟိဏီမြစ်၏အထက် ကောင်းကင်တွင် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူလျက် ညီညွတ်ရေးတရားကို ဟောကြားတော်မူ၏။ နှစ်ဘက်စလုံး အမျက်ပြေငြိမ်းသွားပြီးလျှင် စစ်တပ်ကြီးများ ရုပ်သိမ်းသွားကြ၏။

တဘက်တဘက်စီမှ မင်းသား ၂၅၀ စီတို့သည်လည်း မြတ်စွာဘုရားအထံ၌ ရဟန်းပြုကြ၏။ နောင်သောအခါ ထို ရဟန်းတော် ငါးရာတို့ ရဟန္တာဖြစ်ပြီးနောက် ကပိလဝတ်ပြည်အနီး မဟာဝုန်တောကြီးအတွင်း၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရား ထံမှောက်သို့ လာရောက်စုဝေးကြခြင်းကို အကြောင်းပြု၍ **မဟာသမယသုတ်** ဒေသနာကို ရှင်တော်မြတ်ဘုရား ဟောကြားတော်မူ၏။

**ဝိဋူဍူဘရန်မှ ကာကွယ်ပေးခြင်း**

ဝိဋူဍူဘသည် ကွယ်လွန်လေပြီးသော ဗန္ဓုလ စစ်သည်ကြီး၏ တူ ဒီဃကာရာယန သေနာပတိကြီး၏ အကူအညီဖြင့် ကောသလ ထီးနန်းကို သိမ်းမြန်းအုပ်စိုးရသောအခါ ၎ ပ်စဉ်ကတည်းကပင် သာကီဝင်မင်းတို့အပေါ် ထားခဲ့သော ရန်ငြိုးအတိုင်း သာကီဝင် မင်းတို့ကို တယောက်မကျန် သုတ်သင်ရန် ကပ္ပိလဝတ်ပြည်ဘက်သို့ ကြီးမားသော စစ်တပ်ကြီးကို ဦးဆောင်ကာ ချီတက်လေ၏။

မြတ်စွာဘုရားသည် ဉာဏ်တော်ဖြင့် လောကကို ကြည့်တော်မူသောအခါ ဆွေမျိုးတို့ ပျက်စီးမည့်ဘေးကို မြင်တော်မူသဖြင့် တပါးတည်း ကပ္ပိလဝတ်ပြည်သို့ ကြွ၍ မြို့တော်၏အနီး အရိပ်ကျိုးတိုးကျဲတဲရှိသော သစ်ပင်တပင်အောက်၌ သီတင်းသုံးလျက် နေတော်မူ၏။ မလှမ်းမကမ်း ကောသလတိုင်း နယ်စပ်၌ အရိပ်ကောင်းလှသော သစ်ပင်ကြီးတပင်အောက်တွင် ဝိဋူဍူဘ ရှိနေ၏။

ဝိဋူဍူဘသည် မြတ်စွာဘုရားကို မြင်သောအခါ လာရောက်၍ အရိပ်ကောင်းသော သစ်ပင်သို့ ကြွရောက် သီတင်းသုံးတော်မူရန် လျှောက်ထား၏။ မြတ်စွာဘုရားက 'ရှိစေတော့ မဟာရာဇ၊ ဆွေမျိုးတို့၏ အရိပ်မည်သည် အေးမြလှ၏'ဟု မိန့်တော်မူရာ 'မြတ်စွာဘုရားသည် ဆွေမျိုးတို့ကို စောင့်ရှောက်ရန် ကြွတော်မူလာခြင်း ဖြစ်သည်'ဟု ဝိဋူဍူဘ ရိပ်မိသဖြင့် တပ်ခေါက်ကာ သာဝတ္ထိသို့ ပြန်သွား၏။

မြတ်စွာဘုရားသည် ဤနည်းဖြင့် သုံးကြိမ်တိုင်တိုင် ဆွေမျိုးတို့ကို စောင့်ရှောက်ချီးမြှောက်တော် မူခဲ့၏။

သို့သော် သာကီဝင်မင်းတို့သည် အတိတ်ဘဝ တခုတွင် တကြိတ်တည်း တညာဏ်တည်း သဘောတူ ကြံစည်ကြကာ မြစ်အတွင်း၌ အဆိပ်များ ခပ်ခဲ့ကြသော မကောင်းမှုကို ပြုခဲ့ကြသဖြင့် ထိုအကုသိုလ်ကြွေးကို ဆပ်ရန် ရှိနေသောကြောင့် စတုတ္ထအကြိမ်၌မူ မြတ်စွာဘုရားက အကာအကွယ်ပေးတော် မမူတော့ပေ။ ထို့ကြောင့် ဝိဋဋူဘသည် သာကီဝင်မင်းမျိုးတို့ကို သုတ်သင်ပစ်လိုက်တော့၏။

(ဓမ္မပဒ-ဋ္ဌ၊ ၂၁၄-၂၂၆၊ ဝိဋဋူဘဝတ္ထု)

**ဆွေမျိုးတို့ကို စောင့်ရှောက်သော တိရစ္ဆာန်** ဟိမဝန္တာတောကြီး၌ အနံ့အရသာနှင့် လွန်စွာ ပြည့်စုံသော သရက်ပင်ကြီးတပင်မှ အသီး တလုံးသည် အနီးရှိ မြစ်ထဲသို့ ကျရာမှ မျောသွားရာ ဗာရာဏသီသို့ ရောက်၍ မြစ်ကို ဖြတ်လျက် တန်းထားသော ပိုက်တွင် ငြိနေ၏။ ထူးခြားသော သစ်သီး ပိုက်တွင်ငြိနေသည်ကို တွေ့ကြသော တံငါများက ဘုရင်အား ဆက်သ၏။ ဘုရင်က စားကြည့်ရာ အကြောပေါင်း တထောင် စိမ့်အောင် အရသာရှိလှသည်ကို တွေ့ရ၍ အရသာ၌ အလွန် တပ်မက်သော မင်းကြီးသည် စစ်သည်ဗိုလ်ပါပေါင်းများစွာနှင့် သရက်ပင်ရှာရန် မြစ်ညာသို့ ဆန်တက်လာလေ၏။

ရက်ပေါင်းများစွာ ကြာသောအခါ ဟိမဝန္တာတောအတွင်းရှိ အဆိုပါသရက်ပင်ကို တွေ့၍ သရက်ပင်ခြေရင်း၌ပင် တပ်စခန်း ချပြီးလျှင် သရက်သီးများကို စိတ်ရှိတိုင်း စားသုံးကြ၏။

ထိုသရက်ပင်မှ သရက်သီးတို့ကို စားနေကျဖြစ်သော မျောက်အုပ်သည် လူများရှိနေ၍ နေ့ဘက်၌ ပုန်းအောင်းနေကြပြီးလျှင် ညဘက်ရောက်မှ သရက်ပင်သို့ တိတ်တိတ်လာ၍ သရက်သီးများကို စားကြ၏။ သို့သော် လူများမသိရအောင် မတတ်နိုင်ကြသဖြင့် လူများနိုးလာသောအခါ ဘုရင်က လေးသမားတို့အား သရက်ပင်ကို ဝိုင်း၍ ထွက်ပြေးသော မျောက်များကို ပစ်ရန် အမိန့်ပေးထား၏။

ဤအကြောင်းကို ရိပ်မိကြသော မျောက်များသည် သူတို့ကို အုပ်ချုပ်သော မျောက်မင်းထံ သူတို့၏ အသက်ကို ကယ်ပါရန် တောင်းပန်ကြ၏။ မျောက်မင်းက မကြောက်ကြစေလိုကြောင်း၊ အသက်ဘေးမှ လွတ်ကြရန် ကြံဆောင်မည်ဖြစ်ကြောင်း ပြောဆိုကာ စိတ်သက်သာရာ ရစေ၏။

မျောက်မင်းသည် ထိုသို့ ပြောပြီးနောက် သရက်ပင်၏ အမြင့်ဆုံးအပိုင်းသို့ တက်ပြီးလျှင် မြစ်ဘက်သို့ ထိုးထွက်နေသော အစွန်ဆုံးကိုင်းပေါ်မှ မြစ်တဘက်ကမ်းသို့ တအားလွှဲ၍ ခုန်လိုက်ရာ တဘက်ကမ်းသို့ ချောမောစွာ ရောက်သွား၏။ တဘက်ကမ်းမှ သရက်ပင်အထိ မီလောက်သော အရှည်ရှိသည့် နွယ်ကြိုးတခုကို ဖြတ်၍ တစကို သစ်ပင်တပင်၌ ခိုင်ခိုင်ချည်ပြီးလျှင် အခြားတစဖြင့် မိမိခါးကို ချည်၍ ရှေးနည်းအတိုင်း သစ်ပင်ပေါ်မှ သရက်ပင်ဆီသို့ တအားခုန်လိုက်ရာ နွယ်ကြိုး၏အရှည်ကို ခန့်မှန်းစဉ်က အနည်းငယ် တိုသွားသဖြင့် သရက်ပင်ပေါ်အထိ တကိုယ်လုံး မရောက်နိုင်တော့ဘဲ သရက်ကိုင်းကို လက်ဖြင့် လှမ်းကိုင်နိုင်ရုံမျှသာ မီသဖြင့် မျောက်မင်းမှာ

ခါး၌ချည်ထားသော ကြိုးတန်းလန်းဖြင့် သရက်ကိုင်းကိုသာ မြဲမြဲဆုပ်ကိုင်ထားရ၏။

ထိုသို့ ဆုပ်ကိုင်ထားရင်းကပင် သူ့ငယ်သား မျောက်တို့ကို သူ့ကိုယ်ပေါ်နင်း၍ နွယ်ကြိုးအတိုင်း တဘက်ကမ်းသို့ အမြန်ကူးကြရန် အမိန့် ပေးလိုက်၏။ မျောက်များသည် မျောက်မင်းကို ရိုသေစွာ ရှိခိုးပြီးနောက် မျောက်မင်း၏ ကိုယ်ပေါ်၌ ဖြည်းဖြည်းနင်းကာ တဘက်ကမ်းသို့ ကူးသွားကြ၏။

နောက်ဆုံးကျန်သော မျောက်တကောင်မှာ အမြင့်ဆုံး သစ်ကိုင်းပေါ်သို့ တက်ပြီးမှ မျောက်မင်း၏ ကိုယ်ပေါ်သို့ တအား ခုန်ချကာ တဘက်ကမ်းသို့ ကူးသွား၏။ ဤမျောက်ကား ဒေဝဒတ် အလောင်းဖြစ်၏။

ထိုမျောက် ခုန်ချလိုက်သောဒဏ်ဖြင့် မျောက်မင်း နှလုံးကွဲကာ သေပွဲဝင်ရ၏။

မိမိ၏ အသက်ကိုစွန့်ကာ ဆွေမျိုးတို့၏အကျိုးကို သည်ပိုးဆောင်ရွက်ခြင်းဖြစ်ရာ မြင့်မြတ်လှပါပေသည်။

(ဇာတ်-၃၊ သတ္တက၊ မဟာကပိဇာတ်၊ ၄၀၇)

## အနဝဇ္ဇာနိကမ္မာနိ

## ၁၈။ အပြစ်ကင်းသော အမှုတို့ကိုပြုခြင်း မင်္ဂလာ

အပြစ်ကင်းသောအမှု ဆိုသည်မှာ ဥပုသ် ဆောက်တည်စောင့်ထိန်းခြင်း၊ ကုသိုလ်ဝေယျာဝစ္စ ဆောင်ရွက်ခြင်း၊ ပန်းဥယျာဉ် သစ်သီးဥယျာဉ် စိုက်ပျိုးခြင်း၊ တံတားခင်းခြင်း စသော ကိုယ်မှုနှုတ်မှု သုစရိုက်များ ဖြစ်ကြောင်း ကျမ်းဂန်က ဖွင့်ပြ၏။

(ခုဒ္ဒက-၄၁၁၃၉)

အလားတူ အပြစ်ကင်းသော ကိုယ်မှုနှုတ်မှု အလုပ်မှန်သမျှ မင်္ဂလာချည်း ဖြစ်ကြောင်း သိနိုင်၏။

**ပြုသမျှ ကောင်းမှုချည်း** အပြစ်ကင်းသော အလုပ်ကို လုပ်သောသူမှာ မင်္ဂလာဖြစ်၍ ကောင်းကျိုးချမ်းသာ ရနိုင်သည်မှာ သေချာလှ၏။ မဂဓတိုင်း မစလရွာသား မောင်မာဃသည် စိတ်တူကိုယ်မျှဖြစ်သော သူငယ်ချင်း ၃၃ ယောက်နှင့်အတူ အပြစ်မရှိသည့် ရပ်ရေးရွာရေး လူမှုရေးလုပ်ငန်း မှန်သမျှကို စွမ်းနိုင်သမျှ ပြုလုပ်ကြ၏။ ရပ်ရွာထဲ၌ တံမြက်လှည်းကြ၏။ မြေညှိကြ၏။ သစ်ပင်စိုက်ကြ၏။ နားနေရန်အရိပ် လုပ်ကြ၏။ မဏ္ဍပ်ဆောက်ကြ၏။ ဇရပ်ဆောက်ကြ၏။ ရေတွင်းရေကန် တူးကြ၏။ ရေအိုးစင် တည်ကြ၏။ သစ်သီးဥယျာဉ် ပန်းဥယျာဉ် စိုက်ပျိုးကြ၏။ လမ်းရှင်းကြ၏။ တံတားခင်းကြ၏။ ယင်းသို့

ပြုလုပ်ကြသည်မှာ ရပ်ရွာထဲ၌သာ မဟုတ်ဘဲ ရွာနှင့် နှစ်ယူဇနာ သုံးယူဇနာ ဝေးသော အရပ်အထိ ပြုလုပ်ကြခြင်း ဖြစ်၏။

သူတို့၏ အပြစ်ကင်း၍ လူအများအတွက် အလွန်ကျေးဇူး များသော လုပ်ဆောင်ချက်များကို ရပ်ရွာလူထုက အားပေးကြ၏။ လေးစားကြ၏။ သူတို့ကို ကြည်ညိုကြ၏။

စိတ်ထားယုတ်ညံ့သော ရွာသူကြီးကမူ မနာလို မရှုစိမ့် ဖြစ်နေ၏။ ထို့ကြောင့် အပြစ်မကင်းသော အလုပ်များကို လုပ်ရန် ချောက်တွန်း၏။ မောင်မာဃတို့က မလုပ်ကြ။ ထိုအခါ ရန်ငြိုးဖွဲ့၍ "မောင်မာဃတို့တတွေ အုပ်စုဖွဲ့ပြီး ခိုးဆိုးတိုက်ခိုက်နေကြပါသည်။" ဟု ဘုရင်အား ကုန်းချော၏။ ဘုရင်က မောင်မာဃတို့ကို ဖမ်းစေဟု အမိန့်ထုတ်၏။ ရေ့တော်မှောက် ရောက်ကြသောအခါ ဆင်ဖြင့် နင်းသတ်စေဟု အမိန့်ပေး၏။

မောင်မာဃက သူ့အဖော်များကို ဘယ်သူ့ကိုမျှ စိတ်မပြစ်မှား မိစေဘဲ ဘုရင်၊ ရွာသူကြီး၊ ဆင်တို့အပေါ် မိမိနှင့် တန်းတူထား၍ မေတ္တာ အထူးပွားကြရန် သတိပေးရာ သတိပေးသည့်အတိုင်းလည်း သူ့အဖော်များက မေတ္တာပွားကြ၏။ သူတော်ကောင်းတို့၏ အကျင့် သိက္ခာဂုဏ်၊ မေတ္တာဘာဝနာဂုဏ်တို့ကြောင့် ဆင်မှာ နင်းဖို့မဆိုထားနှင့်၊ အနီးအပါးကိုပင် မလာတော့ဘဲ အဝေးကပင် ရှောင်ထွက်သွား၏။

ဤထူးဆန်းလှသည့် အဖြစ်အပျက်ကို ကိုယ်တွေ့သိမြင် ရသောဘုရင်သည် ထိုအခါမှ မောင်မာဃတို့ကို မေးစစ်ရာ သူကြီး၏ ညစ်ပတ် ယုတ်မာပုံ အဖြစ်မှန်ကို သိရသဖြင့် သူကြီးကို ရာထူးမှ

ချ၍ မောင်မာဃကို ရွာသူကြီးခန့်လိုက်ကာ အလိုရှိသလို စီမံခန့်ခွဲ လုပ်ဆောင်ပါဟု တိုက်တွန်းလိုက်၏။ သူကြီးဟောင်းနှင့် ဇနီး သားသမီးတို့ကိုလည်း မောင်မာဃ၏ အစေအပါး အလုပ်အကျွေးများ အဖြစ် မောင်မာဃအား ပေးလိုက်၏။

မောင်မာဃတို့မိတ်ဆွေ သူငယ်ချင်း ၃၃ ယောက်တို့သည် ကွယ်လွန်ကြသောအခါ သူတို့၏ အပြစ်ကင်းသော အလုပ်များကြောင့် တာဝတိံသာနတ်ပြည်၌ သိကြားဦးမာဃနှင့် အပေါင်းအဖော် နတ်သား များ ဖြစ်လာကြ၏။

(ဓမ္မပဒ-ပ၊ မဃဝတ္ထု)

**မှတ်ချက်** — ဇာတ်အဋ္ဌကထာ၊ ပထမအုပ်၊ စာမျက်နှာ ၂၁၅၊ **မဃဝတ္ထု** မူရင်း၌ **မာဃ**ဟု ရေးချုနှင့် မရှိ၊ ရေးချ မပါဘဲ **'မဃကုမာရော' 'မဃမာဏဝေါ'**ဟုသာ ရှိသည်။ သို့သော်လည်း မြန်မာတို့နှုတ်၌ **'သဒ္ဒ'**ကို **'သဒ္ဒါ'**ဟု နှုတ်ကျိုး နေသကဲ့သို့ **'မဃ'**ကိုလည်း **'မာဃ'**ဟု နှုတ်ကျိုး နေကြပြီဖြစ်၍ (သုခုစ္စာရဏာ) အသံထွက် လွယ်ကူစေရန် 'မာဃ'ဟုပင် ရေးသား လိုက်ပါသည်။

**၆။ အာရတီ ဝိရတီ ပါပါ၊ မဇ္ဇပါနာ စ သံယမော။**
**အပ္ပမာဒေါ စ ဓမ္မေသု၊ ဧတံ မင်္ဂလ မုတ္တမံ။**

**6. Refraining from evil in mind and abstaining in deed and speech, abstention from intoxicating drinks and diligence in virtue; this is the highest blessing.**

၆။ **ဒေဝတေ**–သိလိုရေးဖြင့် မေးလျှောက်ထားသည့် အိုနတ်သား။

(က) **အာရတီ ဝိရတီ ပါပါ**–ဒုစရိုက်တရား အပြစ်များကို ဉာဏ်အားထင်ထင် ကောင်းစွာမြင်၍ စိတ်တွင်ပယ်ခွာ ကိုယ်နှုတ်မှာလည်း ရှံခါတဆစ် မဖြစ်လေအောင် ကြဉ်ရှောင်ရခြင်းသည် လည်းကောင်း။

(ခ) **မဇ္ဇပါနာ စ သံယမော**– အရက်သေရည် မူးယစ်ရည်ကို မသတိစရာ အဆိပ်စာသို့ ဝေးစွာရှောင်ကြဉ်ခြင်းသည် လည်းကောင်း။ (ဝါ) မေ့လျော့စေတတ် မူးယစ်တတ်၍ မကပ်သတိ ရက်မရှိဘဲ ကိုယ်ရှိအဝတ် ကွင်းလုံးကျွတ် လျက် နှုတ်လွတ်ကိုယ်လွတ် ထင်တိုင်းလွတ်၍ ယွင်းချွတ် လွဲမှား အပြစ်များသည့် သောက်စားသေစာ မူးယစ်စာကို တကျာမလိမ်း စောင့်စည်း ထိန်းသိမ်းခြင်းသည် လည်းကောင်း။

(ဂ) **အပ္ပမာဒေါ စ ဓမ္မေသု**– ဒါန သီလာ ဘာဝနာ စသား ကောင်းမှုများကို မခြားနေ့ည သတိရခြင်းသည် လည်းကောင်း။

**ဧတံ**–ဤ တရားသုံးပါးသည်၊ **ဥတ္တမံ**– ချမ်းသာဆောင်တတ် လွန်ထူးမြတ်သည့်၊ **မင်္ဂလံ**– ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာပါပေတည်း။

## အကျဉ်းချုပ်မှတ်ရန်

၁၉။ ဒုစရိုက်တရားတို့ကို ရှောင်ကြဉ်ခြင်း။

၂၀။ အရက်သေစာ မသောက်စားခြင်း။

၂၁။ ကုသိုလ်တရားတို့ကို မမေ့ခြင်း။

ဤ သုံးပါးသည် ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ပါသည်။

**ဆောင်** ဒုစရိုက်ရှောင်ကြဉ်၊ သေရည်ကြဉ်၊ အစဉ်ချမ်းမြေ့ရာ။
ကုသိုလ်ပုည၊ မမေ့ရ၊ ဒါမှမင်္ဂလာ။

## သင်ကြားရေး အထောက်အကူ

### အာရတိ ဝိရတိ ပါပါ

### ၁၉။ မကောင်းမှုမှ ရှောင်ကြဉ်ခြင်း မင်္ဂလာ

ဤ မင်္ဂလာ၌ **ပါပ**=မကောင်းမှု ဒုစရိုက်ဆိုသည်မှာ ပါဏာတိပါတ စသော မကောင်းမှု လေးပါးဖြစ်ကြောင်း ခုဒ္ဒကပါဌ် အဋ္ဌကထာ ဖွင့်ပြ၏။ သုရာမေရယကို မဇ္ဇပါနာအရ သီးခြား ယူလတ္တံ့ဖြစ်၍ သုရာမေရယကို မယူဘဲချန်ထားသည်။ မကောင်းမှု အရ မုသာဝါဒကို ရှောင်ကြဉ်လျှင် ဝစီဒုစရိုက် လေးပါးလုံး ရှောင်ကြဉ်ခြင်းကိစ္စလည်း ပါဝင်ပြီးစီးသည်ဟု မှတ်ယူရာ၏။

မကောင်းမှု၏ အပြစ်ကို မြင်သဖြင့် "ဤ မကောင်းမှုကို မပြုလုပ်အံ့"ဟု စိတ်ဆုံးဖြတ်၍ စိတ်ဖြင့် ရှောင်ကြဉ်ခြင်းကို **အာရတိ** ဟု ဖွင့်ပြ၏။ ကိုယ် နှုတ်တို့ဖြင့် မပြုလုပ် မပြောဆိုဘဲ ရှောင်ကြဉ်ခြင်းကို **ဝိရတိ** ဟု ဖွင့်၏။

**သမာဒါန ဝိရတိ** ကိုယ် နှုတ်တို့ဖြင့် ရှောင်ကြဉ်ခြင်း ဝိရတိသည် **သမာဒါန ဝိရတိ၊ သမ္ပတ္တ ဝိရတိ၊ သမုစ္ဆေဒ ဝိရတိ** ဟု သုံးမျိုးရှိ၏။ သီလ ခံယူဆောက်တည်ထား၍ ဆောက်တည် ထားသော သီလ မပျက်စီးရအောင် မကောင်းမှုမှ ရှောင်ကြဉ်ခြင်းသည် သမာဒါန ဝိရတိ မည်၏။ သီဟိုဠ်ကျွန်း(သီရိလင်္ကာ) ဥတ္တရဝဍ္ဍမာန တောင်၌ နေသော ဥပါသကာတဦးသည် ပိင်္ဂလဗုဒ္ဓရက္ခိတ မထေရ်ထံ

ဥပုသ်သီလ ခံယူဆောက်တည်ခဲ့ပြီးလျှင် နွားရှာရန် တောသို့ ထွက်လာ၏။ တောင်ပေါ် တနေရာ၌ ရပ်၍ နွားများကို ရှာဖွေနေစဉ် စပါးကြီးမြွေ တကောင်သည် သူ၏ခြေသလုံးကို လာ၍ ရစ်ပတ်ထား၏။ လက်ထဲတွင် အဆင်သင့်ပါလာသော ပဲခွပ်ဖြင့် ခုတ်ပိုင်းလိုက်မည်ဟု ပဲခွပ်ကို မြှောက်ပြီးမှ သီလ ခံယူဆောက်တည်ခဲ့သည်ကို သတိရ၍ "အသက်သာ စွန့်မည်၊ ဆောက်တည်ထားသော သီလကို အပျက်မခံနိုင်"ဟု ဆုံးဖြတ်လျက် ပဲခွပ်ကို တောထဲသို့ လွှင့်ပစ်လိုက်၏။ ထိုအခါ စပါးကြီးမြွေသည် အခွေကိုဖြေ၍ တောထဲသို့ လျှောခနဲ ဝင်သွားလေတော့၏။ ဤရှောင်ကြဉ်မှုသည် **သမာဒါနဝိရတိ** တည်း။
(အင္ဂုတ္တရ၊ ၁၄၆၊ ဒွါရကထာ အဖွင့်)

**သမ္ပတ္တ ဝိရတိ** သီလ သိက္ခာပုဒ်ကို ခံယူဆောက်တည်ထားခြင်း မရှိဘဲ ရှောင်ကြဉ်စရာ ဝတ္ထုနှင့် ပက်ပင်းပါ တွေ့ကြုံရသည့်အခါ မကျူးလွန်ဘဲ ရှောင်ကြဉ်ခြင်းသည် သမ္ပတ္တဝိရတိမည်၏။ သီဟိုဠ်ကျွန်း၌ပင် စက္ကန အမည်ရှိသော ဥပါသကာသည် သူ့မိခင်၏ ရောဂါမှာ ယုန်သားစိုကို ချက်ကျွေးမှ ပျောက်မည်ဟု ဆေးဆရာ ပြောပြချက်အရ ယုန်သားရှာရန် လယ်တောသို့ ထွက်ခဲ့၏။ ကောက်နုကလေးများကို စားရန်လာသော ယုန်ငယ်တကောင်သည် စက္ကနကို မြင်သောအခါ လန့်ဖျပ်ပြေးရာ နွယ်တနွယ်၌ ငြိနေ၍ မပြေးနိုင် ဖြစ်နေ၏။ စက္ကနသည် ယုန်ငယ်ကို နွယ်မှဖြုတ်၍ "မိခင်၏ ရောဂါအတွက် ဆေးရပေပြီ"ဟု ဝမ်းသာသွား၏။ သို့သော်

ချက်ချင်းပင် "ငါ့မိခင် အသက်ရှင်ရေး အတွက် တခြားသတ္တဝါ၏ အသက်ကို သတ်ခြင်းမှာ မလျော်သော အမှုပါကလား"ဟု စဉ်းစားမိသဖြင့် မသတ်တော့ဘဲ "ချမ်းချမ်းသာသာနေပေတော့ ယုန်ကလေးရေ" ဟုဆိုကာ လွှတ်လိုက်၏။ ဤကား **သမ္မတ္တ ဝိရတိ**တည်း။

အိမ်သို့ရောက်သောအခါ မိပြီးသား ယုန်ကို လွှတ်လိုက်ခြင်းကြောင့် အစ်ကို ဖြစ်သူက ဆူ၏။ စက္ကနသည် မိခင်ရှိရာသို့ သွား၍ "ငါသည် မွေးဖွားလာသည်မှ စ၍ သတ္တဝါ၏ အသက်ကို သိလျက် မသတ်ခဲ့ဖူးပါ။ ဤစကားမှန်လျှင် ငါ့မိခင်၏ ရောဂါသည် ချက်ချင်း ပျောက်ကင်းပါစေသတည်း"ဟု သစ္စာဆိုရာ မိခင်၏ ရောဂါမှာ ချက်ချင်း ပျောက်ကင်းသွား၏။

(အင်္ဂုတ္တရ သာလိနီ၊ ၁၄၆၊ ဒွါရကထာအဖွင့်)

**သမုစ္ဆေဒ ဝိရတိ** မဂ်ဉာဏ်ရသော ပုဂ္ဂိုလ်တို့၌ မဂ်ဉာဏ်ရချိန်မှ စ၍ မဂ်အသိနှင့် ယှဉ်သော ရှောင်ကြဉ်မှုသည် သမုစ္ဆေဒ ဝိရတိ မည်၏။ အရိယာပုဂ္ဂိုလ်များ၌ မဂ်ဉာဏ် ဖြစ်ပေါ်ချိန်မှ စ၍ သတ္တဝါ၏ အသက်ကို သတ်လိုသောစိတ် မဖြစ်ပေါ်တော့ပေ။ ထို့ကြောင့် ယင်း ရှောင်ကြဉ်မှုမျိုးကို အမြစ်ပြတ် ရှောင်ကြဉ်မှု- **သမုစ္ဆေဒ ဝိရတိ** ဟု ဆိုရသည်။

## မဇ္ဇပါနာစ သံယမော

## ၂၀။ အရက်သေစာသောက်စားခြင်းမှ ရှောင်ကြဉ်ခြင်း မင်္ဂလာ

**အထူးရှောင်ကြဉ်ရန်** ဤအရက်သေစာ သောက်စားခြင်းသည် မကောင်းမှု–**ပါပ**ပင် ဖြစ်သော်လည်း တခြား မကောင်းမှုများနှင့် ရော၍ ‘ပါပ’ ဆိုသော စကားတွင် မပါဝင်စေဘဲ ဤအရက်ကို ရှောင်ကြဉ်ဖို့ရာ **မဇ္ဇပါနာစ သံယမော** ဟု သီးခြား ထုတ်ဖော် မိန့်တော်မူခြင်းသည် မကောင်းမှု ဒုစရိုက်တို့အနက် အထူးရှောင်ကြဉ်ရန် လိုအပ်သော မကောင်းမှု ဖြစ်သောကြောင့်ဟု ယူဆဖွယ် ရှိပေသည်။

ခုဒ္ဒကပါဌ အဋ္ဌကထာ၌ “သေရည်သောက်သောသူသည် အကြောင်းကိုလည်း မသိ၊ အကျိုးကိုလည်း မသိ၊ အမိကိုလည်း အန္တရာယ် ပြုတတ်၏၊ အဖကိုလည်း အန္တရာယ် ပြုတတ်၏။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ဘုရားရှင်၏ တပည့်သာဝကတို့ကိုပင်လည်း အန္တရာယ် ပြုတတ်၏”ဟု ဖော်ပြထား၏။

**သေရည်၏ ဆိုးကျိုး** ပါဠိကဝဂ် ပါဠိတော်၌ အရက်သေစာ သောက်စားခြင်းကြောင့် ရနိုင်သော ဆိုးကျိုးများကို ဘုရားရှင် ဟောတော်မူခဲ့ပေသည်။ ယင်းတို့မှာ–

(၁) စီးပွားဥစ္စာ ပျက်ပြား ဆုံးရှုံးခြင်း

(၂) ငြင်းခုံ ခိုက်ရန် ဖြစ်ပွားခြင်း

(၃) ရောဂါများခြင်း
(၄) နာမည်ဆိုး ထွက်ခြင်း
(၅) ရက်ဖွယ်ရာ ကိုယ်အင်္ဂါကို ဖေါ်ပြတတ်ခြင်း
(၆) ပညာဉာဏ် အားနည်းခြင်းတို့ ဖြစ်သည်။

**ဆောင်** ဥစ္စာပျက်ပြား၊ ငြင်းခုံများ၍၊ များပြားရောဂါ၊ အင်္ဂါမလုံ၊ မဲ့တုံကျော်စော၊ နည်းသောပညာ၊ ဤခြောက်ဖြာ၊ သေစာ သောက်စား အပြစ်တည်း။

**အရက်သမား၏ ဘဝနိဂုံး** ရှေးက ဗာရာဏသီပြည်၌ ငါးပါးသီလ လုံခြုံသော မိသားစုတစု ရှိ၏။ ယင်းမိသားစုကို "**သောတ္ထိယမိသားစု**" ဟု ခေါ်ကြ၏။ "ချမ်းမြေ့သာယာ မိသားစု"ဟု အဓိပ္ပာယ်ရ၏။ ဤ မိသားစု၌ ရုပ်ဆင်းအင်္ဂါ တင့်တယ်ချောမော၍ လိမ္မာရေးခြားလည်းရှိ အတတ်ပညာလည်း ပြည့်စုံသော တဦးတည်းသော သားတယောက် ရှိ၏။ ဘိုးဘွားမိဘတို့က အလွန်ချစ်မြတ်နိုးကြ၏။

တနေ့သော် ထိုသားသည် အပေါင်းအသင်းမှားရာမှ အရက်မူးပြီး မျက်ထောင့်နီကြီးဖြင့် လေးကွက်သိုင်းနင်းကာ ပြောမိပြောရာ အော်ကျယ်ဟစ်ကျယ် ပြောဆိုရင်း အိမ်သို့ ပြန်လာပြီးလျှင် အိပ်ရာထဲတွင် ထိုးအိပ်နေ၏။ အိပ်ရာမှ နိုး၍ အမူးပြေသောအခါ သူ၏ဖခင်က **သောတ္ထိယမိသားစု** ထဲမှ လူတယောက် အရက် သောက်ခြင်းမှာ လူကြားလို့မှ မတော်ကြောင်း

စသည် မြည်တွန် ပြောဆိုပြီးလျှင် နောက်ထပ်မသောက်ရန် ဖျောင်းဖျ ဆုံးမ၏။ သားက "မသောက်ဘဲမနေနိုင်၊ ဒါလောက် အရသာရှိတဲ့ ယမကာကို အခုမှ သိရတာ အသိနောက်ကျသည်"ဟု ပြော၏။ ဖခင်က အမျိုးမျိုး အကျိုးအကြောင်းပြကာ ဖျောင်းဖျပြောဆိုသော်လည်း မရပေ။ နောက်ဆုံး၌ ဖခင်က "အရက်သောက်လျှင် အိမ်မှ နှင်ချမည်"ဟု ပြောရာ "လုပ်ချင်ရာလုပ်၊ အရက်ကိုတော့ မရှောင်နိုင်ဘူး"ဟု သားက တင်းမာစွာ တုံ့ပြန်၏။

ဖခင်သူတော်ကောင်းကြီးသည် သားမိုက်ကို တရားရုံးသို့ ခေါ်သွားပြီးလျှင် သူ၏သား မဟုတ်တော့ကြောင်း လက်မှတ်ထိုးကာ အမွေပြတ် ကြေငြာလိုက်၏။ အိမ်မှလည်း နှင်ချလိုက်၏။ မိမိပိုင် ပစ္စည်း တပြားတချပ်မှ မရှိသော သားမိုက်သည် အပေါင်းအသင်းများ နှင့်အတူ လုံချည်အင်္ကျီ ပေါင်နှံရောင်းချ၍ အရက်ကို မိုးမလင်းအောင် သောက်စားပျော်ပါးနေ၏။ နောက်ဆုံးတွင် ဝတ်စရာ နံငယ်ပိုင်းမျှသာ ကျန်တော့၏။ နေစရာမရှိသဖြင့် သူတပါး၏ အိမ်နံရံ၌ ကပ်နေရ၏။ စားစရာလည်း မရှိ၍ ခွက်လက်ဆွဲကာ အိမ်စဉ်လျှောက် တောင်းစားနေရ၏။ နောက်ဆုံးတွင် ကလေကချေ ဘဝကို လမ်းပေါ်တွင် အဆုံးသတ်သွား၏။

(အသီတိနိပါတ်၊ မဟာသုတသောမဇာတ်၊ ၅၃၇)

## အပ္ပမာဒေါ၈ ဓမ္မေသု

## ၂၁။ ကုသိုလ်တရားတို့ကို မမေ့ခြင်း အပ္ပမာဒ မင်္ဂလာ

ဒုစရိုက်တရားတို့ကို ပြုနေလျှင်သော်လည်းကောင်း၊ ကာမဂုဏ် အာရုံတို့၌သာ နစ်မြုပ်နေလျှင်သော်လည်းကောင်း၊ ကုသိုလ်တရားတို့ကို မေ့လျော့နေ၏။ ဒုစရိုက်တရားတို့ကို မပြုမိအောင်၊ ကာမဂုဏ် အာရုံတို့၌သာ နစ်မြုပ်မနေမိအောင် အမြဲသတိရှိနေလျှင် ကုသိုလ် တရားတို့ကို မမေ့မလျော့ဘဲ သတိရနေသဖြင့် ကြီးပွားချမ်းသာ အပ္ပမာဒ မင်္ဂလာ ဖြစ်ပေသည်။

**ဓမ္မိကတိဿမင်း** ကိုယ်နှင့်စိတ်ကို ကောင်းစွာထားခြင်း— **အတ္တသမ္မာပဏိဓိ** အခန်း၌ ဖော်ပြခဲ့သော သီဟိုဠ်ကျွန်းမှ ဓမ္မိကတိဿမင်းကြီးသည် အပ္ပမာဒတရား လက်ကိုင်ထားသူ ဖြစ်၏။ တချိန်၌မူ ရသအာရုံ ကာမဂုဏ်ကို စွဲလမ်းမှုကြောင့် ဒါနကုသိုလ်ကို တခဏမျှ မေ့လျော့သွား၏။

ရှေ့၌ ဖော်ပြသည့်အတိုင်း မောင်တိဿ ပုံသက္ကူခါသား ရာဖွေ၍ မီး၌ ကင်ပြီးလျှင် ဆက်သသောအခါ မင်းကြီးသည် ထိုခါသားကင်၏ မွှေးကြိုင်လှသောအနံ့ကြောင့် စားလိုသည့်အာသာ ပြင်းပြလှသဖြင့် ခါသားကင်ကို ဖဲ့၍ ပါးစပ်ထဲသို့ ထည့်လိုက်ပြီးမှ ချက်ချင်းပင် ပြန်ထွေးပစ်လိုက်၏။ မောင်တိဿကမူ သူဆက်ကပ်သည့် ခါသားကင်၌ အဆိပ်ပါသည် မင်းကြီးထင်မှတ်၍ ထွေးပစ်သည် ဟု ယူဆသဖြင့် မင်းကြီး၏ ထွေးဖတ်ကို ကုန်း၍ ပါးစပ်ဖြင့်

ကိုက်လိုက်၏။ "အဆိပ်မပါပါ၊ ကျွန်တော်မျိုး စားပြဝံ့ပါသည်" ဆိုသော သဘောပင်။

သို့သော် မင်းကြီးက မောင်တိဿကို တားလိုက်ပြီးလျှင် မောင်တိဿ၌ ဘာအပြစ်မှ မရှိကြောင်း မိန့်ကြားပြီးနောက် "ငါသည် ငါ၏ စားဦးစားဖျားကို သံဃာတော်များအား မလှူဒါန်းဘဲ မည်သည့်အခါမျှ စားလေ့မရှိ။ ယခု ရသအာရုံ ကာမဂုဏ်ကြောင့် မေ့လျော့ပြီး သံဃာအား မဆက်ကပ်မိ ပါးစပ်ထဲသို့ သွင်းမိ၏။ သို့သော်လည်း ချက်ချင်း သတိရလို့ ထွေးပစ်ခြင်းဖြစ်သည်"ဟု မိန့်ကြားလိုက်၏။ မင်းကြီးသည် နန်းတော်သို့ နေ့စဉ် ဆွမ်းဘုဉ်းပေးရန် ပင့်ထားသော မထေရ်မြတ် ကြွလာသောအခါ ခါသားကင်ကို ဆက်ကပ်လှူဒါန်းလိုက်၏။ ထို့နောက်မှ မိမိကိုယ်တိုင် ခါသားကင်ကို ပွဲတော်တည်တော့၏။

**၇။ ဂါရဝေါ စ နိဝါတော စ၊ သန္တုဋ္ဌီ စ ကတညုတာ။**
**ကာလေန ဓမ္မဿဝနံ၊ ဧတံ မင်္ဂလ မုတ္တမံ။**

**7. Reverence, humility, contentment, gratitude and timely listening to Dhamma; this is the highest blessing.**

၇။ **ဒေဝတေ**–သိလိုရေးဖြင့် မေးလျှောက်ထားသည့် အိုနတ်သား။

(က) **ဂါရဝေါ စ**–ရတနာသုံးဖြာ ဆရာ မိဘ သီလစင်ကြယ် သက်ရွယ်ကြီးသူ ဂုဏ်ကြီးသူနှင့် စင်ဖြူစိတ်ထား သူတော်များကို စိတ်ထားရိုသေ နှုတ်ရိုသေ၍ ရိုသေကိုယ်မှု အလေးအမြတ်ပြုခြင်းသည် လည်းကောင်း။

(ခ) **နိဝါတော စ**–ရာထူးဂုဏ်သိရ် ပညာရှိန်နှင့် စည်းစိမ်ခြွေရံ ဂုဏ်ရှိန်ခံ၍ မောက်မာန်မကြွ ကိုယ်နှိမ့်ချလျက် ခြေချပုဆိုး မြွေစွယ်ကျိုးနှင့် ချိုကျိုးသောနွား ပမာလားသို့ ပိပြားစွာ နေခြင်းသည် လည်းကောင်း။

(ဂ) **သန္တုဋ္ဌီ စ**–စားရေးသောက်ရေး ဝတ်ဆင်ရေးနှင့် နေရေး ထိုင်ရာ အရာရာတွင် စိတ်ထားပြင်၍ လိုချင်လောဘ မပြင်းပြဘဲ မျှတချင့်ချိန် တင်းတိမ်ရောင့်ရဲခြင်းသည် လည်းကောင်း။

(ဃ) **ကတညုတာ**–သူတပါးကျေးဇူး ရှိပေဘူးကို အထူး သိတတ် တုံ့ပြန်ဆပ်ခြင်းသည် လည်းကောင်း။

(င) **ကာလေန ဓမ္မဿဝနံ**–အသိပညာ သဒ္ဓါတိုးပွား အကျိုး များ၍ ယုံမှားပယ်ရှင်း ပျံ့လွင့်ကင်းလျက် ပူခြင်းထွေထွေ ငြိမ်းအေးစေသည့် ဒေသနာဓာတ် တရားမြတ်ကို လျောက်ပတ်သောခါ ရိုသေစွာဖြင့် သဒ္ဓါရေ့သွား စိတ်ဝင်စားလျက် နာကြားခြင်းသည် လည်းကောင်း။

**ဧတံ**–ဤ တရားငါးပါးသည်၊ **ဥတ္တမံ**–ချမ်းသာဆောင်တတ် လွန်ထူးမြတ်သည့်၊ **မင်္ဂလံ**–ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာပါပေတည်း။

## အကျဉ်းချုပ်မှတ်ရန်

၂၂။ ရိုသေထိုက်သူကို ရိုသေခြင်း။

၂၃။ မိမိကိုယ်ကို နှိမ့်ချခြင်း။

၂၄။ တင်းတိမ်ရောင့်ရဲခြင်း။

၂၅။ သူတပါး၏ ကျေးဇူးကိုသိခြင်း။

၂၆။ လျောက်ပတ်သောအခါ တရားနာခြင်း။

ဤ ငါးပါးသည် ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ပါသည်။

**ဆောင်** ရိုသေထိုက်က၊ ရိုသေရ၊ နှိမ့်ချ ကိုယ့်ကိုယ်သာ။
ရောင့်ရဲလေဘိ၊ ကျေးဇူးသိ၊ ဆပ်ဘိတုံ့ပြန်ကာ။
သင့်လျော်ခါများ၊ နာတရား၊ မှတ်သား မင်္ဂလာ။

# သင်ကြားရေး အထောက်အကူ

## ဂါရဝေါ ၈

## ၂၂။ ရိုသေထိုက်သူကို ရိုသေခြင်း မင်္ဂလာ

**ရိုသေထိုက်သူ** ရိုသေထိုက်သူဆိုသည်မှာ ရတနာ သုံးပါး၊ဘိုးဘွား၊ မိဘ၊ဆရာသမား၊အသက်ကြီးသူ၊ သီလ သမာဓိ ပညာ အကျင့်သိက္ခာဂုဏ်နှင့် ပြည့်စုံသူ၊ စိတ်ကောင်းနှလုံးကောင်းရှိသူ၊ ကျေးဇူးပြုဖူးသူ စသော တနည်းနည်းဖြင့် လေးစားမြတ်နိုးအပ်သော ဂုဏ်ရှိသူများသည် ရိုသေထိုက်သူများ ဖြစ်ကြ၏။ ဤအချက်သည် ဂါရဝေါ ၈ ပုဒ်၏ မြန်မာပြန် စကားဖြင့်ပင် သိသာပေပြီ။

**ရိုသေခြင်း** ရိုသေခြင်းသည် ဘာသာအယူဝါဒ၊ အရပ်ဒေသ၊ လူမျိုးတို့၏ ဓလေ့ထုံးစံသို့လိုက်၍ ကွဲပြားခြားနားမှု ရှိ၏။ မြန်မာဗုဒ္ဓဘာသာ ယဉ်ကျေးမှုအရ ဘုန်းကြီး ရဟန်း တရားဟောနေစဉ် ရပ်လျက်နာလျှင် မရိုသေရာရောက်သည်။ သီရိလင်္ကာ၌ ဒါယကာ၊ ဒါယိကာမများ ထိုင်လျက်တရားနာ ကြစေကာမူ ရပ်လျက်နာသည် ကိုလည်း မရိုသေမှုဟု မယူဆကြဘဲ ရပ်လျက်နာသူများ နာကြသည်။ ရဟန်းသံဃာနှင့် စကားပြောရာ ၌လည်း ထို့အတူပင်။

မြတ်စွာဘုရားအား မင်္ဂလာတရား လျှောက်ထားသော နတ်သားသည် မတ်တပ်ရပ်လျက် လျှောက်ထားသည်။ ယင်းအချက်ကို "မြတ်စွာဘုရား၌ ရိုသေခြင်းကြောင့် မထိုင်ပေ"ဟု အဋ္ဌကထာက ဖွင့်ပြသည်။ ဤ အဋ္ဌကထာကို ရေးသော အရှင်မဟာဗုဒ္ဓဃောသ မထေရ်မှာ သီဟိုဠ်၌ ကြီးပွားသော အိန္ဒိယသားဖြစ်ရာ ထိုနိုင်ငံများ၏ ထုံးစံဓလေ့ကို မှီ၍ ယင်းသို့ဖွင့်သည်ဟု ယူဆရန် ရှိသည်။

မြန်မာ့ယဉ်ကျေးမှုအရ ရဟန်းသံဃာ ရှိရာသို့ ခြေဆင်းထိုင်လျှင် မရိုသေမှု ဖြစ်သည်။ သီရိလင်္ကာ၌ ထိုသို့ မယူဆကြဘဲ အကြောင်းအားလျော်စွာ ခြေဆင်းထိုင်သည့်အခါ ထိုင်ကြသည်။

မြန်မာဗုဒ္ဓဘာသာယဉ်ကျေးမှု အစဉ်အလာအရ ရိုသေခြင်းများမှာ ရိုသေထိုက်သူကို လမ်းသွားနေဆဲမှာ တွေ့လျှင် လမ်းဖယ်ပေးခြင်း၊ ရဟန်းသံဃာဖြစ်လျှင် လမ်းဖယ်ပေးရုံမျှမဟုတ်ဘဲ ထိုင်၍ ရှိခိုးဦးချခြင်း၊ ထိုင်ရန်မသင့်လျော်သည့် နေရာဖြစ်က ဖိနပ်ချွတ်၍ ကိုယ်ကို ကိုင်းညွတ်လျက် လက်အုပ်ချီနေခြင်း၊ ရိုသေထိုက်သူ၏ ရှေ့မှ ဖြတ်မသွားခြင်း၊ အကယ်၍ ဖြတ်သွားမှ ဖြစ်မည်ဆိုလျှင် ဖိနပ်ကို ချွတ်လျက် ကိုယ်ကိုကိုင်းညွတ်၍ ခပ်ဝေးဝေးမှ ဖြည်းဖြည်း သွားခြင်း၊ အနည်းဆုံး ဆယ်ပေခန့် လွန်သွားမှ ဖိနပ်ကို ပြန်စီးခြင်း၊ ရိုသေထိုက်သူက ရပ်နေလျှင်လည်း ဤနည်းအတိုင်းပင် ကျင့်ခြင်း။

ရပ်နေသူထံ သွားလျှင်လည်း ဆယ်ပေ ဆယ့်ငါးပေ အဝေးမှာ ဖိနပ်ကို ချွတ်ခဲ့၍ လက်အုပ်ချီကာ ကိုယ်ကိုကိုင်းညွတ်လျက် ချဉ်းကပ်ခြင်း၊ စကားပြောရန်ရှိက ငါးပေခန့် အဝေးတွင် ရပ်လျက် မတိုးမကျယ် ရိုသေစွာပြောခြင်း၊ ရပ်နေသူက ရဟန်းသံဃာဖြစ်လျှင်

ထိုင်ရန်သင့်လျော်သည့် နေရာဖြစ်က ထိုင်၍ ဦးချပြီးမှ လက်အုပ်ချီလျက် ရှိသေစွာ လျှောက်ထားပြောဆိုခြင်း၊ ထိုင်ရန်မသင့်သည့် နေရာဖြစ်က ရပ်လျက်ပင် လက်အုပ်ချီကာ လျှောက်ထားခြင်း၊ ကိစ္စပြီး၍ အနီးမှ သွားလျှင် လက်အုပ်ချီလျက် အနည်းဆုံး ခြေငါးလှမ်းခန့် နောက်ဆုတ်သွားပြီးမှ မိမိ သွားလိုရာဘက်သို့ မျက်နှာလှည့်၍သွားခြင်း၊

ထိုင်နေသော ရဟန်းသံဃာထံ သွားလျှင် လက်အုပ်ချီလျက် ကိုယ်ကို ကိုင်းညွတ်၍သွားခြင်း၊ မနီးမဝေး၌ ထိုင်ခြင်း၊ ဒူးထောင် ပေါင်ကားဖြစ်စေ၊ ခါးထောက်လျက်ဖြစ်စေ၊ တင်ပျဉ်ခွေလျက် ဖြစ်စေ မထိုင်ဘဲ ကျုံ့ကျုံ့ယုံ့ယုံ့ ရှိသေစွာထိုင်ခြင်း၊ ဦးချသည့်အခါ ပုဆိုးပေါက်မချဘဲ ဒူးနှစ်ဘက်၊ လက်နှစ်ဘက်နှင့် နဖူးပါ ကြမ်း၌ တည်မိအောင် ဦးချခြင်း၊ ဦးချနေသူ၏ ရှေ့မှ ဖြတ်မသွားခြင်း၊ ထိုင်နေသမျှ လက်အုပ်ချီထားခြင်း၊ လျှောက်စရာရှိသည်ကို လက်အုပ်ချီလျက် လျှောက်ထားခြင်း၊ အနီးမှ ထသွားလျှင် လက်အုပ်ချီလျက် အနည်းဆုံး ငါးပေခန့် အကွာအထိ နောက်ဆုတ်သွားခြင်း၊ (ဝလွန်းသူနှင့် ရောဂါဝေဒနာ တစုံတရာကြောင့် ကျုံ့ကျုံ့ မထိုင်နိုင်သူတို့ကမူ ခပ်ဝေးဝေး၌ တင်ပျဉ်ခွေလျက်ပင် ရှိသေစွာ ထိုင်သင့်ပါသည်) ရဟန်းသံဃာအား တစုံတရာ ကပ်လိုလျှင် နှစ်တောင့်ထွာ အကွာအဝေးအတွင်းမှ ဒူးထောက်လျက် လက်နှစ်ဘက်ဖြင့် ကပ်ခြင်း၊ ထိုင်ရာ၌ အပြစ် ခြောက်ပါး လွတ်ရာနေရာတွင် ထိုင်ရမည်ဟု ကျမ်းဂန်များ၌ ဖော်ပြထား၏။ အပြစ် ခြောက်ပါးမှာ နီးလွန်းခြင်း၊ ဝေးလွန်းခြင်း၊ ရှေ့တည့်တည့်ဖြစ်ခြင်း၊ လေညာကျခြင်း၊

မြင့်သောနေရာဖြစ်ခြင်း၊ နောက်ဘက်ကျခြင်းတို့ ဖြစ်သည်။ ဤအပြစ်ခြောက်ပါးလွတ်သော နေရာမှာ မနီးမဝေး ရှေ့တည့်တည့်မဟုတ်သော လေအောက်နိမ့်ရာ နေရာပင် ဖြစ်သည်။ ဤကား **ကာယိက ဂါရဝ** – ကိုယ်အမူအရာရိုသေမှု အချို့ ဖြစ်သည်။

**ဝါစသိက ဂါရဝ** – နှုတ်ပြော ရိုသေမှုကိုလည်း အထိုက်အလျောက် သိထားသင့်သည်။ လူမှာ လူအလိုက် ရဟန်းသံဃာမှာ ရဟန်းသံဃာအလိုက် သုံးစွဲရသော အရိုအသေ စကားလုံးများရှိသည်။

ခင်ဗျာ, ခင်ဗျား, ကျွန်တော်, ရှင်, ကျွန်မ စသော စကားလုံးများသည် လူတို့ သုံးစွဲသော အရိုအသေ အယဉ်အကျေး စကားလုံးများဖြစ်သည်။ သို့သော်လည်း အရာဌာနကြည့်၍ သုံးမှ ရိုသေရာ ယဉ်ကျေးရာ ရောက်သည်။ ဥပမာ ဦးကြီး ဦးလေးအရွယ် တယောက်နှင့် စကားပြောရာတွင် "ခင်ဗျားကို တရားနာ ဖိတ်ပါတယ်" ဆိုခြင်းထက် "ဦးကို တရားနာ ဖိတ်ပါတယ်" ဆိုသော စကားက ပိုပြီး ရိုသေယဉ်ကျေးမှု ရှိသည်။ "ရှင့်ကို တရားနာ ဖိတ်ပါတယ်" ဆိုခြင်းထက် "ဦးလေးကို တရားနာ ဖိတ်ပါတယ်" ဆိုသော စကားက ပိုပြီး ရိုသေ ယဉ်ကျေးမှု ရှိသည်။ ထို့အတူ 'ပါ' ဆိုသော စကားကိုလည်း ရိုသေယဉ်ကျေးမှုကို ဖေါ်ပြရန် သုံးကြသည်။ "တရားနာ ဖိတ်တယ်" ဆိုလျှင် ရိုသေမှု ယဉ်ကျေးမှု မဖြစ်ပေ။ "တရားနာ ဖိတ်ပါတယ်" ဆိုမှ ရိုသေမှု ယဉ်ကျေးမှု ဖြစ်သည်။

ရဟန်းသံဃာအချင်းချင်း ပြောဆိုဆက်ဆံရာ၌လည်းကောင်း၊ ဒါယကာ ဒါယိကာမများနှင့် ပြောဆိုဆက်ဆံရာ၌လည်းကောင်း၊

ဆရာတော်, ဘုန်းကြီး, ဦးပဥ္စင်း, ကိုရင်, အရှင်ဘုရား, တပည့်တော်, ဘုရားတပည့်တော်, ဦးတင်ပါတယ်ဘုရား, ပါဘုရား စသော အရိုအသေ စကားလုံးများကို သုံးကြရသည်။ ဤသို့လည်း အရာဌာနကို ကြည့်၍ သုံးမှ ရိုသေမှု ဖြစ်သည်။

'အရှင်ဘုရား' ဟူသော စကားလုံး၏ မြုပ်နေသော အဓိပ္ပာယ်ကို စဉ်းစားကြည့်လျှင် အဆင့်မြင့်သော အရိုသေသုံး စကားဟု ယူဆနိုင်သည်။ သို့သော် အသုံးကြာလာသောအခါ မူရင်းအနက် ငုပ်သွားပြီးလျှင် ယခုခေတ် သုံးစွဲထုံး(Usage)အရ အဆင့်လျော့ လာခဲ့သည်။ ဥပမာ လူ ဒါယကာ ဒါယိကာမများက မိမိအရွယ်၊ မိမိထက် ငယ်သောအရွယ်ရှိသည့် ရဟန်းသံဃာများကို "အရှင်ဘုရား၊ တရားချီးမြှင့်ပေးပါဘုရား" ဟု သုံးလျှင် ရိုသေမှုသဘော ပါဝင်သည်။

သို့သော် မိမိထက် အသက်အရွယ်ကြီးသော သံဃာ၊ ဂုဏ်ထူး ဝိသေသရှိ၍ အထူးလေးစားအပ်သော သံဃာ၊ မိမိကိုယ်တိုင်က အထူးရိုသေလေးစားသော သံဃာများကို လျှောက်ထားရာ၌မူ "အရှင်ဘုရား၊ တရားချီးမြှင့်ပေးပါဘုရား" ဆိုသော စကားသည် ရိုသေမှုသဘော အပြည့်အဝ မပါပေ။ "အရှင်မြတ်ဘုရား၊ တရားချီးမြှင့်ပေးတော်မူပါဘုရား"သို့မဟုတ် "ဆရာတော်ဘုရား၊ တရားချီးမြှင့်ပေးတော်မူပါဘုရား" ဟု လျှောက်ထားမှ ဂါရဝသဘော အပြည့်အဝ ပါရှိသည်။ ရဟန်းသံဃာချင်း ပြောဆိုလျှောက်ထား ရာမှာလည်း အလားတူပင် ဖြစ်သည်။

ရဟန်းသံဃာ အချင်းချင်းဖြစ်စေ၊ လူအချင်းချင်းဖြစ်စေ၊ လူနှင့်ရဟန်းသံဃာဖြစ်စေ၊ ဆက်ဆံပြောဆို သုံးနှုန်းရာတွင် အရိုအသေသုံးအဖြစ် မပါလျှင်မပြီး၊ မုချ ပါစေရမည့် စကားလုံးမှာ

'ပါ' ဟူသော စကားဖြစ်သည်။ ဤ 'ပါ' မပါလျှင်ကား အရိအသေစကား မဟုတ်တော့ပေ။ "ဟုတ်တယ်၊ မဟုတ်ဘူး၊ ကောင်းတယ်၊ မကောင်းဘူး၊ သွားမယ်၊ လာမယ်" စသော စကားများသည် ရိုသေမှု သဘောမပါ၊ မယဉ်ကျေး၊ ရိုင်းစိုင်းသည်။ "ဟုတ်ပါတယ်၊ မဟုတ်ပါဘူး၊ ကောင်းပါတယ်၊ မကောင်းပါဘူး၊ သွားပါမယ်၊ လာပါမယ်" စသည်ဖြင့် 'ပါ' ထည့်ပြောမှ ရိုသေမှု သဘောပါသည်၊ ယဉ်ကျေးသည်။

ရိုသေမှုသဘောပါသော စကားသည် အချင်းချင်း ရိုသေလေးစားထိုက်သည့် သဘောကို အသိအမှတ်ပြုခြင်း၊ မေတ္တာသဘောကို ဖော်ဆောင်ခြင်း၊ နားဝင်ချိုခြင်း စသည်ကြောင့် မင်္ဂလာဖြစ်ပေသည်။

ထို့ကြောင့် ရိုသေသော အပြုအမူ၊ ရိုသေသော အပြောအဆို၊ ရိုသေသော စိတ်နေစိတ်ထားသည် လူတိုင်းအတွက် လိုလားအပ်သော မင်္ဂလာတရား ဖြစ်လေသည်။

**ကျမ်းဂန်လာ အရိအသေသဘော** တနေ့သ၌ သိကြားမင်းသည် ဧကပုဏ္ဍရိက ဥယျာဉ်အတွင်းဝယ် ဂန္ဓဗ္ဗနတ်များ နတ်တူရိယာ ငါးပါးဖြင့် တီးမှုတ်သီဆို ဖျော်ဖြေသည်ကို နားထောင်လျက် နတ်စည်းစိမ်ခံစားနေ၏။ ထို အချိန်တွင် အရှင်မောဂ္ဂလာန်သည် အကြောင်းကိစ္စတခုဖြင့် တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူရာ အရှင်မောဂ္ဂလာန် ကြွတော်မူ လာသည်ကို မြင်သဖြင့် သိကြားမင်းက တီးမှုတ်သီဆိုမှုတို့ကို ရပ်လိုက်ကြရန် အမိန့်ပေးလိုက်၏။ ရိုသေထိုက်သူ အနီးအပါး၌ ရှိသောအခါ

သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကခုန်ခြင်းတို့ကို ပြုလုပ်လျှင် မရှိသေရာ ရောက်သောကြောင့် တားမြစ်လိုက်ခြင်း ဖြစ်၏။

ဤအကြောင်းနှင့် ပတ်သက်၍ အဋ္ဌကထာဆရာက "သဒ္ဓါတရားရှိသော မင်းတို့သည် ရိုသေလေးစားအပ်သော ရဟန်းတော်ကိုမြင်လျှင် 'အရှင်မြတ် ကြွလာနေတယ်၊ သီချင်း မဆိုကြနှင့်၊ မတီးမှုတ်ကြနှင့်'ဟု သဘင်သည်တို့ကို တားမြစ်ကြ၏။ သိကြားသည်လည်း အရှင်မောဂ္ဂလာန် ကြွလာသည်ကို မြင်၍ အလားတူပြုလုပ်ခြင်း ဖြစ်၏" ဟု ဖွင့်ပြထား၏။

(မူလပဏ္ဏာသ၊ ဋ္ဌ၊ ၃၁၉၊ ၂၀၁)

**ဘုရားရှင်ကို ရိုသေခြင်း** ရိုသေထိုက်သူ၏ အနီး၌ ခါးထောက်လျက် ရပ်ခြင်း၊ ခါးထောက်လျက် ထိုင်ခြင်း၊ လက်ထောက်လျက် ထိုင်ခြင်း၊ ခြေလက် အငြိမ်မနေ လှုပ်ရှားမြှောက်ခြင်း၊ ဟိုကြည့်သည်ကြည့် ကြည့်နေခြင်း၊ စကားပြောနေခြင်း၊ ချောင်းဟန့်ခြင်း၊ ချေခြင်း၊ တဦးနှင့်တဦး တို့ကာဆိတ်ကာနှင့် နောက်ပြောင် ကျီစယ်နေခြင်းများသည်လည်း အဂါရဝ အပြုအမူများပင် ဖြစ်သည်။

မြတ်စွာဘုရား လက်ထက်တော်အခါက ရဟန်းတော်အချို့ သည် ဓမ္မသဘင်တခု၌ ဉာဏ်လေးလှသော အရှင်စူဠပန္ထကကို ပဋိသမ္ဘိဒါပတ္တရဟန္တာ ဖြစ်သည်အထိ ချီးမြှောက်တော်မူနိုင်သော မြတ်စွာဘုရား၏ ဉာဏ်တော်စွမ်းအားကို ချီးကျူးပြောဆိုလျက် နေကြစဉ် မြတ်စွာဘုရား ကြွတော်မူလာသောအခါ မီးကို ရေနှင့် ငြိမ်းလိုက်သကဲ့သို့ စကားပြောရပ်ကာ တိတ်ဆိတ်ငြိမ်သက်သွားကြ၏။

မြတ်စွာဘုရားသည် တပည့်ရဟန်းပရိသတ်ကို ကြည့်၍ "ဤပရိသတ်သည် တင့်တယ်လှပေ၏၊ တပါးမျှ လက်လှုပ်ခြင်း, ခြေလှုပ်ခြင်း, ချောင်းဟန့်ခြင်း, ချေဆတ်ခြင်း မရှိပေ၊ ငါဘုရားကို ရိုသေခြင်းနှင့် ပြည့်စုံကြပေသည်" ဟု ဆင်ခြင်မိတော်မူ၏။

(ဓမ္မပဒ-ဋ္ဌ၊ အပ္ပမာဒဝဂ်၊ စူဠပန္ထကမထေရ်ဝတ္ထု)

**ရိုသေခြင်း၏ အကျိုး** မြတ်စွာဘုရား လက်ထက်တော်အခါက ခုနစ်ရက်မြောက်နေ့တွင် သေဆုံးရန် အကြောင်းရှိနေသော အာယုဝဍ္ဎန သတို့သားသည် ဘုရားရှင်စီမံပေးသော ကုသိုလ်ကောင်းမှု အစီအမံကြောင့် ခုနစ်ရက်မြောက်နေ့တွင် မသေဘဲ အသက် တရာ့နှစ်ဆယ် ရှည်သည်အထိ နေနိုင်ရန် အခြေအနေ ပြောင်းလဲသွား၏။ ဤအကြောင်းနှင့် ပတ်သက်၍ ရဟန်းတော်များက သတ္တဝါတို့ အသက်ရှည်ရှည် နေနိုင်ရန် အကြောင်းတရား တခုခု ရှိပေရာသည်ဟု ဆွေးနွေးပြောဆိုနေကြ၏။ ထိုအခိုက် ရှင်တော်မြတ်ဘုရား ကြွတော်မူလာ၍ ရဟန်းတို့က ၎င်းတို့ ဆွေးနွေးနေသော အကြောင်းအရာကို လျှောက်ထားသောအခါ မြတ်စွာဘုရားက-

"ရဟန်းတို့၊ ကြီးသူတို့ကို အမြဲရိုသေလေ့ ရှိသည်ဖြစ်၍ ရှိခိုးလေ့ရှိသောသူအား အသက်ရှည်ခြင်း၊ ရုပ်ဆင်းအင်္ဂါ တင့်တယ်ခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးမားခြင်း တရားလေးပါးတို့ တိုးပွားကြကုန်၏" ဟု မိန့်ကြားတော်မူ၏။

(ဓမ္မပဒ-ဋ္ဌ၊ ပ၊ ၄၂၅)

**တိတ္တိရဇာတ်** ဂါရဝအရာ၌ အများသိပြီးဖြစ်သော တိတ္တိရဇာတ်ကို အကျဉ်းချုပ်ဖော်ပြသင့်သည် ထင်ပါသည်။ ဟိမဝန္တာ တောအတွင်းရှိ ညောင်ပင်ကြီးတပင်ကို အမှီပြုလျက် ဆင် မျောက် ခါ သတ္တဝါ သုံးဦးတို့ နေကြသည်။ ထိုသုံးဦးသည် အချင်းချင်း ရိုသေလေးစားမှု မရှိကြဘဲ တော်သလို နေကြ၍ အဆင်မပြေ ဖြစ်လာသောအခါ အချင်းချင်း ကြီးသူကို ငယ်သူက ရိုသေလေးစားစွာ နေကြမှ ချမ်းချမ်းသာသာ နေကြရပေမည်ဟု တိုင်ပင်ပြီးလျှင် မည်သူက အသက်ကြီးသည်ကို သိရန် ဆင်ကို စ၍မေးရာ ဆင်က သူငယ်ရွယ်စဉ်၌ ဤညောင်ပင်ငယ်ကို ခွလျက်သွားရာ ညောင်ညွန့်ဖျား သည် သူ၏ချက်ကို ထိရုံမျှသာရှိကြောင်း ပြောပြ၏။

မျောက်ကို မေးပြန်ရာ မျောက်က သူငယ်ရွယ်စဉ်၌ ထိုင်နေစဉ် လည်တိုင်ကို မဆန့်ရဘဲ ဤညောင်ပင်ငယ်၏ အညွန့်ကို စားခဲ့ရကြောင်း ပြောပြ၏။ ခါကို မေးမြန်းကြပြန်ရာ ခါက ဤညောင်ပင်မှာ ဤနေရာ၌ ရှေးက မရှိခဲ့ကြောင်း၊ အခြားညောင်ပင်မှ ညောင်သီးကို သူစားခဲ့၍ ဤနေရာ၌ မစင်စွန့်သောအခါမှ ဤညောင်ပင် ပေါက်လာကြောင်း ပြောပြ၏။ သို့ဖြစ်၍ ခါသည် အသက်ကြီးဆုံး ဖြစ်သဖြင့် ဆင်နှင့်မျောက်တို့က ခါကို ရိုသေခြင်း၊ မြတ်နိုးခြင်း၊ ရှိခိုးခြင်း၊ ပူဇော်ခြင်း အမှုပြုလျက် အသက်ထက်ဆုံး ချမ်းသာစွာ နေသွားကြရ၏။

(ကေနိပါတ်၊ တိတ္တိရဇာတ်၊ ၃၇)

ရိုသေသမှု ဂါရဝပြုခြင်းသည် ထူးမြတ်သော မင်္ဂလာပါ ပေတည်း။

## နိဝါတော စ

## ၂၃။ မိမိကိုယ်ကို နှိမ့်ချခြင်း မင်္ဂလာ

**နှိမ့်ချခြင်းနှင့် မောက်မာခြင်း** နှိမ့်ချခြင်း=**နိဝါတ**သည် မောက်မာခြင်း–**မာန**၊ ခက်ထန်ခြင်း **ထဒ္ဓ** တို့၏ ဆန့်ကျင်ဘက်ဖြစ်၏။

ထို့ကြောင့် အမျိုးဇာတ်ကြောင့် ဖြစ်စေ၊ ပစ္စည်းဥစ္စာကြောင့် ဖြစ်စေ၊ ပညာအရည်အချင်းကြောင့် ဖြစ်စေ၊ ရာထူးဂုဏ်ရှိန်ကြောင့် ဖြစ်စေ မိမိကိုယ်ကိုသာ အဟုတ်ကြီး အတော်ကြီးထင်ကာ မာန် မာန ခက်ထန်နေသော သူ၌ နှိမ့်ချခြင်း **နိဝါတ** မင်္ဂလာ မရှိပေ။ နှိမ့်ချခြင်း **နိဝါတ** မင်္ဂလာ မရှိသမျှ ထိုသူသည် သိမ်မွေ့နူးညံ့ ပျော့ပျောင်းမှု မရှိသဖြင့် မချမ်းသာနိုင်ပေ။ အမြဲတစေ စိတ်ရော ကိုယ်ပါ ခက်ထန်ကြမ်းတမ်း မောက်မာရိုင်းစိုင်းနေမည်သာ ဖြစ်၍ အမြဲ ပူလောင်နေသူသာ ဖြစ်၏။

ထို့ကြောင့် အပူ၏ ဆန့်ကျင်ဘက် အအေးတရား နှိမ့်ချခြင်း= **နိဝါတ**ကား မုချ လိုလားအပ်သည့် မင်္ဂလာ တပါးဖြစ်၏။ နှိမ့်ချသည့် စိတ်ထားရှိသူသာ ရှိသေထိုက်သူကို ရှိသေ ကိုင်းရှိုင်းလေ့ ရှိပေသည်။

**မာန၏ အပြစ် နိဝါတ၏ အကျိုး** မောက်မာ ထောင်လွှားသူနှင့် ပတ်သက်၍ မြတ်စွာဘုရားက ဤသို့ ဟောတော်မူ၏။

"သုဘာ လုလင်၊ ဤ လောက၌ မာန် ခက်ထန်သော မိန်းမ၊ သို့မဟုတ် ယောကျ်ားသည် ရှိခိုးထိုက်သူကို

ရှိမခိုး၊ ခရီးဦးကြိုထိုက်သူကို ခရီးဦးမကြို၊ နေရာပေးထိုက်သူကို နေရာမပေး၊ လမ်းဖယ်ပေးသင့်သူကို လမ်းဖယ်မပေး၊ ကောင်းစွာ ပြုစုထိုက်သူကို ကောင်းစွာ မပြုစု၊ ရိုသေထိုက်သူကို မရိုသေ၊ မြတ်နိုးထိုက်သူကို မမြတ်နိုး၊ ပူဇော်ထိုက်သူကို မပူဇော်ပေ။ ထိုသူသည် ထိုမောက်မာ ထောင်လွှားမှု အကုသိုလ်ကံကြောင့် သေသောအခါ အပါယ် ဒုဂ္ဂတိသို့ လားရ၏။ အကယ်၍ လူဖြစ်ခဲ့သော် ယုတ်နိမ့်သော အမျိုး၌သာ ဖြစ်ရ၏။ သုဘလုလင်၊ ဤ မာန် ခက်ထန်ခြင်းသည် ယုတ်နိမ့်သော အမျိုး၌ ဖြစ်စေတတ်သော အကျင့်တည်း။

"သုဘ လုလင်၊ ဤလောက၌ မာန် ခက်ထန်မှု မရှိသော မိန်းမ၊ သို့မဟုတ် ယောကျာ်းသည် ရှိခိုးထိုက်သူကို ရှိခိုး၏၊ ခရီးဦးကြိုထိုက် သူကို ခရီးဦးကြို၏၊ နေရာပေးထိုက် သူကို နေရာပေး၏၊ လမ်းဖယ်ပေးသင့်သူကို လမ်းဖယ်ပေး၏၊ ကောင်းစွာ ပြုစုထိုက်သူကို ကောင်းစွာပြုစု၏၊ ရိုသေထိုက်သူကို ရိုသေ၏၊ မြတ်နိုးထိုက်သူကို မြတ်နိုး၏၊ ပူဇော်ထိုက်သူကို ပူဇော်၏၊ ထိုသူသည် ထိုမာန် မရှိခြင်း(နှိမ့်ချသော စိတ်ရှိခြင်း)ကြောင့် သေသောအခါ နတ်ရွာသုဂတိသို့ လားရ၏၊ အကယ်၍ လူဖြစ်ခဲ့သော် မြင့်မြတ်သော အမျိုး၌ ဖြစ်ရ၏၊ သုဘလုလင်၊ ဤ မာန် ခက်ထန်မှု မရှိခြင်း (မိမိကိုယ်ကို နှိမ့်ချခြင်း)သည် မြင့်မြတ်သော အမျိုး၌ ဖြစ်စေတတ်သော အကျင့်တည်း။" (ဥပရိပဏ္ဏာသ၊ ၂၄၈၊ စူဠကမ္မဝိဘင်္ဂသုတ်)

**ဆောင်** မာန် ထောင်လွှားက၊ မျိုးယုတ်ရ၊ နှိမ့်ချ မျိုးမြင့်သည်။
နှိမ့်ချသူမှာ၊ စဉ်မကွာ၊ မင်္ဂလာ ရှိပေသည်။

**မာနကြောင့်** ကဿပ မြတ်စွာဘုရား၏ လက်ထက်၌ မင်းသား
**အမျိုးယုတ်နိမ့်** တယောက်သည် မိတ်ဆွေကောင်းနှင့် ပေါင်းသင်း
မိသဖြင့် သတိ သံဝေဂ ဖြစ်၍ သာသနာတော်၌ ရဟန်းပြုပြီးလျှင် ပရိယတ် တရားတော်များကို သင်ယူရာ ပရိယတ္တိ ဗဟုသုတနှင့် ပြည့်ဝကုံလုံသော ရဟန်းတော် ဖြစ်လာ၏။ သို့ရာတွင် အမျိုးဇာတ်မာန်နှင့် ဗဟုသုတမာန် ခက်ထန်ကြီးမားလှ၍ မိမိကိုယ်ကို မြင့်မြှောက်ဝါကြွား ပြောဆိုကာ သူတပါးကို ရှုတ်ချပြောဆိုလေ့ရှိ၏။ မိမိကိုယ်ကို နှိမ့်ချခြင်း–**နိဝါတ** တရားကို နားမလည်သူ ဖြစ်၏။

ဂေါတမမြတ်စွာဘုရား လက်ထက်တော်သို့ ရောက်သောအခါ ထိုရဟန်းသည် သူ၏ ထိုမနှိမ့်ချမှု မာနကြီးမှု အကုသိုလ်ကံကြောင့် အယုတ်ဆုံး အနိမ့်ဆုံး အမျိုးဖြစ်သည့် သုသာန်စောင့် စဏ္ဍာလအမျိုး၌ ဖြစ်ရ၏။ သူ့အမည်မှာ သုပ္ပိယဖြစ်၏။

နောင်သောအခါ သောပါကမထေရ်ထံမှ တရားနာရ၍ ရဟန်း ပြုပြီးလျှင် တရားအားထုတ်ရာ ရဟန္တာ ဖြစ်သွား၏။ ဤအရာ၌ သတိပြုရန်မှာ မနှိမ့်ချမှု မောက်မာထောင်လွှားမှု မာန အကုသိုလ်သည် ရဟန္တာဖြစ်မည့် ဘဝအထိ လိုက်၍ ဆိုးကျိုးကို ပေးနိုင်သည်ဆိုသော အချက်ဖြစ်၏။

(ထေရဂါထာ–ဠ၊ ပ၊ ၁၁၄၊ သုပ္ပိယတ္ထေရဝတ္ထု)

**နှိမ့်ချသော သာကီဝင် ၆ ဦး**

သာကီဝင် မင်းမျိုးတို့မှာ အလွန် မာန ကြီးကြ၏။ မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ပထမအကြိမ် ကြွတော်မူစဉ်က ဆွေတော် မျိုးတော် သာကီဝင် မင်းမျိုးတို့က ရှိမခိုးလိုကြ၍ မြို့ထဲမှ ကလေးငယ် တို့ကို ရှေ့မှ ထိုင်စေကြလျက် သူတို့ကမူ နောက်ဆုံးမှ နေရာယူကြကာ ရှိမခိုးဘဲ နေကြ၏။ မြတ်စွာဘုရားက တန်ခိုးပြ ဆုံးမမှပင် ရှိခိုး ကြ၏။ ဤမျှ မာနကြီးသူများတည်း။

ဤမာနကြောင့်ပင် ဝိဋူဋဘ မင်းအဖြစ်ကို ရသောအခါ သာကီဝင်မျိုး အားလုံးကို သုတ်သင်ပစ်လိုက်၏။

သို့သော်လည်း ဘုရားရှင်၏ တရားတော်ကို နာကြားရ၍ တရားအသိ ရှိလာသော သာကီဝင်မျိုးတို့မှာ ရေးကလောက် မာန မကြီးကြတော့ပေ။ သို့ဖြင့် အာနန္ဒာ၊ ဘဒ္ဒိယ၊ အနုရုဒ္ဓ၊ ကိမိလ၊ ဘဂု၊ ဒေဝဒတ္တ ဟူသော သာကီဝင်မင်းသား ခြောက်ယောက်တို့သည် သာသနာတော်၌ သက်ဝင် ယုံကြည်စိတ် ရှိကြသဖြင့် သူတို့၏ အလုပ်အကျွေး ဆတ္တာသည် ဥပါလိကိုပါ ခေါ်ခဲ့ကြပြီးလျှင် ဥယျာဉ်ကစား ထွက်သည့်ဟန်ပြုလျက် မင်းခမ်းမင်းနားဖြင့် ထွက်ခဲ့ ကြ၏။ ယင်းသို့ သွားကြရင်းဖြင့် ကပိလဝတ် နယ်နိမိတ်ကို လွန်မှန်းမသိ လွန်ခဲ့ကြပြီး ကောသလနယ်ထဲသို့ ရောက်လာကြ၏။ ထိုအခါမှ နောက်ပါ ပရိသတ် အားလုံးကို မင်းအာဏာဖြင့် ပြန်လွှတ်လိုက်ကြ၏။

ထို့နောက် မိမိတို့၏ မင်းဝတ်တန်ဆာ အားလုံးကို ချွတ်၍ ဥပါလိအား အပြီးအပိုင် ပေးလိုက်ပြီးလျှင် ပြန်လွှတ်လိုက်ကြ၏။

ဥပါလိသည် အနည်းငယ်မျှ ပြန်သွားပြီးမှ မူလကပင် သဒ္ဓါတရား ရှိသူလည်းဖြစ်၊ သူ့အရင်များကို သံယောဇဉ်လည်း မဖြတ်နိုင်၊ မင်းသားများ၏ ဝတ်စားတန်ဆာများကို ယူ၍ ပြန်သွားလျှင် မင်းသားတို့ကို သူ သတ်ပစ်သည်ဟု စွပ်စွဲခံရကာ မင်းပြစ် သင့်မည်ကိုလည်း မြင်သောကြောင့် ဝတ်စားတန်ဆာများကို သစ်ပင် တပင်ပေါ်တွင် တင်ထားခဲ့ပြီးလျှင် မင်းသားများနောက်သို့ ပြန်လိုက်၍ သူ့ကိုပါ ရဟန်းပြုခွင့်ပေးရန် တောင်းပန်၏။ မင်းသားတို့လည်း ဝမ်းမြောက်စွာပင် ဥပါလိကိုပါခေါ်၍ မြတ်စွာဘုရား အထံတော်သို့ သွားကြ၏။

ဘုရားရှင်ထံမှောက်သို့ ရောက်ကြသောအခါ မင်းသားများက "ရှင်တော်မြတ်ဘုရား၊ တပည့်တော်များ သာကီမျိုးတို့သည် အလွန် မာနကြီးကြပါသည်။ သို့ဖြစ်၍ အချိန်ကြာမြင့်စွာ တပည့်တော်များအား ခြေရင်း အလုပ်အကျွေးအဖြစ်ဖြင့် လုပ်ကျွေးပြုစုခဲ့သော ဤဆတ္တာသည် ဥပါလိကို ရှေးဦးစွာ ရဟန်းပြုပေးတော်မူပါ။ သူ့ကို တပည့်တော်များက ရှိခိုးကြပါမည်။ သို့မှ တပည့်တော်များ မာန ကျိုးသွားကြမည် ဖြစ်ပါသည်ဘုရား"ဟု မြတ်စွာဘုရားအား လျှောက်ထားကြ၏။

မြတ်စွာဘုရားကလည်း ဥပါလိကို ပထမဆုံး ရဟန်းပြုပေးပြီး မှ မင်းသား ခြောက်ယောက်တို့ကို ရဟန်းပြုပေးလိုက်၏။ ချီးကျူးစရာ ကောင်းလှသော နှိမ့်ချသည့် စိတ်ထားများပင်။

(ဓမ္မပဒ – ၄၊ ပ၊ ၈၈၊ ၈၉)

**အလွန်နှိမ့်ချသော စာတတ်ပေတတ် မထေရ်မြတ်** အရှင်ပေါဋ္ဌိလ မထေရ်သည် ပိဋကသုံးပုံကို ပါရဂူရောက် တတ်မြောက် ကျွမ်းကျင်၍ ရဟန်းငါးရာတို့အား ပရိယတ်တရားကို ပို့ချလျက် နေ၏။ တရား အားထုတ်ဖို့ကား စိတ်ကူးမျှ မထည့်မိ။ ထို့ကြောင့် မြတ်စွာဘုရားက ပေါဋ္ဌိလမထေရ်ကို တွေ့တိုင်း အချိန်အခါ နေရာမရွေး "တုစ္ဆပေါဋ္ဌိလ" "အချီးနှီး ပေါဋ္ဌိလ၊ အလကား ပေါဋ္ဌိလ"ဟု နှိမ်လျက် ခေါ်တော်မူ၏။ အခေါ်ခံရပါ များလာသောအခါ အရှင်ပေါဋ္ဌိလ သံဝေဂဖြစ်လာကာ ကျောင်းမှ တိတ်တဆိတ် ထွက်သွား၏။ ယူဇနာ တရာ့နှစ်ဆယ် ဝေးသော တောရကျောင်းတကျောင်းသို့ ရောက်သောအခါ အကြီးဆုံး မထေရ်ထံ၌ တရားပြပေးရန် တရားတောင်း၏။

နာမည်ကျော် အရှင်ပေါဋ္ဌိလအကြောင်းကို သိထားပြီးသော မထေရ်ကြီးက ပရိယတ်မာန် ခံနေမည်စိုး၍ ဒုတိယ မထေရ်ထံ လွှတ်လိုက်၏။ ဒုတိယ မထေရ်ကလည်း တတိယ မထေရ်ထံ လွှတ်လိုက်၏။ သို့ဖြင့် ပို၍ငယ်သော မထေရ်ထံ အဆင့်ဆင့် လွှတ်ကြရာ နောက်ဆုံးတွင် အရှင်ပေါဋ္ဌိလသည် အငယ်ဆုံး ရဟန္တာဖြစ်သည့် ခုနစ်နှစ်သား ကိုရင်ကလေးထံ ရောက်သွား၏။

ကိုရင်ကလေးကိုလည်း "တပည့်တော်အား တရားပေးပါ ကိုရင်ဘုရား"ဟု ရိုရိုသေသေ လက်အုပ်ချီလျက် အရှင်ပေါဋ္ဌိလက လျှောက်ထား၏။ "တပည့်တော်၏ ဩဝါဒကို နာခံမည်ဆိုလျှင် တရားပေးပါမည်"ဟု ကိုရင်က လျှောက်ထားရာ "နာခံပါမည် ကိုရင်၊ ကိုရင်က မီးပုံထဲ ဆင်းပါဆိုလျှင်တောင်မှ တပည့်တော်

ဆင်းပါမည်”ဟု အရှင်မြတ်ကြီးက ဝန်ခံ၏။ သို့သော် ကိုရင်က လက်တွေ့ စမ်းကြည့်ဦးမှ ဖြစ်မည်ဟု စဉ်းစားပြီးလျှင် “အရှင်ဘုရား သင်္ကန်းမပင့်ဘဲ ဒီရေအိုင်ထဲကို ဆင်းပါ”ဟု ခိုင်းရာ အရှင်မြတ်ကြီးက ချက်ချင်းပင် ဆင်းလိုက်၏။ သင်းပိုင်အနားနှင့်ရေ ထိမိမှ “ပြန်တက်ပါ အရှင်ဘုရား”ဟု လျှောက်ပြန်၏။ အရှင်မြတ်ကြီး ပြန်တက်လာ၏။

ထိုအခါကျမှပင် ကိုရင်က “အရှင်ဘုရား တောင်ပို့တခုမှာ အပေါက် ခြောက်ပေါက် ရှိပါတယ်။ ဖွတ်တကောင်ဟာ အပေါက် တပေါက်မှ တောင်ပို့ထဲ ဝင်သွားပါတယ်။ အဲဒီဖွတ်ကို ဖမ်းလိုတဲ့ လူဟာ ကျန်တဲ့ အပေါက်ငါးပေါက်ကို ပိတ်ပြီး ဝင်တဲ့အပေါက်က စောင့်ဖမ်းရပါတယ်။ ထို့အတူပဲ အရှင်ဘုရားလဲ မျက်စိ နား နှာ လျှာ ကိုယ် ဆိုတဲ့ အပေါက်ငါးပေါက် ပိတ်ပြီး စိတ်ဆိုတဲ့ အပေါက်ဖွင့်ကာ စောင့်ရှုပါ”ဟု တရားပေးလိုက်၏။

ပရိယတ် ကျွမ်းကျင်ပြီးသော အရှင်ပေါဋ္ဌိလသည် ချက်ချင်း သဘောပေါက်သွားပြီးလျှင် ဆိတ်ငြိမ်ရာသို့ ကပ်၍ အားထုတ်ရာ မကြာမီပင် ကိလေသာကုန်ခန်း၍ ရဟန္တာ ဖြစ်သွား၏။

မိမိကိုယ်ကို နှိမ့်ချခြင်းသည် ကြီးမြတ်လှသော မင်္ဂလာ ဖြစ်ပေသည်။

## သန္တုဋ္ဌိစ

## ၂၄။ တင်းတိမ်ရောင့်ရဲခြင်း မင်္ဂလာ

ရဟန်း သံဃာများအတွက် ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါး၌ ရသမျှဖြင့် တင်းတိမ် ရောင့်ရဲခြင်းသည် ချမ်းသာကြောင်းလည်းဖြစ်၊ တရားရကြောင်းလည်း ဖြစ်သောကြောင့် မင်္ဂလာ ဖြစ်ပါသည်။

**ယထာလဒ္ဓေန သန္တုဋ္ဌိဘာဝသဒိသံ ဓနံ နတ္ထိ** – ရသမျှဖြင့် ရောင့်ရဲခြင်းနှင့်တူသော ဥစ္စာ မရှိချေ။

(ဓမ္မပဒ – ဋ္ဌ ၃၊ ၁၇၃)

လူများမှာမူ သားကျွေးမှု မယားကျွေးမှုစသော မုချ ထမ်းဆောင်ရမည့် တာဝန် ဝတ္တရားများ ရှိနေသဖြင့် လူတို့၏ တင်းတိမ်ရောင့်ရဲမှုသည်ကား အခြေအနေအရ တစုံတရာသော အတိုင်းအတာအထိ အကန့်အသတ် ရှိရ၏။ သို့သော် မတရားလောဘကိုမူ တင်းတိမ်ရောင့်ရဲမှုဖြင့် မလွဲမသွေ ဘောင်ခတ်ပေးရပေမည်။

**ကြက်သွန်ဖြူလှူသောဒါယကာ** မြတ်စွာဘုရား လက်ထက်တော် အခါက အရာရာတွင် ကဲလွန်းသောကြောင့် နာမည်ကြီးနေသော ထုလ္လနန္ဒာအမည်ရှိသည့် ဘိက္ခုနီမကြီး ရှိ၏။ သာဝတ္ထိမြို့မှ ကြက်သွန်စိုက်ပျိုးသူ ဒါယကာ တဦးသည် သဒ္ဓါတရား အားကြီးလှ၍ ဘိက္ခုနီသံဃာအား ကြက်သွန်ဖြူဖြင့် ဖိတ်ကြားထား၏။ ကြက်သွန်ခင်းစောင့်သူကိုလည်း "ဘိက္ခုနီမများ

ကြက်သွန်ဖြူ အလှူခံလာလျှင် တပါး တပါးအား နှစ်ထုပ် သုံးထုပ် လှူလိုက်ပါ”ဟု မှာထား၏။ လယ်စောင့်သည် ပြောထားသည့် အတိုင်း လှူ၏။

**လောဘကြီးသော ထုလ္လနန္ဒာ** တနေ့သော် မြို့တော်တွင် ပွဲနေ့ဖြစ်၍ အိမ်၌ ယူဆောင်ထားသော ကြက်သွန်ဖြူများ ကုန်သွား၏။ ထုလ္လနန္ဒာ ဘိက္ခုနီမကြီးသည် တပည့် ဘိက္ခုနီမများကို ခေါ်၍ ကြက်သွန်ဖြူ အလှူခံရန် ယင်း ဒါယကာ၏ အိမ်သို့သွားရာ အိမ်၌ ကြက်သွန် ကုန်နေသဖြင့် ကြက်သွန်ခင်းသို့ ကြွ၍ အလှူခံရန် လျှောက်လိုက်၏။ ကြက်သွန်ခင်းသို့ ရောက်သော အခါ ထုလ္လနန္ဒာတို့ တသိုက်သည် အတိုင်းအရှည်မသိ၊ ရောင့်ရဲ တင်းတိမ်မှုတရား လက်ကိုင်မထားကြဘဲ ကြက်သွန်ဖြူများကို အမြောက်အမြား ယူဆောင်သွားကြ၏။ ဤ အခြင်းအရာကို မြင်သော လယ်စောင့်သမားက “ဘိက္ခုနီတွေ လောဘကြီးသည်”ဟု ကဲ့ရဲ့၏။

ဤအကြောင်းကို ကြားသိရသော အခြား ရဟန်းမများ၊ ရဟန်းများကလည်း ကဲ့ရဲ့ကြ၏။ မြတ်စွာဘုရား နားတော် ပေါက်ကြားသောအခါ ဘုရားရှင်က စစ်ဆေး၍ ဟုတ်မှန်ကြောင်း သိရလျှင် အမျိုးမျိုး ကဲ့ရဲ့တော်မူပြီးလျှင် –

“**ယံ လဒ္ဓံ တေန တုဋ္ဌဗ္ဗံ** – ရသမျှနှင့် ရောင့်ရဲ တင်းတိမ်ရမည်။
**အတိလောဘော ဟိ ပါပကော** – လောဘ အလွန်ကြီးသူ သည်ကား ယုတ်မာသူပေတည်း”ဟု ဆုံးမတော်မူ၏။

ထို့နောက် –

"အမြောင့်များစွာပါသော ကြက်သွန်ဖြူကို စားသော ဘိက္ခုနီအား ပါစိတ် အာပတ်သင့်၏"ဟု သိက္ခာပုဒ် ပညတ်တော်မူ၏။ (ပါစိတ်ပါဠိတော်၊ ၃၃၉၊ ၃၄၀)

ဤသိက္ခာပုဒ်သည် ထုလ္လနန္ဒာ ရောင့်ရဲမှု မရှိခြင်းကြောင့် ဖြစ်ပေါ်လာသော သိက္ခာပုဒ်ဖြစ်၏။

**မဂဓတိုင်း၌ ဖြစ်သောကြက်သွန်ဖြူ** ဤ၌ ကြက်သွန်ဖြူအရ မဂဓတိုင်း၌ ဖြစ်သော အမြောင့်များစွာ ရှိသည့် ကြက်သွန်ဖြူကိုသာ ယူရမည်ဟု ပါစိတ် အဋ္ဌကထာ(၁၉၅)၌ ဖွင့်ပြ၏။ ယင်း ကြက်သွန်ဖြူကို သူ့ချည်းသက်သက် မစားကောင်း၊ ဟင်းထဲ အသုပ်ထဲ ယာဂုထဲစသည် ထည့်၍စားလျှင် စားကောင်း၏။ သူ့ချည်းသက်သက် စားလျှင် ဘိက္ခုနီအား ပါစိတ်၊ ဘိက္ခုအား ဒုက္ကဋ်။ မကျန်းမာလျှင်မူ ဆေးအဖြစ် သူ့ချည်းသက်သက် စားကောင်း၏။

(စူဠဝဂ္ဂပါဠိတော်၊ ၂၈၁–၂)

**မရောင့်ရဲသော ဦးပဉ္စင်းကြီး** ကိုယ်နှင့်စိတ်ကို ကောင်းစွာထားခြင်း နှင့် ကုသိုလ်တရားတို့ကို မမေ့လျော့ခြင်း မင်္ဂလာများ၌ ဖော်ပြခဲ့သော တရားစောင့်သည့် ဓမ္မိကတိဿမင်း အကြောင်းကို ဤအရာ၌ ဆက်လက် ဖော်ပြရလျှင် သင့်အံ့ထင်ပါသည်။

ထိုမင်းသည် မောင်တိဿ စီမံဆက်သသော ပုံသကူ ခါသားကင် သုံးကောင်ကို ရသော ပထမနေ့၌ ဖော်ပြခဲ့သည့်အတိုင်း နန်းတော်သို့ ဆွမ်းဘုဉ်းပေးရန် ပင့်ထားသဖြင့် ကြွနေကျဖြစ်သော မထေရ် ကြွလာသောအခါ မထေရ်အား ခါသားကင်တကောင် လောင်းလှူ လိုက်၏။ မထေရ်၏နောက်မှ ပါလာသော ဦးပဉ္စင်းကြီးအားလည်း တကောင် လောင်းလှူလိုက်၏။ မထေရ်သည် အသင့်ခင်းထားသော အခင်းပေါ်၌ ထိုင်ပြီးလျှင် ခါသားကင်ဖြင့် ဆွမ်းဘုဉ်းပေး၏။ ဦးပဉ္စင်းကြီးလည်း ဘုဉ်းပေး၏။ ဘုရင်ကမူ အနီးမှ ထိုင်၍ ကြည့်ညိုနေ၏။

ဘုဉ်းပေး၍ တဝက်ခန့် ကုန်လောက်သောအခါ ဘုရင်က ကျန်သော ခါသားကင် တကောင်ကို ယူ၍ လိုက်ပွဲအဖြစ် အလှူခံရန် မထေရ်ကြီးအား ကပ်၏။ မထေရ်ကြီးက သပိတ်ပေါ် လက်ကာ၍ အလိုမရှိတော့ကြောင်း ပြလိုက်၏။ ဦးပဉ္စင်းကြီးအား ကပ်သောအခါ ဦးပဉ္စင်းကြီးက မတားမြစ်ဘဲ လက်ခံလိုက်၏။ ဦးပဉ္စင်းကြီးသည် ခါသားကင်နှစ်ကောင် ကုန်အောင် ဘုဉ်းပေး၏။

ဘုရင် ပွဲတော်တည်ရန် ဘာမျှ မကျန်တော့ပေ။ ခါသား စားချင်လှသော ဘုရင်သည် ခါသားကင် လက်ထဲရောက်ပြီးမှ မစားရသောကြောင့် စိတ်မကောင်းလှ။

ဆွမ်းဘုဉ်းပေးပြီး၍ ပြန်ကြွသောအခါ ဘုရင်သည် မထေရ် အနီးသို့ ချဉ်းကပ်၍ "အရှင်မြတ်ဘုရား၊ အလိုက်သိသော ပုဂ္ဂိုလ်ကို နောက်ပါအဖြစ် လိုက်စေသင့်ပါသည် ဘုရား"ဟု တိုးတိုး လျှောက်ထား၏။ ထိုအခါမှ ဦးပဉ္စင်းကြီးကို ဘုရင်က ပင့်ထားသည်ဟု

ထင်နေသော မထေရ်မှာ အဖြစ်မှန်ကို ရိပ်စားမိတော့၏။ စင်စစ်မူ ဤ ဦးပဉ္စင်းကြီးမှာ မထေရ်ခေါ်လာသည့် နောက်ပါ တပည့် ပဏ္ဍာသမဏလည်း မဟုတ်၊ ဘုရင် ပင့်ထားသော ပုဂ္ဂိုလ်လည်း မဟုတ်ပေ။ မထေရ်၏ ပဏ္ဍာသမဏ ဟန်ဆောင်၍ ခပ်တည်တည်ဖြင့် နောက်ယောင်ခံ လိုက်လာသော ဦးပဉ္စင်းကြီးဖြစ်၏။ သို့သော် ဦးပဉ္စင်းကြီး မင်းပြစ်သင့်မည်စိုး၍ မထေရ်က မည်သို့မျှ စကားတုံ့ မပြန်ဘဲ ဆိတ်ဆိတ်နေလိုက်၏။

**အတိုင်းအရှည်သိ၍ ရောင့်ရဲသောသာမဏေ** နောက် တနေ့တွင် မထေရ်သည် ဝတ္တရား နားလည်သော ခုနစ်နှစ်ရွယ် သာမဏေငယ်ကို နောက်ပါအဖြစ် ခေါ်ခဲ့၏။ ယခင်နေ့ကနည်းတူ ဘုရင်က မထေရ်၏ သပိတ်၌ ခါသားကင်တကောင် လောင်းလှူပြီးနောက် သာမဏေငယ်၏ သပိတ်၌ လောင်းလှူရန် ခါသားကင်တကောင်ကို မလိုက်၏။ သာမဏေငယ်က ခါသားကင်ကို တဝက်ခွဲရန် လက်ညှိုးကလေးဖြင့် ပြလိုက်ရာ ဘုရင်သည် သာမဏေငယ် ပြသည့်အတိုင်း ခါသားကို တဝက်ခွဲ၍ လောင်းလိုက်၏။ လိုက်ပွဲကပ်သောအခါ၌လည်း မထေရ်ရော သာမဏေငယ်ပါ လက်ကာ၍ တားလိုက်ကြ၏။ ဆရာတပည့်နှစ်ပါး၏ အတိုင်းအရှည်သိမှု ရောင့်ရဲမှုကြောင့် ဘုရင် ပွဲတော်တည်ရန် ခါသား တကောင်ခွဲ ကျန်၏။

ဘုရင်သည် ကျန်သော ခါသားကို မြိန်ယှက်စွာ ပွဲတော်တည် ရသဖြင့် ကျေနပ် ဝမ်းသာနေ၏။ သူ့မှာ စွဲကပ်နေသော နားပြည်တည်

ရောဂါသည်လည်း နှာမှ ပြည်များ ထွက်ကျလာပြီးလျှင် ပျောက်ကင်းသွား၏။

ပွဲတော်တည်ပြီးသောအခါ သာမဏေငယ်ကို ကြည့်ညိုလှ၍ ဆွမ်းရစ်ဝတ်လှူကြောင်း သာမဏေငယ်အား လျှောက်ထားရာ "အဲဒီ ဆွမ်းရစ်ဝတ်ကို ဥပဇ္ဈာယ်ဆရာအား လှူပါသည် မင်းကြီး"ဟု သာမဏေက ပြော၏။ ဘုရင်က နောက်ထပ် ဆွမ်းရစ်ဝတ် လှူပါကြောင်း လျှောက်ထားပြန်ရာ သာမဏေငယ်သည် ဒုတိယရစ်ဝတ်ကို ဟာချဆရာအား၊ တတိယရစ်ဝတ်ကို ဥပဇ္ဈာယ်တူ သီတင်းသုံးဖော်များအား၊ စတုတ္ထရစ်ဝတ်ကို သံဃာအား လှူလိုက်၏။ ပဉ္စမရစ်ဝတ်ကျမှပင် သူ့အတွက် လက်ခံလိုက်၏။

> "ဤသို့ ခံယူမှု၌ အတိုင်းအရှည်ကို သိသောသူသည် မဖြစ်သေးသော လာဘ်လာဘကို ဖြစ်ပေါ်စေ၏။ ဖြစ်ပေါ်ပြီး လာဘ်လာဘကို တည်တံ့စေနိုင်၏။"
>
> (သဋ္ဌာယနဝဂ္ဂသံယုတ် - ၄၊ ၇၀၊ ၂၁)

## ကတညုတာ

## ၂၅။ သူတပါး၏ ကျေးဇူးကိုသိခြင်း မင်္ဂလာ

"ရဟန်းတို့၊ လောက၌ ရခဲသော ပုဂ္ဂိုလ် နှစ်ယောက်ရှိ၏။ ထို နှစ်ယောက်တို့မှာ သူတပါးကို ရှေ့ဦးစွာ ကျေးဇူးပြုတတ်သူ တယောက်။ သူတပါးက ပြုဖူးသော ကျေးဇူးကို သိတတ်, ကျေးဇူးကို

ဖော်ပြ၍ ကျေးဇူးဆပ်တတ်သော ပုဂ္ဂိုလ်တယောက်၊ ဤ နှစ်ယောက်တို့ပေတည်း။” (အင်္ဂုတ္တိုရ်၊ ပ၊ ၈၆၊ ၃က)

“ကတညုတာ၊ ကတဝေဒိ၊ မသိတတ်သူ၊ လူ မသမာ၊ ထိုများစွာတို့၊ ဥစ္စာစီးပွား၊ လျော့ပါးယိမ်းယိုင်၊ မြဲမခိုင်ဘူး၊ ဓမ္မကရိုဏ်စစ်ရေ၊ ကျဖွားရေသို့၊ သရေမတိုး၊ ဘုန်းရောင်ညှိုးလျက်၊ တန်ခိုးနေ့ညှ၊ ဆုတ်လပမာ၊ ယုတ်တတ်စွာ၏။”

(မဃဒေဝ လင်္ကာသစ်)

**ကျေးဇူးသိတတ်သောဘုရင်** ဗာရာဏသီပြည်တွင် တရားစောင့်သော မင်းတပါး အုပ်ချုပ် မင်းလုပ်စဉ် အခါက ဖြစ်၏။ တိုင်းစွန် ပြည်ဖျား၌ ထကြွ သောင်းကျန်းနေသော သူပုန်တို့ အင်အားကြီးသဖြင့် ဘုရင်ကိုယ်တိုင် သွားရောက် နှိမ်နင်းရာ သူပုန်တို့ အရေးသာ၍ ဘုရင့်တပ်သားများ ကစဉ့်ကလျား ပြေးကြရ၏။ ဘုရင်လည်း တပါးတည်း မြင်းစီးလျက် ပြေးရရာ ရွာငယ်တရွာသို့ ရောက်သွား၏။ ထိုရွာ၌ မင်းမှုထမ်း အချို့ရှိရာ တယောက်သော မင်းမှုထမ်းသည် ဘုရင့်ကို တွေ့သော်လည်း ဘုရင်မှန်း မသိသဖြင့် “သင်ဟာ သူပုန်တပ်သားလား၊ ဘုရင့်တပ်သားလား”ဟု မေး၏။ “ဘုရင့်တပ်သားပါ”ဟု ဖြေသောအခါ “မိတ်ဆွေ ကျွန်ုပ်၏အိမ်ကို လိုက်ခဲ့ပါ”ဟု အိမ်သို့ ခေါ်သွားပြီးလျှင် လင်ရော မယားပါ အကောင်းဆုံး ဧည့်ဝတ်ပြုကြ၏။

နှစ်ရက် သုံးရက် ရှိသောအခါ ဧည့်သည်က ဗာရာဏသီသို့ ပြန်တော့မည်ဖြစ်ကြောင်း ပြောပြီးလျှင် “မိတ်ဆွေ၊ ကျွန်ုပ်ကို

မြင်းသည်တော်ကြီးလို့ ခေါ်ကြပါတယ်၊ ကိစ္စတခုခုနှင့် ဗာရာဏသီကို ရောက်ရင် တံခါးမှူးကို မြင်းသည်တော်ကြီးအိမ် ပို့ပေးပါလို့ ပြောပါ။ ကျွန်ုပ်ထံ ပို့ပေးပါလိမ့်မယ်၊ ရောက်အောင် လာခဲ့စေလိုပါတယ်”ဟု မှာထားကာ ထွက်သွား၏။

ဘုရင်သည် ထို မင်းမှုထမ်း ရောက်လာမည်ကို မျှော်နေ၏။ ရက်အတန်ကြာသော်လည်း မရောက်လာသောအခါ ထိုရွာကို အခွန်တိုးကောက်စေ၏။ အခွန်တွေ အဆမတန် တိုးနေမှ ရွာသားများ၏ တိုက်တွန်းချက်အရ ထို မင်းမှုထမ်းသည် လက်ဆောင် ပဏ္ဏာ အမြောက်အများယူကာ ဗာရာဏသီသို့ ထွက်လာ၏။ မြို့တံခါးသို့ ရောက်သောအခါ တံခါးမှူးအား မြင်းသည်တော်ကြီး၏ အိမ်ကို မေး၏။ တံခါးမှူးကလည်း ဘုရင် တိုးတိုးတိတ်တိတ် မှာထားခဲ့သည့် အတိုင်း ထိုသူကို ဘုရင့် ရှေ့တော်မှောက်သို့ အရောက် ခေါ်ခဲ့၏။

**သူမတူသော ကျေးဇူးဆပ်ခြင်း**

နန်းတော်ပေါ်သို့ ရောက်လျှင်ပင် ဘုရင်သည် ရာဇပလ္လင်မှ ဆင်း၍ ဧည့်သည်ကို လှိုက်လှဲ ဖော်ရွေစွာ ဆီးကြိုပြီးလျှင် လက်ကိုဆွဲ၍ ခေါ်ကာ ရာဇပလ္လင်ထက်၌ သူနှင့်အတူထိုင်စေ၏။ ဧည့်သည် ယူလာသော မုန့်များကို မိမိလည်း ပွဲတော်တည်၊ မိဖုရားနှင့် မှူးကြီးမတ်ရာတို့ကိုလည်း စားစေ၏။ မိမိဝတ်ထားသော ကာသိတိုင်းဖြစ် အဝတ်တို့ကို ချွတ်၍ ပစ္စန္တရစ်သား ဧည့်သည် လက်ဆောင်အဖြစ် ယူလာသည့် အဝတ်များကို ဝတ်၏။ မိဖုရားကြီးကိုလည်း ဝတ်စေ၏။

နှုတ်မှလည်း "ငါ့မိတ်ဆွေ"ဆိုသော စကားကို ခဏခဏ သုံး၏။ အတူနေ၊ အတူစား၏။

ရက်အနည်းငယ် ကြာသောအခါ ထိုရှာသား ညှော်သည်၏ မိသားစုတို့ကို နန်းတော်သို့ ခေါ်စေပြီးလျှင် နန်းတော်ဝင်းအတွင်း တင့်တယ်ခမ်းနားသော အိမ်ကြီးတလုံး၌ နေစေ၍ မင်းစည်းစိမ်ကို ထို ပစ္စန္တရစ် ရှာသားအား ထက်ဝက် ခွဲပေးထား၏။

ပစ္စန္တရစ် ရှာသားအား ဘုရင်က ထူးခြားစွာ အရေး ပေးနေသည် ကို မှူးကြီးမတ်ရာတို့ မကျေနပ်၍ တီးတိုး ပြောနေကြ၏။ နောက်ဆုံးတွင် ဘုရင်၏ သားတော်အား ဘုရင်ကို သတိပေးရန် ပြောကြ၏။ မင်းသားက သူ့ခမည်းတော်ကို သတိပေးသောအခါ ဘုရင်က အကြောင်းစုံကို အားလုံး သိစေရန် ပြောပြလိုက်၏။ ထိုအခါမှ ဘုရင်သည် ကျေးဇူးရှင်အား ကျေးဇူး ဆပ်နေခြင်းဖြစ်ကြောင်း သဘောပေါက်ကြကာ ကျေနပ်သွားကြ၏။

**ဆောင်** သူ၏ကျေးဇူး၊ ရှိပေဘူး၊ အထူးသိအပ်စွာ။
ခွင့်သင့်တုံလတ်၊ တုံ့ပြန်ဆပ်၊ ရအပ်ကျိုးများစွာ။
ကျေးဇူးတုံ့လှယ်၊ ချစ်ကြိုးသွယ်၊ ဖြိုးကြွယ်မင်္ဂလာ။

## ကာလေန ဓမ္မဿဝနံ

## ၂၆။ လျောက်ပတ်သောအခါ တရားနာခြင်း မင်္ဂလာ

"ရဟန်းတို့၊ တရားနာခြင်း၌ အကျိုးငါးပါး ရှိ၏။ ယင်းတို့မှာ –

၁။ မနာကြားဘူးသေးသော တရားကို နာကြားရ၏။
၂။ နာဘူးပြီးသော တရားကို ပြတ်သားကြည်လင် သိမြင်စေ၏။
၃။ ယုံမှားကို ပယ်ဖျောက်နိုင်၏။
၄။ အယူဝါဒကို ဖြောင့်အောင် ပြုနိုင်၏။
၅။ တရားနာသူ၏ စိတ်သည် ကြည်လင်၏။"

(အင်္ဂုတ္တိုရ်၊ ပဉ္စက၊ ဓမ္မဿဝနသုတ်)

### အရိယမဂ်ကို မရစေနိုင်သော တရားနာနည်း ငါးပါး

၁။ တရားကို ကဲ့ရဲ့၏။
၂။ တရားဟောသူကို ကဲ့ရဲ့၏။
၃။ ကိုယ့်ကိုယ်ကို ကဲ့ရဲ့၏။
၄။ စိတ်ပျံ့လွင့်လျက် တရားနာ၏။
၅။ မသင့်သောအားဖြင့် နှလုံးသွင်း၏။

ဤငါးပါးကို ပြောင်းပြန်လုန်လျှင် အရိယမဂ်ကို ရစေနိုင်သော တရားနာနည်း ငါးပါးဖြစ်၏။

(အင်္ဂုတ္တိုရ်၊ ပဉ္စက၊ ပထမ သမ္မတ္တနိယာမသုတ်)

## အရိယမဂ်ကို မရစေနိုင်သော တရားနာနည်း ငါးပါး(တနည်း)

၁။ တရားကို ကဲ့ရဲ့၏။
၂။ တရားဟောသူကို ကဲ့ရဲ့၏။
၃။ ကိုယ့်ကိုယ်ကို ကဲ့ရဲ့၏။
၄။ တရားနာသူသည် ဉာဏ်ပညာ မရှိ၊ ဖျင်းအ၏။
၅။ မသိသေးသောတရားကို သိပြီးသားဟု ထင်၏။

ဤငါးပါးကို ပြောင်းပြန်လုပ်လျှင် အရိယမဂ်ကို ရစေနိုင်သော တရားနာနည်း ငါးပါးဖြစ်၏။

(ပဉ္စက၊ ဒုတိယ သမ္မတ္တနိယာမသုတ်)

## အရိယမဂ်ကို မရစေနိုင်သော တရားနာနည်း ငါးပါး(တနည်း)

၁။ ကျေးဇူးကို ချေဖျက်သောစိတ်ဖြင့် တရားနာ၏။
၂။ ပျော့ကွက် ဟာကွက် အပြစ်အနာ ရှာလိုစိတ်ဖြင့် တရားနာ၏။
၃။ တရားဟောပုဂ္ဂိုလ်ကို စိတ်ဆိုးလျက် တရားနာ၏။
၄။ နာသူသည် ပညာမရှိ ဖျင်းအ၏။
၅။ မသိသေးသောတရားကို သိပြီးသားဟု ထင်၏။

ဤငါးပါးကို ပြောင်းပြန်လုပ်လျှင် အရိယမဂ်ကို ရစေနိုင်သော တရားနာနည်း ငါးပါးဖြစ်၏။

(ပဉ္စက၊ တတိယ သမ္မတ္တနိယာမသုတ်)

**ပဈွည်းထက် တရားကိုမက်သူ**

မြတ်စွာဘုရား လက်ထက်တော် အခါက ကုရရဃရမြို့၌ ကာတိယာနီ အမည်ရှိသော ဥပါသိကာမကြီး ရှိ၏။ ရတနာသုံးပါး ကိုင်းရှိုင်း၏။ သဒ္ဓါတရား အလွန်ပြည့်ဝ၏။ တညသော် ထိုမြို့၌ ကုဋိကဏ္ဏသောဏ မထေရ်သည် သူ၏မယ်တော် တောင်းပန်သဖြင့် မြို့အတွင်း ခင်းကျင်းဆင်ယင်ထားသော မဏ္ဍပ်၌ တရားဟော၏။ ကာတိယာနီ ဥပါသိကာမကြီးသည်လည်း ပရိသတ် အစွန်၌ ထိုင်၍ တရားနာနေ၏။

ထိုအချိန်တွင် ခိုးပြတို့သည် ကာတိယာနီ ဥပါသိကာမကြီး၏ အိမ်ကို ခိုးပြတိုက်ရန် ဥမင်လိုဏ်ခေါင်း တူးနေကြ၏။ ခိုးပြဗိုလ်သည် တရားနာနေသော ပရိသတ် ငြိမ်မငြိမ် အကဲခတ်ရန် ပရိသတ်၏ အစွန်၌ သွား၍ ရပ်နေ၏။ သူ ရပ်နေသည်မှာ ကာတိယာနီ ဥပါသကာမကြီး၏ နောက်ဘက်တည့်တည့်တွင် ရပ်နေမိကြောင်း သတိပြုမိ၏။ ဥပါသိကာမကြီးကား ဘာမျှမသိ၊ တရားကိုသာ စူးစိုက်နာနေ၏။

ခဏကြာသော် ဥပါသိကာမကြီးသည် ဆီမီးထွန်း၍ တရားနာလိုသဖြင့် သူနှင့်အတူ ပါလာသော အိမ်ဖော် မိန်းကလေးကို အိမ်ပြန်၍ ဆီ အယူခိုင်း၏။ မိန်းကလေးသည် အိမ်သို့ရောက်သောအခါ ခိုးပြများ ဥမင်တူးနေသည်ကို တွေ့ရ၍ ဆီ မယူတော့ဘဲ မြန်မြန် ပြန်လာပြီးလျှင် အိမ်ကို ခိုးပြတွေ ဝင်တော့မည်ဖြစ်ကြောင်း ဥပါသိကာမကြီးအား ပြော၏။ အိမ်ဖော်မိန်းကလေးပြောသော ထိုစကားကို ခိုးပြဗိုလ် ကြားသောအခါ "တကယ်လို့ ဒီ ကာတိယာနီ

ဟာ အိမ်ပြန်ဖို့များ ထရင် ဒီနေရာမှာပဲ ပွဲချင်းပြီး ခုတ်သတ်လိုက်မယ်” ဟု စိတ်ကူးထား၏။

သို့သော် ဥပါသိကာမကြီးက အိမ်ဖော်မကလေးအား “ဟဲ့ အသံမပြုနဲ့၊ တိုးတိုးပြော၊ ခိုးပြဆိုတာ သူတို့ တွေ့တာလောက်ပဲ ယူကြတာ၊ မတွေ့တာ ကျန်အုံးမှာပဲ၊ ဒီည နာရခဲ့လှတဲ့ တရားကို ငါ ဖြောင့်ဖြောင့်နာချင်လို့၊ တရားနာတာ အနှောင့်အယှက် မလုပ်စမ်းနဲ့၊ အသာနေစမ်း”ဟု ပြောပြီးနောက် တရားကို ဆက်၍ နာမြဲ နာနေ၏။

ဥပါသိကာမကြီး၏ စကားကို ခိုးပြဗိုလ် ကြားသောအခါ ဒါလောက် ရတနာသုံးပါး ကြည်ညိုတဲ့ ပုဂ္ဂိုလ်ရဲ့ အိမ်ကို ခိုးပြတိုက်ရင် ငါတို့တတွေ မြေအမျိုးခံရမှာ သေချာတယ်ဟု ထိတ်လန့် သံဝေဂ ဖြစ်ပြီးလျှင် အိမ်ကိုသွား၍ ခိုးပြများ ယူထားပြီးသား ပစ္စည်းများ အားလုံး ပြန်ထားစေပြီးလျှင် ခိုးပြအားလုံးကို ခေါ်ခဲ့၍ တရား နာနေကြ၏။

တရားဆုံးသောအခါ ဥပါသိကာမကြီး သောတာပတ္တိဖိုလ် တည်သွား၏။

အရုဏ်တက်သောအခါ ခိုးပြဗိုလ်သည် သူ့လူများနှင့်အတူ ဥပါသိကာမကြီးထံ သွား၍ အကြောင်းစုံ ပြောပြကာ ကန်တော့ တောင်းပန်ကြ၏။ ဥပါသိကာမကြီးက သည်းခံကျေနပ်ကြောင်း ပြော၏။ ခိုးပြများက သည်းခံရုံမဟုတ်ဘဲ သူတို့ကို ရဟန်းပြုပေးရန် ကုဋိကဏ္ဏသောဏမထေရ်ထံ အပ်နှံပေးဖို့ တောင်းပန်ကြသဖြင့် အပ်နှံပေးလိုက်ကာ ခိုးပြများကို ရဟန်းပြုပေးလိုက်၏။

(အင်္ဂုတ္တိုရ်-၌၊ ဧကက၊ ၃၅၀)

**၈။ ခန္တီ စ သောဝစဿတာ၊ သမဏာနဉ္စ ဒဿနံ။**
**ကာလေန ဓမ္မသာကစ္ဆာ၊ ဧတံ မင်္ဂလ မုတ္တမံ။**

**8. Forbearance, obedience, seeing Bhikkhus and religious discussions at the right time; this is the highest blessing.**

၈။ **ဒေဝတေ**–သိလိုရေးဖြင့် မေးလျှောက်ထားသည့် အိုနတ်သား။

(က) **ခန္တီ စ**၊ ဆဲဆို ငေါက်ငမ်း ကိုယ်စိတ်ပန်းအောင် ညှဉ်းပန်းနှိပ်စက် ပြုမူချက်ကို အမျက်ပြင်းထန် တုံ့မပြန်ဘဲ သည်းခံခြင်းသည် လည်းကောင်း။

(ခ) **သောဝစဿတာ**– ကောင်းစေလိုရင်း နှလုံးသွင်းဖြင့် သိတင်းသုံးဖော် သူတော်တကာ ဆရာ မိဘ ဆိုဆုံးမကို ခွန်းစမလှန် မတုံ့ပြန်ဘဲ နာခံလွယ်ခြင်းသည် လည်းကောင်း။

(ဂ) **သမဏာနဉ္စ ဒဿနံ**– ကိုယ်စိတ်ငြိမ်းချမ်း ကျင့်ဖြောင့် တန်းသည့် ရဟန်း သံဃာ သူတော်စွာကို အခါသင့်တော် အခွင့်ပေါ်တိုင်း ဖူးမြော်ရခြင်းသည် လည်းကောင်း။

(ဃ) **ကာလေန ဓမ္မသာကစ္ဆာ**– သူတော်ကောင်းတို့ တရား မြတ်ကို လျှောက်ပတ်သောခါ စုဝေးလာ၍ ကြည်သာရွှင်ပျ ဆွေးနွေးရခြင်းသည် လည်းကောင်း။

**တော်**–ဤ တရားလေးပါးသည်၊ **ဥတ္တမံ**–ချမ်းသာဆောင်တတ် လွန်ထူးမြတ်သည့်၊ **မင်္ဂလံ**–ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာပါပေတည်း။

## အကျဉ်းချုပ်မှတ်ရန်

၂၇။ သည်းခံခြင်း
၂၈။ ဆုံးမစကားကို နာယူလွယ်ခြင်း
၂၉။ ရဟန်းသံဃာကို ဖူးမြော်ခြင်း
၃၀။ သင့်လျော်သည့် အချိန်မှာ တရားဆွေးနွေးခြင်း

ဤလေးပါးသည် ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာများဖြစ်ပါသည်။

**ဆောင်** သည်းခံစိတ်ထား၊ဆုံးမငြား၊မှတ်သားနာယူပါ။
သံဃာတော်များ၊ ဖူးမြော်ငြား၊ တရားဆွေးနွေးပါ။
ကြီးပွားကြောင်းပ၊ ဤလေးဝ၊ မှတ်ကြမင်္ဂလာ။

# သင်ကြားရေးအထောက်အကူ

## ခန္တီစ

## ၂၇။ သည်းခံခြင်းမင်္ဂလာ

**သည်းမခံခြင်း၏အပြစ်ငါးပါး**

၁။ လူအများ မချစ်ခင်ခြင်း၊
၂။ ကြမ်းကြုတ်ခြင်း၊
၃။ စိတ်မကြည်လင် မရွှင်လန်းခြင်း၊
၄။ တွေဝေလျက် သေရခြင်း၊
၅။ ငရဲသို့ကျရောက်ခြင်း။

**သည်းခံခြင်း၏ အကျိုးငါးပါး**

၁။ လူအများ ချစ်ခင်ခြင်း၊
၂။ သိမ်မွေ့ နူးညံ့ခြင်း၊
၃။ စိတ်ကြည်လင် ရွှင်လန်းခြင်း၊
၄။ မတွေမဝေ သေရခြင်း၊
၅။ နတ်ပြည်သို့ရောက်ခြင်း။

(အင်္ဂုတ္တိုရ်၊ ပဉ္စက၊ ဒုတိယ အက္ခန္တိသုတ်)

**ခေနဥ္ဇာနိပုဏ္ဏား** ဘာရဒွါဇ အနွယ်ဖြစ်သော ခေနဥ္ဇာနိပုဏ္ဏား ကြီးသည် မြတ်စွာဘုရားကို ကြည်ညိုနေသော သူ၏ဇနီး ခေနဥ္ဇာနိ ပုဏ္ဏေးမကြီးကို မကျေနပ်၍ ပုဏ္ဏေးမကြီး ကြည်ညိုသော မြတ်စွာဘုရားကို အပြစ်တင် ရန်တွေ့ရန် ဒေါသ ကိုးမောင်းတင်လျက် အိမ်မှထွက်သွား၏။ ဘုရားရှင်၏ အထံတော်သို့ ရောက်သောအခါ "ရှင်ကြီးဂေါတမ၊ အဘယ်ကို သတ်လျှင် ချမ်းသာစွာနေရသနည်း၊ အဘယ်ကို ဖြတ်လျှင် မစိုးရိမ်ရသနည်း၊ အဘယ်အရာ သတ်ခြင်းကို ရှင်ကြီးဂေါတမ နှစ်သက်ပါသနည်း" ဟု ရန်စဖို့ စကားစရရန် စကားအကွက်ဆင်လျက် မေး၏။

မြတ်စွာဘုရားက "ခေနဥ္ဇာနိ ဗြာဟ္မဏကြီး၊ ဒေါသကိုသတ်လျှင် ချမ်းသာစွာ နေရ၏။ ဒေါသကိုဖြတ်လျှင် စိုးရိမ်မှု မရှိပေ။ ချမ်းသာ ဟူသော အဆုံးရှိ၍ ဆင်းရဲ၏ အကြောင်းရင်းဖြစ်သော ဒေါသကို သတ်ခြင်းကို ဘုရားအစရှိသော အရိယာ သူတော်စင်တို့ ချီးမွမ်းကြ၏။ ထိုဒေါသကိုဖြတ်လျှင် မစိုးရိမ်ရတော့ပေ" ဟု မိန့် ကြားတော်မူ၏။

ဗြာဟ္မဏကြီး မျှော်လင့်ထားသော အဖြေကတမျိုး၊ မြတ်စွာ ဘုရားမိန့်သော အဖြေကတခြားဖြစ်ရာ ဗြာဟ္မဏကြီး အံ့အားသင့် သွား၏။ သို့သော် မိမိကိုယ်တိုင် ယခုလက်ငင်း ဒေါသကြောင့် ဆင်းရဲနေရသည်ကို ကိုယ်တွေ့ခံစားနေရသဖြင့် **"ဒေါသကိုဖြတ်လျှင် ချမ်းသာစွာ နေရသည်"** ဟူသော ဘုရားရှင်၏အဖြေကို လွန်စွာသဘော ကျသွားကာ မြတ်စွာဘုရား အထံ၌ ရဟန်းပြုခွင့်တောင်း၍ ရဟန်းပြု လိုက်တော့၏။ ရဟန်းပြုပြီးနောက် ရဟန်းတရားကို ကြိုးကြိုးစားစား အားထုတ်ရာ ရက်အနည်းငယ် အတွင်းမှာပင် ရဟန္တာ ဖြစ်သွား၏။

(သဂါထာဝဂ္ဂသံယုတ်၊ ခေနဥ္ဇာနိသုတ်)

**အဆဲသန်သော ဗြာဟ္မဏ** ဘာရဒွါဇအနွယ် ဗြာဟ္မဏတယောက် ဗုဒ္ဓ မြတ်စွာ၏ တပည့်ဖြစ်သွားသည်ဟု ဟိုးလေး တကျော် သတင်းပြန့်သွားသောအခါ ဘာရဒွါဇ အနွယ်ဖြစ်သော အခြား ဗြာဟ္မဏတယောက်သည် မြတ်စွာဘုရား၏ အထံတော်သို့ ရောက်လာပြန်၏။ အလွန်အဆဲသန်သောသူ ဖြစ်သော ကြောင့် သူ့ကို အက္ကောသက ဗြာဟ္မဏဟုခေါ်ကြ၏။ ရောက်လျှင် ရောက်ခြင်းပင် ရိုင်းစိုင်း ကြမ်းတမ်း ယုတ်ညံ့သော စကားလုံးတို့ကို သုံး၍ အမျိုးမျိုးအဖုံဖုံ ရှင်တော်မြတ်ဘုရားအား ဆဲရေးတော့၏။

ဗုဒ္ဓရှင်တော်မြတ်ဘုရားကမူ အမူအရာ လုံးဝ ပျက်တော် မမူပေ။ ဘုရားရှင်က "ဗြာဟ္မဏကြီး၏ ဆဲရေးခြင်းကို သည်းခံခြင်းဖြင့် တုံ့ပြန်လိုက်သဖြင့် ဆဲရေးမှုတို့သည် ဗြာဟ္မဏကြီးထံသို့သာ ပြန်ရောက် ကုန်ပြီ"ဟု ဗြာဟ္မဏကြီးအား မိန့်ကြားရာ အဆဲသန်သော ဗြာဟ္မဏ ကြီး သဘောပေါက်သွားသဖြင့် ဘုရားရှင်ထံ ရဟန်းပြုလိုက်၏။

ရဟန်းပြုပြီးနောက် ရဟန်းတရားအားထုတ်ရာ ရက်အနည်း ငယ်အတွင်းမှာပင် ရဟန္တာဖြစ်သွား၍ ဆဲရေးမှုလည်း ပျောက်သွား တော့၏။ (သဂါထာဝဂ္ဂသံယုတ်၊ အက္ကောသကသုတ်)

**အသုရိန္ဒက ဗြာဟ္မဏ** အသုရိန္ဒကဗြာဟ္မဏသည် အက္ကောသကဗြာဟ္မဏ၏ညီ ဖြစ်၏။ မြတ်စွာဘုရားအထံ၌ သူ့အစ်ကို ရဟန်းပြု သွားကြောင်း ကြားသိရ၍ အသုရိန္ဒကသည် အကြီး အကျယ် ဒေါပွနေ၏။ သို့ဖြင့် သူသည်လည်း သူ့အစ်ကိုနည်းတူ ရှင်တော်မြတ်ဘုရားထံ သွား၍ ကြမ်းတမ်းရိုင်းစိုင်းစွာ ဆဲရေးပြန်၏။

ဗုဒ္ဓမြတ်စွာသည် မည်သို့မျှ စကားတုံ့မပြန်ဘဲ တည်ကြည်ငြိမ်သက်စွာ ဆိတ်ဆိတ်နေတော်မူ၏။

ထိုအခါ အသုရိန္ဒကသည် "ရဟန်း၊ သင့်ကိုနိုင်ပြီ၊ ရဟန်း၊ သင့်ကိုနိုင်ပြီ"ဟု မြတ်စွာဘုရားအား လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက အောက်ပါအတိုင်း မိန့်တော်မူ၏။

"လူမိုက်သည် ကြမ်းတမ်းစွာ ဆဲရေးပြောဆိုရသည်ရှိသော် နိုင်ပြီဟု ထင်မှတ်၏။ စင်စစ်မူ သည်းခံခြင်းတရား၏ ဂုဏ်ကျေးဇူးကို သိနားလည်သူ၏ သည်းခံခြင်းသည်သာလျှင် မှချအောင်နိုင်ခြင်းဖြစ်၏"

"တစုံတယောက်သည် တခြားတယောက်ကို အမျက်ထွက်၏၊ ထိုအမျက်ထွက် ခံရသူသည် ပဌမ အမျက်ထွက်သူကို ပြန်၍အမျက်ထွက်လျှင် ဒုတိယ အမျက်ထွက်သူသည် ပထမ စ၍ အမျက်ထွက်သူထက် ပို၍ ယုတ်မာ၏။ မိမိအား အမျက်ထွက်သူကို ပြန်၍ အမျက် မထွက်သောသူသည် အောင်နိုင်ခဲသော စစ်ပွဲကို အောင်နိုင်သူ မည်၏။"

"အကြင်သူသည် သူတပါး အမျက်ထွက်နေသည်ကို သိပါလျက် သတိနှင့် ပြည့်စုံသည်ဖြစ်၍ အမျက်မထွက်ဘဲ ငြိမ်သက် ငြိမ်းအေးလျက်နေ၏။ ထိုသူသည် မိမိ သူတပါး နှစ်ဦးစလုံး၏ အကျိုးကို ကျင့်သူမည်၏။"

(သဂါထာဝဂ္ဂသံယုတ်၊ ၁၆၅၊ အသုရိန္ဒကသုတ်)

**ဆောင်** လောင်ခြစ်ပွက်ဆူ၊ မျက်ထွက်သူကို၊ တုံ့မူအမျက်၊ ပြန်မထွက်က၊ အောင်ခက်နိုင်ခဲ၊ စစ်မြေထဲဝယ်၊ အောင်ပွဲရသည်၊ သူဟုမည်ရှင့်၊ မကြည်စိတ်ခက်၊ အမျက်ထွက်သူ၊ ထိုသည့်လူနှင့်၊ အတူပြန်လျက်၊ မျက်မာန်ထွက်သော်၊ ရေးထက်နောက်လူ၊ မိုက်သောဟူ၏။

(မဃဒေဝလင်္ကာသစ်)

## သောဝစဿတာ

## ၂၈။ ဆုံးမစကားကို နာယူလွယ်ခြင်းမင်္ဂလာ

**ဆုံးမလွယ်သူ** ဆုံးမစကားကို နာယူလွယ်ခြင်းဆိုရာ၌ ဆွမ်းသင်္ကန်း ကျောင်း ဆေး ပစ္စည်းလေးပါးကြောင့် ဆုံးမစကားနာယူသောသူသည် ပစ္စည်းလေးပါး မရလျှင် ဆုံးမစကားကို နာယူမည်မဟုတ်သောကြောင့် ထိုပုဂ္ဂိုလ်မျိုးကို ဆိုဆုံးမလွယ်သူ=**သုဝစ** ဟု မဆိုနိုင်ကြောင်း၊ တရားကို အလေးပြု၍ တရားကို မြတ်နိုး၍ ဆုံးမစကား နာယူသူကိုသာ ဆိုဆုံးမလွယ်ကူသူ=**သုဝစ** အစစ်အမှန်ဟု ဆိုနိုင်ကြောင်း **မူလဝဏ္ဏာသ၊ ကကစူပမသုတ်** ဒေသနာတော်၌ ရှင်တော်မြတ်ဘုရား မိန့်ကြားတော်မူသည်။

**ရှင်သာရိပုတ္တရာ** အရှင်သာရိပုတ္တရာသည် သောဝစသာဃတာဂုဏ်နှင့် ပြည့်စုံရာတွင် စံတင်ထိုက်ပါသည်။ အရှင်မြတ်သည် ဆုံးမဖွယ်ရှိလျှင် သူတပါးကိုလည်း ဆုံးမတော်မူသည်။ မိမိ၌ ဆုံးမဖွယ်ရှိနေ၍ သူတပါးက ဆုံးမလျှင်လည်း ရိုသေလေးစားစွာ နာယူတော်မူသည်။ တနေ့သော် ခုနစ်နှစ်အရွယ် သာမဏေငယ်က "အရှင်မြတ်ဘုရား၊ အရှင်မြတ်၏ သင်းပိုင်အနားစ တွဲကျနေပါသည် ဘုရား"ဟု လျှောက်ထား၏။ အရှင်မြတ်သည် သာမဏေကို မည်သို့မျှ ပြန်မပြောဘဲ သင့်ရာ တနေရာသို့သွား၍ သင်းပိုင်ကို အဝန်းညီအောင် ပြင်ဝတ်လိုက်၏။ ပြီးမှ ရှင်သာမဏေငယ်ထံ ပြန်လာပြီးလျှင် "ဒီလောက်ဆိုရင် တော်လောက်ပြီးလားဆရာ"ဟု လက်အုပ်ချီလျက် မေးတော်မူ၏။

"သည်နေ့ ရှင်သာမဏေဖြစ်သော ခုနစ်နှစ်သား ရှင်သာမဏေငယ်က ဆုံးမသည့် အဆုံးအမကိုပင် ဦးထိပ်တင် ပန်ဆင်လျက် နာယူပါမည်"ဟု အရှင်သာရိပုတ္တရာ အရှင်မြတ် မိန့်ကြားတော်မူသည်။
(သဂါထာဝဂ္ဂသံယုတ်ဋ္ဌ၊ ၁၁၄၊ သုသိမသုတ်)

**ရှင်ရာဟုလာ** ရှင်ရာဟုလာသည်လည်း ဆုံးမစကား နာယူလွယ်ရာတွင် ထင်ရှား၏။ အချို့ ရဟန်းတော် များသည် ရှင်ရာဟုလာ၏ သြဝါဒက္ခမဂုဏ်ကို စမ်းသပ်လိုသောကြောင့် အမှိုက်များ၊ တံမြက်စီးများ၊ အမှိုက်တောင်းများကို ရှင်ရာဟုလာလာရာလမ်းတွင် ပစ်ထားကြပြီး ရှင်ရာဟုလာကို အပြစ်ဖို့ကြ၏။ ရှင်ရာဟုလာသည် "တပည့် ပစ်ထားတာ မဟုတ်ပါဘုရား"ဟု

မလျှောက်ထားဘဲ "ကုသိုလ်တခု ပြုရပြန်ပေပြီ"ဟု သဘောထားလျက် ရှုပ်ထွေးနေသည်တို့ကို ရှင်းလင်းသုတ်သင် သိမ်းဆည်းလိုက်၏။

(ပါစိတျာဒိ-ဋ္ဌ၊ ၁၁၊ သဟသေယျ သိက္ခာပုဒ်အဖွင့်)

ရှင်ရာဟုလာသည် နေ့စဉ် နံနက် စောစောထပြီးလျှင် သဲတဆုပ်ကို လက်ခုပ်ဖြင့်ယူ၍ "ယနေ့ မြတ်စွာဘုရားနှင့် ငါ၏ ဥပဇ္ဈာယ်ဆရာ့ အထံတော်မှ ဤသဲလုံး အရေအတွက်နှင့် ညီမျှသော ဆုံးမဩဝါဒများကို ရပါလို၏"ဟု ဆိုလျက် သဲများကို ကြဲဖြန့်လေ့ရှိ၏။

(မဇ္ဈိမပဏ္ဏာသ-ဋ္ဌ၊ ၉၄)

**ဆုံးမလွယ်သော အရှင်ရာဓ**

သာဝတ္ထိပြည်၌ ရာဓအမည်ရှိသော ဗြာဟ္မဏ တယောက်သည် ဇေတဝန် ကျောင်းတော် အတွင်း၌ သံဃာ့ဝေယျာဝစ္စ ဆောင်လျက်နေ၏။ မြတ်စွာဘုရား ကျောင်းစဉ် လှည့်တော်မူသောအခါ ရာဓကို တွေ့၍ "ဗြာဟ္မဏကြီး ဘာလုပ်သလဲ"ဟု မေးတော်မူလျှင် "ရဟန်းတော်များကို ဝတ်ကြီးဝတ်ငယ် ပြုနေပါသည်ဘုရား"ဟု ရာဓက လျှောက်ထား၏။ "ရဟန်းတွေက တစုံတရာ ချီးမြှောက်ရဲ့လား"ဟု မေးသောအခါ "အစားအသောက်လောက်တော့ ချီးမြှောက်ကြပါသည်၊ ရဟန်းတော့ ပြုမပေးကြပါ ဘုရား"ဟု လျှောက်ထား၏။

ဗြာဟ္မဏကြီး၏ လျှောက်ထားချက်ကို အကြောင်းပြု၍ ဘုရားရှင်က သံဃာတော်များကို စည်းဝေးစေပြီးလျှင် "ရာဓ ဗြာဟ္မဏကြီး၏ ကျေးဇူးပြုမှုကို သတိရသူ တပါးပါး ရှိသလား"ဟု မေးတော်မူ၏။ အရှင်သာရိပုတ္တရာက "မှန်ပါ ရှင်တော်မြတ်ဘုရား

တပည့် သတိရပါသည်ဘုရား၊ တပည့် ရာဇဂြိုဟ်မြို့မှာ ဆွမ်းရပ်စဉ်က ဒီဗြာဟ္မဏကြီးဟာ သူ့ထံ ယူလာတဲ့ ဆွမ်းကို တပည့်အား လောင်းလှူစေပါသည်ဘုရား”ဟု လျှောက်ထား၏။ “သို့ဖြစ်လျှင် မိမိအား ကျေးဇူးပြုဖူးသူကို ဒုက္ခမှ လွတ်စေဖို့ရာ မသင့်ပေဘူးလား သာရိပုတ္တရာ”ဟု ရှင်တော်မြတ်ဘုရား မိန့်တော်မူရာ “ကောင်းလှပါပြီ ရှင်တော်မြတ်ဘုရား၊ သူ့ကို ရဟန်းပြုပေးပါမည်ဘုရား”ဟု လျှောက်ထား၍ ရာဓဗြာဟ္မဏကြီးကို အရှင်သာရိပုတ္တရာ ရဟန်း ပြုပေးလိုက်၏။

အရှင်သာရိပုတ္တရာသည် ရာဓ ရဟန်းကြီးအား “ဤ အရာကို လုပ်သင့်သည်၊ ဤအရာကို မလုပ်သင့်”စသည်ဖြင့် မကြာခဏ ဆုံးမတော်မူ၏။ ရာဓ ရဟန်းကြီးသည် ဆုံးမလွယ်သူ ဖြစ်သဖြင့် ဆုံးမတိုင်းသောစကားကို ရိုသေစွာ လိုက်နာ၏။ ထိုသို့ ဆုံးမသည့် အတိုင်း ရိုသေစွာ လိုက်နာသောကြောင့်ပင် တရား လျင်မြန်စွာ တိုးတက်ကာ ရက်အနည်းငယ်အတွင်းမှာပင် ရဟန္တာ ဖြစ်သွား၏။

အရှင်ရာဓကို မြတ်စွာဘုရားထံ ခေါ်သွားသောအခါ မြတ်စွာ ဘုရားက –

“သာရိပုတ္တရာ သင်၏ **အန္တေဝါသိက**=အနီးနေ တပည့် သည် ဆုံးမလွယ်၏လော”ဟု မေးတော်မူ၏။

“မှန်ပါ၊ ဆိုဆုံးမ၍ အလွန် လွယ်ကူသူ ဖြစ်ပါသည် ဘုရား၊ အပြစ် တစုံတရာကို ညွှန်ပြ ဆုံးမလျှင် ရာဓ အမျက် ထွက်ဖူးသည်ဟူ၍ မရှိပါဘုရား။”

"သို့ဖြစ်လျှင် ရာဓလိုတပည့်များ ရလျှင် ဘယ်နှစ်ပါး လက်ခံနိုင်မည်နည်း သာရိပုတ္တရာ"

"မြောက်မြားစွာ လက်ခံနိုင်ပါသည် အရှင်ဘုရား"

(ဓမ္မပဒ-၄၊ ပ၊ ၃၄၆-၇)

**ဆောင်** မေတ္တာ ကရုဏာ၊ ရေးရှုကာဖြင့်၊ နာနာကျင်ကျင်၊ အပြစ်မြင်တိုင်း၊ သွန်သင်တတ်ရိုး၊ ပဏ္ဍိတ်မျိုးကို၊ ရွှေအိုး ညွှန်ကြား၊ သူအလားသို့၊ ဝတ်တွားဆည်းကပ်၊ ဆက်ဆံတတ်၊ များမြတ် အကျိုးတွေ။

**နိဓီနံဝ ပဝတ္တာရံ၊ ယံ ပဿေ ဝဇ္ဇဒဿိနံ။**
**နိဂ္ဂယှဝါဒိံ မေဓာဝိံ၊ တာဒိသံ ပဏ္ဍိတံ ဘဇေ။**
**တာဒိသံ ဘဇမာနဿ၊ သေယျော ဟောတိ န ပါပိယော။**

(ဓမ္မပဒ-၄၊ ပ၊ ၃၄၇၊ ရာဓတ္ထေရဝတ္ထု)

**ဩဝဒေယျာနုသာသေယျ၊ အသဗ္ဘာ စ နိဝါရယေ။**
**သတံ ဟိ သော ပိယော ဟောတိ၊ အသတံ ဟောတိ အပ္ပိယော။**

(ဓမ္မပဒ-၄၊ ပ၊ ၃၄၉၊ အဿဇိပုနဗ္ဗသုကဝတ္ထု)

**သြဝဒေယျ**– အကြောင်းပေါ်သည့်အခါ ဆုံးမရာ၏။

**အနုသာသေယျ**– အပြစ်ဖြစ်မည်ကို မြင်၍ ကြိုတင် ဆုံးမရာ၏။

**အသဗ္ဘာ စ နိဝါရယေ**– မသူတော်တရား အကုသိုလ်များမှလည်း တားမြစ်ရာ၏။

**သတံ ဟိ သော ပိယော ဟောတိ**– ထိုဆုံးမသူကို သူတော်ကောင်းတို့ ချစ်မြတ်နိုးကြ၏။

**အသတံ ဟောတိ အပ္ပိယော**– သူတော်မဟုတ် သူယုတ်တို့ မချစ်မြတ်နိုးကြပေ။

## သမဏာနဉ္စ ဒဿနံ

## ၂၉။ ရဟန်း သံဃာကို ဖူးမြော်ခြင်း မင်္ဂလာ

**သဒ္ဓါရှိသူဟု သိကြောင်းသုံးပါး** ရတနာသုံးပါးကို သက်ဝင် ယုံကြည်သော သဒ္ဓါတရားရှိသူဟု သိနိုင်သော အကြောင်းသုံးပါးကို (အင်္ဂုတ္တိုရ်၊ တိကနိပါတ်၊ တိဌာနသုတ်)၌ ဗုဒ္ဓမြတ်စွာ ဟောကြားတော် မူခဲ့၏။ ယင်းတို့မှာ–

၁။ အကျင့်သီလနှင့် ပြည့်စုံသူတို့ကို ဖူးမြော်လိုခြင်း၊

၂။ သူတော်ကောင်းတရားကို နာကြားလိုခြင်း၊

၃။ ပေးကမ်းး လှူဒါန်းမှု၌ မွေ့လျော်ခြင်း

(ဝါ) လှူဒါန်းနေရလျှင် ပျော်နေခြင်းတို့ ဖြစ်သည်။

အကျင့်သီလနှင့် ပြည့်စုံသူဆိုရာ၌ လူ ရှင် ရဟန်း အားလုံး ပါဝင်၏။ သို့သော် ရဟန်းတော်များ၏ အကျင့်သီလမှာ ၂၂၇ သွယ် သော ဝိနည်း စည်းမျဉ်းတို့ကို မကျူးလွန်မိအောင် အစွမ်းကုန် စောင့်စည်း ထိန်းသိမ်းခြင်းဖြစ်၍ လူတို့၏ ငါးပါးသီလနှင့် နှိုင်းစာလျှင် များစွာ ကွာခြားနေ၏။ ထို့ကြောင့် အကျင့်သီလနှင့် ပြည့်စုံသူဆိုလျှင် ရဟန်း သံဃာကိုသာ အာရုံပြုကြသည်။

**ဖူးမြော်ခြင်း၏ ကောင်းမြတ်သော အကျိုးတရား**

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးနောက် နှစ်ပေါင်း ၅၀၀ ခန့်ဟု ခန့်မှန်းရသော အချိန်က ဖြစ်၏။ အိန္ဒိယပြည်မြောက်ပိုင်း ပါဋလိပုတ်မြို့ တံခါးအနီးရှိ ဇရပ်တဆောင်၌ နေသော ဗြာဟ္မဏ နှစ်ယောက်သည် သီဟိုဠ်ကျွန်း၊ ကာဋ္ဌဝလ္လိမဏ္ဍပကျောင်း၌ သီတင်းသုံးသော မဟာနာဂမထေရ်၏ ဂုဏ်သတင်းကို ကြားသိရ၍ ဖူးမြော်လိုလှသဖြင့် ပါဋလိပုတ်မြို့မှ ထွက်ခဲ့ကြ၏။ လမ်းတွင် အခက်အခဲ ဆင်းရဲဒုက္ခပေါင်းများစွာ တွေ့ကြုံကြရ၏။ ဗြာဟ္မဏ တယောက်မှာမူ လမ်းခရီး၌ ကွယ်လွန်သွား၏။ အခြား တယောက် မှာ လပေါင်း အတော်ကြာမှ သီဟိုဠ်ကျွန်း အနုရာဓပုရမြို့သို့ ရောက်လာ၏။

အနုရာဓပုရမြို့၌ ကာဋ္ဌဝလ္လိမဏ္ဍပကျောင်းကို စုံစမ်း မေးမြန်းရာ ရောဟဏတိုင်း၌ ရှိကြောင်း သိရ၏။ အနုရာဓမြို့မှာ သီဟိုဠ်ကျွန်း၏ အလယ်ပိုင်းလောက်၌ တည်ရှိ၍ ရောဟဏတိုင်းမှာ အရှေ့တောင်ပိုင်း၌ ရှိရာ ဗြာဟ္မဏကြီး ခရီးရှည် ဘဖန် ဆက်ရပြန်၏။

သို့ဖြင့် ကာဠဝလ္လိမဏ္ဍပကျောင်း ရှိရာ ဧူဠနဂရရွာသို့ ရောက်သွား၏။ ထိုရွာတွင် ရွာဦးအိမ် တအိမ်၌ တည်းခိုလျက် မထေရ်အား ကပ်လှူရန် ဆွမ်းခဲဖွယ် ဘောဇဉ်တို့ကို ကောင်းမွန်စွာ စီစဉ်ချက်ပြုတ်ပြီးမှ နံနက်စောစောထ၍ ကျောင်းသို့သွားရာ ပရိသတ် အများအပြား ရောက်နှင့်နေသည်ကို တွေ့ရ၏။ ဗြာဟ္မဏကြီးသည် ပရိသတ် အစွန်း၌ ရပ်လျက် အဝေးမှပင် မထေရ်ကို တကြိမ် ရှိခိုးလိုက်၏။

ထို့နောက် မထေရ်ရှိရာသို့ ရောက်အောင်သွား၍ ဒူးထောက် ပြီးလျှင် မထေရ်၏ ခြေမျက်စေ့နှစ်ဘက်တို့ကို မြဲမြဲ ဆုပ်ကိုင်လျက် အားရပါးရ ရှိခိုးလိုက်၏။ မထေရ်၏ ဂုဏ်သတင်းသည် အလွန် ဝေးလံလှသော ပါဋလိပုတ်အထိ ပျံ့နှံ့လာသဖြင့် ဖူးမြော်လိုလှ၍ ပါဋလိပုတ်မှ တခဲတယဉ်း တပင်တပန်း လာခဲ့ရကြောင်းကိုလည်း လျှောက်ထား၏။

ထို့နောက်မှ ယူဆောင်လာခဲ့သော ခဲဖွယ်ဘောဇဉ်များကို ဆက်ကပ် လှူဒါန်းပြီးလျှင် အသင့်ပါလာသော တိစီဝရိတ် သင်္ကန်းဖြင့် ရဟန်းပြုပေးပါရန် လျှောက်ထားရာ မထေရ်က ရဟန်း ပြုပေးလိုက်၏။ မိမိ ကြည်ညိုသော ဆရာမထေရ်ထံ၌ သဒ္ဓါအပြည့်ဖြင့် တရား အားထုတ်ရသောကြောင့် ရက်များမကြာမီအတွင်း၌ ဗြာဟ္မဏကြီး ရဟန္တာ ဖြစ်သွား၏။

ရဟန်းသံဃာကို ဖူးမြော်ရခြင်းသည် ထူးမြတ်သည့် မင်္ဂလာ ပါပေတည်း။

## ကာလေန ဓမ္မသာကစ္ဆာ
## ၃၀။ တရား ဆွေးနွေးခြင်း မင်္ဂလာ

**တရားဆွေးနွေးချိန်** ရဟန်းတော်များသည် ညဥ့်ဦးယံ၌ဖြစ်စေ၊ မိုးသောက်ယံ၌ဖြစ်စေ အချင်းချင်း တရား ဆွေးနွေးကြ၏။ တွန့်ဆုတ်သော စိတ်၊ ပျံ့လွင့်သောစိတ်၊ ယုံမှား သံသယ နှိပ်စက်သော စိတ်တို့ကို ပယ်ဖျောက်ခြင်းငှာ ထိုထိုအချိန်၌ တရား ဆွေးနွေးကြကုန်၏ဟု သုတ္တနိပါတ် အဋ္ဌကထာ(ပ၊ ၃၂၊ ၃၃) ၌ ဖွင့်ပြ၏။

တရားဆွေးနွေးခြင်းကြောင့် ရနိုင်သော အကျိုးများကို **အင်္ဂုတ္တိုရ်**၊ ၁၇၁၊ **နဝက**၊ **နန္ဒကသုတ်**၌ ရှင်တော်မြတ်ဘုရား ဟောကြားတော် မူ၏။ လိုရင်း အကျဉ်းချုပ် ဖော်ပြရသော် –

၁။ တရားတော်ကို ဆွေးနွေးခြင်းကြောင့် တရားရှင် (ဓမ္မသာမိ) ဖြစ်တော်မူသော ရှင်တော်ဘုရားကို ချစ်ခင်ကြည်ညို ရိုသေ မြတ်နိုးလာ၏။

၂။ ဆွေးနွေးသော တရား၏ အနက် အဓိပ္ပါယ်ကို နားလည်လာ၏။

၃။ တရားတော်၏ နက်နဲသော သဘောကို **သုတမယ၊ စိန္တာမယ၊ ဘာဝနာမယ** ပညာတို့ဖြင့် ထိုးထွင်း သိမြင်လာ၏။

၄။ သီတင်းသုံးဖော်တို့က “ဤအရှင်သည် အရဟတ္တဖိုလ်ကို ရပြီးသော်လည်း ဖြစ်ပေမည်၊ မရသေးလျှင်လည်း ရမည့် ပုဂ္ဂိုလ် ဖြစ်သည်”ဟု ချီးမွမ်း ပြောဆိုကြ၏။

၅။ အရဟတ္တဖိုလ် မရသေးသူတို့သည် ရလိုစိတ်ဖြင့် ကြိုးစား အားထုတ်ကြ၏။ ရပြီးသူတို့သည် အရဟတ္တဖိုလ် ချမ်းသာကို ခံစားလျက် နေကြ၏။

**၉။ တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာနဒဿနံ။**
**နိဗ္ဗာနသစ္ဆိကိရိယာ စ၊ ဧတံ မင်္ဂလ မုတ္တမံ။**

**9. The restraint of the sense faculties, the practice of the Noble Eight-fold Path, the realization of the Noble Truths and the experience of Nibbana; this is the highest blessing.**

၉။ **ဒေသနာ**–သိလိုရေးဖြင့် မေးလျှောက်ထားသည့် အိုနုတ်သား။

(က) **တပေါ စ**– မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဆိုပိတ်ကလေး စောင့်လေသိလ တပခေါ်ရိုး အကျင့်မျိုးကို ကြိုးစားကျင့်ကြံခြင်းသည် လည်းကောင်း။

(ခ) **ဗြဟ္မစရိယဉ္စ**– သစ္စာလေးအင် ဉာဏ်သက်ဝင်သည့် မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်ကို မပြတ် ကျင့်ခြင်းသည် လည်းကောင်း။

(ဂ) **အရိယသစ္စာနဒဿနံ**– ဒုက္ခ သမုဒယ နိရောဓနှင့် မဂ္ဂမည်သာ လေးသစ္စာကို မှန်စွာ သိမြင်ခြင်းသည် လည်းကောင်း။

(ဃ) **နိဗ္ဗာနသစ္ဆိကိရိယာစ**– ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်း၍ ဓာတ်သိမ်းရာမှန် အေးနိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုရခြင်းသည် လည်းကောင်း။

**ဧတံ**–ဤ တရားလေးပါးသည်၊ **ဥတ္တမံ**–ချမ်းသာဆောင်တတ် လွန်ထူးမြတ်သည့်၊ **မင်္ဂလံ**–ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာပါပေတည်း။

## အကျဉ်းချုပ်မှတ်ရန်

၃၁။ ဣန္ဒြိယ သံဝရစသော တပ အကျင့်တို့ကို ကျင့်ခြင်း။
၃၂။ သစ္စာမြင်ကြောင်း အကျင့်ကောင်း အကျင့်မြတ်ကို ကျင့်ခြင်း။
၃၃။ အရိယသစ္စာလေးပါးကို သိမြင်ခြင်း။
၃၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း။

ဤ လေးပါးသည် ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ပါသည်။

**ဆောင်** ဣန္ဒြေစောင့်ထ၊ မြတ်သီလ၊ တပ ကျင့်ကြံရာ။
မြတ်သောကျင့်စဉ်၊ ကျင့်ကြံလျှင်၊ သိမြင် လေးသစ္စာ။
နိဗ္ဗာန်မျက်မှောက်၊ ဉာဏ်မြင့်ရောက်၊ ထွန်းတောက် မင်္ဂလာ။

# သင်ကြားရေး အထောက်အကူ

## တပေါစ

## ၃၁။ ဣန္ဒြိယ သံဝရ စသော တပ အကျင့်တို့ကို ကျင့်ခြင်းမင်္ဂလာ

**တပအကျင့် ဆိုသည်မှာ** ဤ၌ တပ အကျင့်အရ ဣန္ဒြိယသံဝရနှင့် ဝီရိယကို ယူရန် အဋ္ဌကထာ ဖွင့်ပြ၏။ (ခုဒ္ဒက–ဋ္ဌ၊ ၁၂၈)

တဖန် မင်္ဂလာ သုံးဆယ့်ရှစ်ပါးကို အကြောင်းအကျိုး ဆက်စပ်ပြရာ၌ " ဣန္ဒြိယသံဝရဟူသော **တပ** အကျင့်ဖြင့် သီလ ဝိသုဒ္ဓိကို၊ ရဟန်းတရား ဗြဟ္မစရိယဖြင့် စိတ္တဝိသုဒ္ဓိနှင့် နောက် ဝိသုဒ္ဓိလေးပါးတို့ကို ပြည့်စုံစေကုန်လျက်"ဟု (ခုဒ္ဒက–ဋ္ဌ၊ ၁၃၂) ဖွင့်ပြပြန်သည်ကို တွေ့ရ၏။

ယင်းသို့ဖွင့်ပြချက်အရ **"တပေါ"**ပုဒ်၏ **တပ** အရ ဣန္ဒြိယ သံဝရ အပါအဝင်ဖြစ်သော စတုပါရိသုဒ္ဓိသီလ အကျင့်ကို ယူ၍ **ဗြဟ္မစရိယ** ပုဒ်အရ စိတ္တဝိသုဒ္ဓိမှစ၍ ဝိသုဒ္ဓိငါးပါး ပါဝင်သော သမထ, ဝိပဿနာ အကျင့်တို့ကို ယူသော် သင့်မြတ်ရာ၏။ **အရိယသစ္စာနဒဿနံ** ဖြင့် ဉာဏဒဿနဝိသုဒ္ဓိကို ယူရာ၏။

**စတုပါရိသုဒ္ဓိ သီလ** **စတုပါရိသုဒ္ဓိသီလ**= ထက်ဝန်းကျင် အပြည့်အစုံ စင်ကြယ်ကြောင်းဖြစ်သော သီလ လေးပါးမှာ–

(၁) ပါတိမောက္ခသံဝရသီလ၊ (၂) ဣန္ဒြိယသံဝရ သီလ၊ (၃) အာဇီဝပါရိသုဒ္ဓိသီလ၊ (၄) ပစ္စယသန္နိဿိတသီလ တို့ ဖြစ်၏။

၁။ ရဟန်းတော်တို့၏ ဝိနည်းစည်းမျဉ်းဖြစ်သော ပါတိမောက် သိက္ခာပုဒ်များကို မကျူးလွန်ဘဲ စောင့်စည်း ထိန်းသိမ်းခြင်းသည် **ပါတိမောက္ခသံဝရ သီလ**။ ဤသီလကို သဒ္ဓါဖြင့် ပြီးစီးစေအပ်၏။

၂။ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော ဣန္ဒြေ ခြောက်ပါးတို့၌ အဆင်း အသံ အနံ့ စသော အာရုံခြောက်ပါးတို့ ထိခိုက် တွေ့ဆုံလာသည်ရှိသော် သတိဦးစီးသော စိတ်ဖြင့် (ကိလေသာ မဝင်ရအောင်) စောင့်ကြည့် ရှုမှတ် ပိတ်ဆို့ခြင်း သည် **ဣန္ဒြိယသံဝရ သီလ**။ ဤသီလကို သတိဖြင့် ပြီးစီးစေအပ်၏။

၃။ မအပ်သောပစ္စည်း ရှာမှီးခြင်းကို ကြဉ်ရှောင်ခြင်းအားဖြင့် အသက်မွေးမှု စင်ကြယ်စေခြင်းသည် **အာဇီဝပါရိသုဒ္ဓိ သီလ**။ ဤသီလကို ဝီရိယဖြင့် ပြီးစီးစေအပ်၏။

၄။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်လျက် သုံးဆောင်ခြင်းသည် **ပစ္စယသန္နိဿိတ သီလ**။ ဤသီလကို ပညာဖြင့် ပြီးစီးစေအပ်၏။

ဤ စတုပါရိသုဒ္ဓိ သီလ လေးပါးသည် **အဘိဇ္ဈာ ဒေါမနဿ** စသော တရားတို့ကို ပူလောင်စေတတ် လောင်ကျွမ်းစေတတ်သော ကြောင့် **တပ** မည်၏။

## ဗြဟ္မစရိယသုတ္တ

## ၃၂။ အကျင့်မြတ်ကို ကျင့်ခြင်း မင်္ဂလာ

**သမထနှင့် ဝိပဿနာ** ဤ၌ **ဗြဟ္မစရိယ – မြတ်သောအကျင့်** ဟူသည် အဋ္ဌကထာဆရာ ရှင်းပြသည့်အတိုင်း စိတ္တဝိသုဒ္ဓိ၏ အရာဖြစ်သော သမထအကျင့် သမာဓိအကျင့်၊ **ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါ မဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ** ဟူသော ဝိသုဒ္ဓိ လေးပါး၏ အရာဖြစ်သော ဝိပဿနာ အကျင့်များပင် ဖြစ်သည်။

သမာဓိရရေး ရည်ရွယ်ချက်ဖြင့် အာရုံတခုတည်းကို သတိဖြင့် ရှုးစိုက်ရှုခြင်းသည် **သမထ** အကျင့်။

မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် သိမြင်ရေးအတွက် ဖြစ်တိုင်းဖြစ်တိုင်းသော ရုပ်နာမ်တို့ကို ဖြစ်ဆဲ ဖြစ်ခိုက်၌ သတိဖြင့် ရှုးစိုက်ရှုခြင်းသည် **ဝိပဿနာ** အကျင့်။

ခြုံ၍ဆိုရသော် ဤ၌ **မြတ်သောအကျင့်** ဆိုသည်မှာ **မဂ္ဂင်ရှစ်ရပ် အကျင့်မြတ်**ပင် ဖြစ်သည်။

## အရိယသစ္စာန ဒသနံ
## ၃၃။ အရိယသစ္စာ လေးပါးကို သိမြင်ခြင်း မင်္ဂလာ

သစ္စာလေးပါး ဆိုသည်မှာ –

၁။ ရုပ်နာမ်နှစ်ပါးက **ဒုက္ခသစ္စာ** = ဆင်းရဲအမှန်တရား။

၂။ လိုချင်တပ်မက်တဲ့ တဏှာက **သမုဒယသစ္စာ** = ဆင်းရဲဖြစ်ကြောင်း အမှန်တရား။

၃။ ရုပ်နာမ်နှစ်ရပ် အဖြစ်ရပ်၍ နောက်ထပ် မဖြစ်ပေါ်ခြင်းက **နိရောဓသစ္စာ** = ဆင်းရဲချုပ်ငြိမ်းခြင်း အမှန်တရား နိဗ္ဗာန်။

၄။ မဂ္ဂင်ရှစ်ပါးက **မဂ္ဂသစ္စာ** = ဆင်းရဲချုပ်ငြိမ်းကြောင်း အကျင့်လမ်း အမှန်တရား။

၁။ **ဒုက္ခသစ္စာ** သည် ပိုင်းပိုင်းခြားခြား သိရမည့်(**ပရိညေယျ**)တရား။

၂။ **သမုဒယသစ္စာ** သည် ပယ်ရမည့်(**ပဟာတဗ္ဗ**)တရား။

၃။ **နိရောဓသစ္စာ** သည် မျက်မှောက်ထင်ထင် သိမြင်ဆိုက်ရောက်ရမည့်(**သစ္ဆိကာတဗ္ဗ**)တရား။

၄။ **မဂ္ဂသစ္စာ**သည် ဖြစ်ပွားစေရမည့်(**ဘာဝေတဗ္ဗ**)တရား။

မိမိသန္တာန်၌ ဖြစ်ပွားစေရမည့် မဂ္ဂရှစ်ပါးကို ဖြစ်ပွားအောင် ရှုမှတ် ပွားများ အားထုတ်လျှင် ရုပ်နာမ်နှစ်ပါး ဒုက္ခသစ္စာတရားကို ပိုင်းပိုင်းခြားခြား သိခြင်းကြောင့် မသိ၍ ငြိတွယ်နေသော တဏှာ သမုဒယသစ္စာကို ပယ်နိုင်သဖြင့် သမုဒယ၏အကျိုး ဒုက္ခသစ္စာ ရုပ်နာမ်နှစ်ဖြာ မဖြစ်လာတော့ဘဲ ချုပ်ငြိမ်းရပ်စဲခြင်း **နိရောဓသစ္စာ** = နိဗ္ဗာန်ကို မျက်မှောက်ထင်ထင် သိမြင် ဆိုက်ရောက်တော့၏။ ဤ မင်္ဂလာကား အမြတ်ဆုံး မင်္ဂလာပါပေတည်း။

## နိဗ္ဗာန သစ္စိကိရိယာ စ
## ၃၄။ နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်း မင်္ဂလာ

ရှေ့မင်္ဂလာ အမှတ် ၃၃ **အရိယသစ္စာန ဒဿနံ** = အရိယာသစ္စာလေးပါးကို သိမြင်ခြင်းမင်္ဂလာ၌ **နိရောဓသစ္စာ** = အနုပါဒိသေသ နိဗ္ဗာန် ပါဝင်ပြီးဖြစ်သောကြောင့် ဤအမှတ် ၃၄ မင်္ဂလာ၌ နိဗ္ဗာန်အရ အရဟတ္တဖိုလ်ကို ယူရမည်ဖြစ်ကြောင်း၊ အရဟတ္တဖိုလ်သည်လည်း **ဝါန** ဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်ပြီး ဖြစ်သောကြောင့် **နိဗ္ဗာန** မည်ကြောင်း ခုဒ္ဒကပါဌ အဋ္ဌကထာ(၁၂၈)၌ ဖွင့်ပြပါသည်။

**မင်္ဂလာ လေးပါးလုံး ပြည့်စုံသူ**

သီဟိုဠ်ကျွန်း၌ ရှေးက အမ္ဗခါဒကတိဿ အမည်ရှိသော မထေရ်တပါး ပေါ်ထွန်းခဲ့ဖူး၏။ ဒုဗ္ဘိက္ခန္တရကပ် ဆိုက်နေချိန်၌ အရှင်မြတ် ခရီးသွားရာလမ်းဘေးရှိ သရက်ပင်အောက်တွင် အားပြတ်လဲနေ၏။ အနီး၌ ကြွေကျနေသော သရက်သီးမှည့်များ ရှိသော်လည်း ပါတိမောက္ခသံဝရသီလကို အစင်ကြယ်ဆုံး စောင့်ထိန်းလာခဲ့သူ ဖြစ်ခြင်းကြောင့် ကောက်ယူ ဘုဉ်းပေးခြင်း မပြုပေ။ ထိုအခိုက် ခရီးသွား ယောက်ျားတယောက် ရောက်လာပြီးလျှင် မထေရ်ကို ပွေ့ချီ ထူမလျက် သရက်ဖျော်ရည် အနည်းငယ်မှစ၍ တိုက်ကျွေးပြုစုရာ မထေရ် အားပြန်ပြည့်လာ၏။ တဖြည်းဖြည်း နေကောင်းလာ၏။

ထို့နောက် ခရီးသည် ဒါယကာသည် မထေရ်ကို ခွင့်ပန်ပြီးလျှင် ကျောပေါ်၌ ပိုး၍ ကြွလိုရာခရီးသို့ ပို့ဆောင်၏။ ဆွေမတော်

မျိုးမတော် ဒါယကာ၏ ကျော်ပေါ်၌ မတတ်သာ၍ ပါလာခဲ့ရသော မထေရ်သည် သတိသံဝေဂ ကြီးမားစွာ ဖြစ်ပေါ်ပြီးလျှင် ထင်ထင်ရှားရှား ဖြစ်ပေါ်သမျှသော ရုပ်နာမ်တို့ကို ရှုမှတ်နေ၏။ မကြာမီပင် ဝိပဿနာ သတိ သမာဓိ ပညာများ ထက်သန်အားကောင်းလာ၍ အရှုခံ ရုပ် နာမ် တို့၏ **အနိစ္စ ဒုက္ခ အနတ္တ** သဘောတို့ကို ပိုင်းပိုင်းခြားခြား သိမြင်ပြီးနောက် အရိယသစ္စာ လေးပါးတို့ကို ထိုးထွင်း သိမြင်ပြီးလျှင် အရဟတ္တဖိုလ်အထိ တရား ရရှိသွား၏။

(ဝိသုဒ္ဓိမဂ္ဂ-ဌ၊ ပ၊ ၄၄။ ဝိသုဒ္ဓိမဂ္ဂ-ဋီ၊ ပ၊ ၇၀)

ဤမထေရ်ကား **တပ**အကျင့်တည်းဟူသော သီလ ပြည့်စုံ စင်ကြယ်ခြင်း၊ **ဗြဟ္မစရိယ**တည်းဟူသော သမထ ဝိပဿနာ အကျင့်ကို ကျင့်ခြင်း၊ **အရိယသစ္စာနဒဿန**တည်းဟူသော သစ္စာ လေးပါးကို ထိုးထွင်းသိမြင်ခြင်း၊ **နိဗ္ဗာနသစ္ဆိကိရိယာ**တည်းဟူသော အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ဆိုက်ရောက်ခြင်းအားဖြင့် အမြတ်ဆုံး မင်္ဂလာလေးပါးကို အပြည့်အစုံ ရရှိသူဖြစ်၏။

**၁၀။ ဖုဋ္ဌဿ လောကဓမ္မေဟိ၊ စိတ္တံ ယဿ နကမ္ပတိ။**
**အသောကံ ဝိရဇံ ခေမံ၊ ဧတံ မင်္ဂလမုတ္တမံ။**

**10. When one's mind is touched by worldly vicissitudes, it is not shaken, sorrowless, stainless and secure. This is the highest blessing.**

၁၀။ **ဒေဝတာ**– သိလိုရေးဖြင့် မေးလျှောက်ထားသည့် အိုနတ်သား။

(က) **ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ နကမ္ပတိ**– လောကဓံ ရှစ်ပါး တွေ့ကြုံငြားလည်း ဘုရားရဟန္တာ သူတော်စွာတို့ စိတ်မှာတစိ တုန်လှုပ်မှု မရှိပါချေ။

(ခ) **အသောကံ**– စိုးရိမ်ပူဆွေး ကင်းစင်ဝေး၍ ငြိမ်းအေးလှပါပေ၏။

(ဂ) **ဝိရဇံ**– ကိလေမြူမြေး ကင်းစင်ဝေး၍ ငြိမ်းအေးလှပါပေ၏။

(ဃ) **ခေမံ**– ကိလေရန်ဘေး ကင်းစင်ဝေး၍ ငြိမ်းအေးလှပါပေ၏။

**ဧတံ**- ဤ တရားလေးပါးသည်၊ **ဥတ္တမံ**- ချမ်းသာ ဆောင်တတ် လွန်ထူးမြတ်သည့်၊ **မင်္ဂလံ**- ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာပါပေတည်း။

## အကျဉ်းချုပ်မှတ်ရန်

၃၅။ လောကဓံတရားနှင့် တွေ့ကြုံရသော်လည်း စိတ်တုန်လှုပ်မှု မရှိခြင်း။
၃၆။ စိုးရိမ်ပူဆွေးမှု မရှိခြင်း။
၃၇။ ကိလေသာမြူ မရှိခြင်း။
၃၈။ ကိလေသာဘေးရန် မရှိခြင်း။

ဤ လေးပါးသည် ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာများ ဖြစ်ပါသည်။

**ဆောင်** လောကဓံတရား၊ တွေ့ကြုံငြား၊ စိတ်ကားမလှုပ်ပါ။
စိုးရိမ်ပူဆွေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးလွန်ချမ်းသာ။
ကိလေမြူမြေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးလွန်ချမ်းသာ။
ကိလေရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးလွန်ချမ်းသာ။
မင်္ဂလာလေးပါး၊ ရှိပါငြား၊ သင်ကားလွန်ချမ်းသာ။

## သင်ကြားရေး အထောက်အကူ

### ၃၅ - ၃၈။ လောကဓံတရား ရှစ်ပါးနှင့် တွေ့ကြုံသော်လည်း မတုန်လှုပ်ခြင်း၊ မစိုးရိမ်ခြင်း၊ ကိလေသာမြူ မရှိခြင်း၊ ဘေးရန် မရှိခြင်း မင်္ဂလာ။

လောကဓံတရား ရှစ်ပါးနှင့် တွေ့ကြုံရသော်လည်း ကိလေသာအာသဝေါ ကုန်ခန်းပြီးသော ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် တုန်လှုပ်ခြင်း မရှိ၊ စိုးရိမ်ပူဆွေးခြင်းလည်း မရှိ၊ ကိလေသာမြူ အညစ်အကြေးလည်း မရှိ၊ ကိလေသာဘေးရန်လည်း မရှိဘဲ ငြိမ်းအေးလှပေ၏။ ဤသို့ လောကဓံကြောင့် မတုန်လှုပ်ခြင်း၊ မစိုးရိမ်ခြင်း၊ ကိလေသာမြူ မရှိခြင်း၊ ကိလေသာဘေးရန် မရှိခြင်းသည် ထူးမြတ်သော မင်္ဂလာ ဖြစ်ပေသည်။

**လောကဓံတရား ရှစ်ပါး**

၁။ လာဘ = ပစ္စည်းဥစ္စာ ရခြင်း။

၂။ အလာဘ = ပစ္စည်းဥစ္စာ မရခြင်း။

၃။ ယသ = အခြွေအရံ ပေါများခြင်း။

၄။ အယသ = အခြွေအရံ မရှိခြင်း။

၅။ နိန္ဒာ = အကဲ့ရဲ့ ခံရခြင်း။

၆။ ပသံသာ = အချီးမွမ်း ခံရခြင်း။

၇။ သုခံ = ချမ်းသာခြင်း။

၈။ ဒုက္ခံ = ဆင်းရဲခြင်း။

**လောကဓံကို ဆင်ခြင်ပုံ** ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် လူမှန်သမျှ လောကဓံ ရှစ်ပါးနှင့် တွေ့ကြုံကြရမည် ဖြစ်သောကြောင့် လောကဓံနှင့် တွေ့ကြုံသည့်အခါ လိုက်နာဖွယ် တို့ကို **အင်္ဂုတ္တိုရ်၊ အဋ္ဌကနိပါတ၊ ဒုတိယ လောကဓမ္မသုတ်** ၌ ဟောကြားတော်မူခဲ့ပါသည်။ ထိုသုတ်၏ အကျဉ်းချုပ်သဘောမှာ ဤလောကဓံရှစ်ပါးသည် ကိုယ်တွေ့တရားအသိ=**အဓိဂမသုတ** မရှိသူ ပုထုဇဉ်အားလည်း ဖြစ်၏။ ကိုယ်တွေ့တရားအသိ=**အဓိဂမသုတ** ရှိသူ အရိယာပုဂ္ဂိုလ်အားလည်း ဖြစ်၏။ သို့သော် ယင်းပုဂ္ဂိုလ် နှစ်စားအား ဖြစ်ရာ၌ ခြားနားချက်ကား ရှိပေသည်။

အဘယ်ပုံ ခြားနားသနည်း။ ပုထုဇဉ်ပုဂ္ဂိုလ်သည် လောကဓံ ရှစ်ပါးအနက် **လာဘ** = ပစ္စည်းဥစ္စာ ရခြင်းနှင့် တွေ့ကြုံလျှင် "ဤ ပစ္စည်းကို ငါရပြီ။ ငါရသော ဤ ပစ္စည်းသည် မတည်မြဲသောသဘော ရှိပါတကား၊ ဆင်းရဲအစုမျှပါတကား၊ ပြောင်းလဲ ဖောက်ပြန်တတ်သော သဘော ရှိပါတကား"ဟု မဆင်ခြင်သဖြင့် အမှန်အတိုင်း မသိပေ။ ထို့ကြောင့် သူရသော ပစ္စည်းက သူ၏စိတ်ကို သိမ်းကျုံး၍ ယူထား၏။ သူသည် ရလာသော ပစ္စည်းကို နှစ်သက် သဘောကျ၏။ ပစ္စည်းမရလျှင် မနှစ်မြို့ မချမ်းမြေ့။ သူသည် ယင်းသို့ရလျှင် နှစ်သက်သဘောကျတတ်၍ မရလျှင် မနှစ်မြို့ မချမ်းသာ ဖြစ်တတ် သောကြောင့် ဆင်းရဲမှ မလွတ်မြောက်နိုင်ပေ။ အခြား လောကဓံ ခုနစ်ပါးနှင့် တွေ့ကြုံရာ၌လည်း အလားတူပင်။

ကိုယ်တွေ့ တရားအသိရှိသူ အရိယာသည်ကား **လာဘ၊ ယသ၊ ပသံသာ၊ သုခ**ဟူသော အကောင်း လောကဓံ လေးပါးနှင့်

တွေ့သည်ဖြစ်စေ၊ **အလာဘ၊ အယသ၊ နိန္ဒာ၊ ဒုက္ခ** ဟူသော အဆိုး လောကဓံ လေးပါးနှင့် တွေ့သည်ဖြစ်စေ "မမြဲသောသဘော ရှိပါတကား၊ ဆင်းရဲအစုမျှပါတကား၊ ပြောင်းလဲဖောက်ပြန်တတ်သော သဘော ရှိပါတကား"ဟု ဆင်ခြင်သဖြင့် အမှန်အတိုင်းသိ၏။ မည်သည့် လောကဓံကမျှ သူ၏စိတ်ကို သိမ်းကျုံး မယူနိုင်ပေ၊ သို့ဖြစ်ရာ သူသည် အကောင်းလောကဓံကြောင့် နှစ်သက် ဝမ်းမြောက်မှု မဖြစ်သလို အဆိုးလောကဓံကြောင့်လည်း မနှစ်မြို့ မချမ်းသာမှု မဖြစ်ပေ။ ထို့ကြောင့်ပင် သူသည် ဆင်းရဲမှ လွတ်မြောက်၏။

ဤကား ပုထုဇဉ် အရိယာ ပုဂ္ဂိုလ်နှစ်စားတို့ လောကဓံတရားနှင့် တွေ့ကြုံရာတွင် ခြားနားချက်ဖြစ်သည်။

**လောကဓံကြောင့် မတုန်လှုပ်သူ**

အရှင်ရဋ္ဌပါလသည် ကုရုတိုင်း ထုလ္လကောဋ္ဌိက ရွာကြီးမှ သူဋ္ဌေးသား ဖြစ်၏။ ရဟန်းပြုခွင့်ရရန် ခုနစ်ရက် အစာငတ်ခံ တိုက်ပွဲဝင်ပြီးမှ မိဘများက ရဟန်းပြုခွင့်ပေး၍ မိဘနှင့် သားမယားများကိုပါ စွန့်ခွာခဲ့ကာ ရဟန်းပြုလာသူ ဖြစ်၏။ ဇေတဝန် ကျောင်းတော်အတွင်း ဆိတ်ငြိမ်ရာ၌ ဝိပဿနာတရားကို ကြိုးစားအားထုတ်သော်လည်း တဆယ့်နှစ်နှစ်ကြာမှသာ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုကာ ရဟန္တာ ဖြစ်တော့၏။

ရဟန္တာဖြစ်ပြီးနောက် မူလက မိဘတို့အား ဖူးမြော်ခွင့် ရပါစေမည်ဟု ပေးထားသော ကတိကို သတိရ၍ ထုလ္လကောဋ္ဌိကသို့ ခဏတဖြုတ် ပြန်ခွင့်ပြုပါရန် မြတ်စွာဘုရားထံ ခွင့်ပန် လျှောက်ထားသဖြင့် ပြန်ခွင့်ရ၍ ထုလ္လကောဋ္ဌိကသို့ ပြန်ကြွလာခဲ့၏။

ထုလ္လကောဋ္ဌိကသို့ ရောက်သည့်နေ့က ဆွမ်းခံကြွရာ မိဘများ သိသွားသဖြင့် နောက်တနေ့အတွက် ဆွမ်းဘုဉ်းပေးရန် အိမ်သို့ ပင့်ထား၏။ ထို့ကြောင့် ယခု မိဘများအိမ်သို့ ရောက်နေခြင်းဖြစ်၏။ ဆွမ်းဘုဉ်းပေးရန် ပင့်ထားသော်လည်း ဆွမ်းပြင်ထားသည့် အရိပ်နိမိတ်ကိုမျှ မတွေ့ရသေးပေ။ တွေ့ရသည်မှာကား လူတရပ်ထက် မြင့်သော ဖျာကြီးများဖြင့် အုပ်ထားသော အရာများသာဖြစ်၏။

ခဏကြာသောအခါ သူ၏ဖခင် သူဌေးကြီးသည် ဖျာကြီးများကို ခွာလိုက်ရာ ကြီးမားလှသော ဝင်းဝင်းလက်နေသည့် ရွှေ ငွေ ကျောက် သံ ပဒမြားပုံကြီးများကို တွေ့ရ၏။ ပြီးမှ သူ၏ဖခင် သူဌေးကြီးက "ချစ်သား လူထွက်၍ ဤစည်းစိမ်ဥစ္စာတို့ကို ခံစားပါ၊ ဒါနလဲပြုပါ"ဟု လူထွက်ရေးအတွက် ပစ္စည်းဖြင့် မျှားတော့၏။

အရှင်ရဋ္ဌပါလက "ဒကာကြီး တကယ်လို့ ဘုန်းကြီးပြောတဲ့ အတိုင်း လိုက်နာ လုပ်ဆောင်မယ်ဆိုရင် အဲဒီ ရတနာပုံကြီးတွေကို လှည်းတွေနဲ့တင်ပြီး ဂင်္ဂါမြစ်ထဲ သွားမျှောပစ်လိုက်ပါ။ ဘာကြောင့်လဲ ဆိုတော့ အဲဒီ ရတနာတွေကြောင့် စိုးရိမ်ပူဆွေး ငိုကြွေးရတာတွေ၊ ကိုယ်စိတ်ဆင်းရဲမှုတွေ တွေ့ရဦးမှာ ဖြစ်လို့ပါပဲ"ဟု ပြောလိုက်၏။

သူဌေးကြီးသည် ပစ္စည်းနှင့် မျှား၍ မဟာန်မှန်း ရိပ်မိသောအခါ အလှဆုံး ပြင်ဆင်ထားသော ချွေးမတို့ကို အခန်းထဲမှ ခေါ်ထုတ်၍ "ကဲ ရတဲ့နည်းနဲ့သာ ကြိုးစားကြပေတော့ သမီးတို့ရေ" ဟု ဆိုကာ မာတုဂါမနှင့် ဖြားယောင်းပြန်၏။ ချွေးမတို့က "အို အရှင့်သား၊ အရှင့်သားရဖို့ ကြိုးစားနေတယ်ဆိုတဲ့ နတ်သမီးတွေဟာ

ဘယ်မျှလောက် ချောကြပါသလဲ”ဟု မေးကာ တချို့က အရှင်မြတ်၏ ခြေထောက်ကို ဖက်ကြ၏။ ထိုခေတ်က ရဟန်းတော်များ ရဟန်းတရား အားထုတ်ခြင်းမှာ နတ်ပြည်ရောက်ပြီးလျှင် နတ်သမီးများကို ရရေး အတွက် ဖြစ်သည်ဟု သာသနာတော်ကို မယုံကြည်သူများက ယူဆ ခဲ့ကြ၏။ ထို့ကြောင့်ယင်းသို့ မေးကြခြင်းဖြစ်၏။

အရှင်မြတ်က “ငါ့ညီမများ၊ တို့များ ရဟန်းတရား အားထုတ် ခြင်းမှာ နတ်သမီးရဖို့ မဟုတ်ပါ”ဟု ပြောလိုက်ရာ အမျိုးသမီးအားလုံး မူးမေ့ လဲကျကုန်ကြ၏။ ထိုအခါ အရှင်မြတ်က “ဒကာကြီး၊ ဆွမ်း ကပ်မှာဆိုရင် ဆွမ်းကပ်ပါ၊ ဘုန်းကြီးကို မညှဉ်းဆဲပါနှင့်”ဟု ပြောမှ ဆွမ်းပြင်၍ ကပ်ကြ၏။

ဆွမ်းဘုဉ်းပေးပြီးသောအခါ အရှင်ရဋ္ဌပါလက “မှဆိုးကြီးတို့ရေ သင်တို့ မြက်နှင့်ဖြားယောင်းပြီး ကျော့ကွင်း ထောင်ဖမ်းသော်လည်း သမင်ကလေးကတော့ ကျော့ကွင်းကို မထိစေဘဲ မြက်ကိုသာ စားပြီး လိုရာခရီးကို သွားပါတော့မယ်”ဟု ဆိုကာ အိမ်အမိုးကို ဖောက်၍ ကောင်းကင်ခရီးဖြင့် ကောရဗျဘုရင်၏ မိဂစီရဉယျာဉ်သို့ ကြွသွားတော်မူလေသည်။

“ညီမများ”ဟု အခေါ်ခံရ၍ မိမိအနီးတွင် မိဂါတန်ငါးဆယ် ဖုံးကြီး ကျလိုက်သည့်ပမာ ထိတ်လန့်တုန်လှုပ်ကာ မူးမေ့လဲကျ ကုန်ကြသော ဇနီးဟောင်းများမှာမူ “ခေါ်ရက်လေခြင်း၊ ခေါ်ရက် လေခြင်း”ဟု ဟတွတ်တွတ် ငိုယိုမြည်တမ်းရင်း ကျန်ခဲ့ရရှာလေသည်။

**သီလ သမာဓိ ပညာ** တည်းဟူသော ဗြဟ္မစရိယ အကျင့်မြတ်ကို ကျင့်ခြင်းဖြင့် အရိယသစ္စာလေးပါးကို သိမြင်ကာ ကိလေသာ **အာသဝ** တရားတို့ ကုန်ခန်းပြီးလျှင် ရဟန္တာဖြစ်ပြီးသော အရှင်ရဋ္ဌပါလသည် **လာဘ အလာဘ** စသော လောကဓံတရားကြောင့် လုံးဝ တုန်လှုပ်ခြင်း မရှိပါပေ။ စိုးရိမ်ပူဆွေး ကင်းစင်ဝေး၍ ငြိမ်းအေးလှပါပေ၏။ ကိလေမြူမြေး ကင်းစင်ဝေး၍ ငြိမ်းအေး လှပါပေ၏။ ကိလေရန်ဘေး ကင်းစင်ဝေး၍ ငြိမ်းအေးလှပါပေ၏။ ဤမင်္ဂလာကား အမြင့်ဆုံး အမြတ်ဆုံး မင်္ဂလာပါပေတည်း။

(မဇ္ဈိမပဏ္ဏာသပါဠိတော်၊ ၂၄၄-၂၅၃၊ ရဋ္ဌပါလသုတ်)

**၁၁။ ဧတာဒိသာနိ ကတွာန၊ သဗ္ဗတ္ထ မပရာဇိတာ။**
**သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ၊ တံ တေသံ မင်္ဂလမုတ္တမံ။**

**11. Those who have fulfilled such things as these, are invincible everywhere and find well-being everywhere. Theirs is the highest blessing.**

၁၁။ **ဒေဝတေ**– သိလိုရေးဖြင့် မေးလျှောက်ထားသည့် အိုနတ်သား။ **ဧတာဒိသာနိ**– ကြီးပွားချမ်းသာ မှန်စွာတိုးပွား ဤသို့သော မင်္ဂလာများကို၊ **ကတွာန**– စိတ်ထားမြင့်မြင့် ဉာဏ်အားဆင့်၍ ပြုကျင့်ကြကုန်သည်ရှိသော်၊ **သဗ္ဗတ္ထ မပရာဇိတာ**– ရောက်ရာဒေသ မှန်သမျှ၌ တွင်းပရန်သူ ဘယ်သူတယောက်ကမျှ မနိုင်ရကုန်သည် ဖြစ်၍၊ (ဝါ) ရန်သူမှန်သမျှကို မိမိက နိုင်ရကုန်သည်ဖြစ်၍၊ **သဗ္ဗတ္ထ သောတ္ထိံ ဂစ္ဆန္တိ**– ရောက်ရာဒေသ မှန်သမျှ၌ ဘေးပရန်ကွာ အေးမြချမ်းသာ ရကုန်၏။

**တေသံ**– မင်္ဂလာတရား လက်ကိုင်ထားသူ ထိုသည့်လူတို့၏၊ **တံ**– သုံးဆယ့်ရှစ်ဖြာ ထိုမင်္ဂလာသည်၊ **မင်္ဂလမုတ္တမံ**– ကြီးပွားချမ်းသာ ဆောင်ကာပေးတတ် ဂုဏ်သကတ်ကြောင့် အမြတ်ရတနာ မင်္ဂလာကြီး ဖြစ်ပါပေသတည်း။

**ဆောင်** သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာ၊ မြတ်စွာဟောခဲ့ပြီ။
မင်္ဂလာတရား၊ လက်ကိုင်ထား၊ ကြီးပွားချမ်းသာသည်။
ချမ်းသာသူမှာ၊ စဉ်မကွာ၊ မင်္ဂလာရှိပေသည်။

## ဧတာဒိသာနိ ဂါထာ

ဤ **ဧတာဒိသာနိ**စသော ဂါထာကား မင်္ဂလသုတ် ဒေသနာတော်၏ နိဂုံးဂါထာဖြစ်၏။ ဆိုလိုရင်းမှာ –

နတ်သား၊ ယခုဟောပြခဲ့သော သဘောရှိသည့် မင်္ဂလာတို့ကို လိုက်နာကျင့်ကြံသော သူတို့သည် ကိလေသာ တည်းဟူသော အတွင်းရန်နှင့် ပကတိ အပြင်ရန်တို့ကိုပါ အောင်နိုင်ကြသဖြင့် ချမ်းသာကြကုန်၏။ ထို **သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ** သည် မင်္ဂလာတရား လက်ကိုင်ထားကြသော ထိုသူတို့၏ ကြီးပွားချမ်းသာကြောင်း ကောင်းမြတ်သော မင်္ဂလာ ဖြစ်ပါပေသည်။

## မင်္ဂလသုတ် ဒေသနာတော်၏ အကျိုး

ဤဒေသနာတော်ကို ဟောကြားပြီးသည်၏ အဆုံး၌ နတ်ပြဟ္မာပေါင်း မြောက်မြားစွာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာများ အသီးသီး ဖြစ်ကြ၏။

နောက်တနေ့ နံနက်၌ မြတ်စွာဘုရားသည် အရှင်အာနန္ဒာအား ညဥ့်အခါက နတ်ပြဟ္မာတို့ကို မင်္ဂလသုတ် ဒေသနာတော်

ဟောကြားတော်မူခဲ့ကြောင်း မိန့်ကြားတော်မူပြီးလျှင် မင်္ဂလသုတ် ဒေသနာတော်ကို သင်ပေးတော်မူ၏။ အခြား ရဟန်း သံဃာများအား သင်ကြားပေးရန်လည်း မိန့်တော်မူ၏။

အရှင်အာနန္ဒာမထေရ်က အခြား ရဟန်း သံဃာများကို သင်ကြားပေးတော်မူ၏။ ဤသို့ ဆရာ အဆက်ဆက်တို့က တပည့် အဆက်ဆက်တို့အား သင်ကြားလာခဲ့သဖြင့် မင်္ဂလာတရားတော်သည် ယခုအချိန်အထိ တည်တံ့ ပြန့်ပွားလာခဲ့ရာ လိုက်နာ ကျင့်ကြံသူများ ချမ်းသာကို ခံစားနေရပေသည်။

(ခုဒ္ဒကပါဌ-ဋ္ဌ၊ ၁၃၁)

**ချမ်းမြေ့မင်္ဂလာ၊ သင်စရာ၊ ဤမှာပြီးပါပြီ။**

**မင်္ဂလာတရား၊ ကျင့်သူများ၊ ကြီးပွားချမ်းသာသည်။**

**သတ္တဝါမှန်သမျှ၊ တရားတွေ့၊ ချမ်းမြေ့စေချင်သည်။**

# မင်္ဂလာ လင်္ကာ သင်စရာ

## နိဒါန်း

ဇေတဝန်တွင်၊ တို့အရှင်၊ နေစဉ် မျှတစွာ။
မထင်မရှား၊ မောင်နတ်သား၊ လျှောက်ထားဤသို့သာ။
လူနတ်အများ၊ ကြံစဉ်းစား၊ လျှောက်ထားလိုလှပါ။
မင်္ဂလာတရား၊ ဆိုသည်များ၊ စဉ်းစားနေကြပါ။
မြင်ကြားနံ့စား၊ တွေ့ထိများ၊ ပြောကြားမင်္ဂလာ။
မင်္ဂလာယူပုံ၊ အဖုံဖုံ၊ နည်းစုံများလှစွာ။
ကေန်ဓော၊ မှန်မရ၊ ငြင်းကြခုံကြရှာ။
ဆယ့်နှစ်နှစ်မျှ၊ စဉ်းစားကြ၊ မရမင်္ဂလာ။
ရှင်တော်ဗုဒ္ဓ၊ လျှောက်လိုလှ၊ မိန့်ဟမင်္ဂလာ။
ချမ်းသာလိုလှ၊ တောင်းပန်ခ၊ ဟောပြစေလိုပါ။

## သုံးဆယ့်ရှစ်ဖြာ မင်္ဂလာ

၁–၃။ လူမိုက်ရှောင်ကြဉ်၊ ပညာရှင်၊ အစဉ်ပေါင်းသင်းပါ။
ပူဇော်ထိုက်က၊ ပူဇော်ကြ၊ ဒါမှမင်္ဂလာ။

၄–၆။ သင့်ရာရပ်နေ၊ ကောင်းမှုတွေ၊ ပြုပေ ရှေးဘဝမှာ။
ကိုယ်စိတ်နှစ်ပါး၊ ကောင်းစွာထား၊ မှတ်သားမင်္ဂလာ။

၇–၁၀။ ကြားမြင်များလတ်၊ လက်မှုတတ်၊ ကျင့်ဝတ်သင်ကြားရာ။
ကျိုးရှိစကား၊ ပြောဆိုငြား၊ မှတ်သားမင်္ဂလာ။

၁၁–၁၄။ မိခင် ဖခင်၊ ကျေးဇူးရှင်၊ အစဉ်လုပ်ကျွေးပါ။
သားနှင့်သမီး၊ ချစ်ဇနီး၊ ချီးမြှောက်ထောက်ပံ့ပါ။
နှောင့်ယှက်ကင်းငြား၊ အလုပ်ကား၊ မှတ်သားမင်္ဂလာ။

၁၅–၁၈။ လှူဒါနနှင့်၊ တရားကျင့်၊ ထောက်ပင့်ဉာတကာ။
ပြစ်မဲ့အမှု၊ ကောင်းစွာပြု၊ မှတ်ရှုမင်္ဂလာ။

၁၉–၂၁။ ဒုစရိုက်ရှောင်ကြဉ်၊ သေရည်ကြဉ်၊ အစဉ်ချမ်းမြေ့ရာ။
ကုသိုလ်ပုညာ၊ မမေ့ရ၊ ဒါမှမင်္ဂလာ။

၂၂–၂၆။ ရိုသေထိုက်က၊ ရိုသေရ၊ နှိမ့်ချ ကိုယ့်ကိုသာ။
ရောင့်ရဲလေဘိ၊ ကျေးဇူးသိ၊ ဆပ်ဘိတုံ့ပြန်ကာ။
သင့်လျော်ခါများ၊ နာ တရား၊ မှတ်သားမင်္ဂလာ။

၂၇–၃၀။ သည်းခံစိတ်ထား၊ ဆုံးမငြား၊ မှတ်သားနာယူပါ။
သံဃာတော်များ၊ ဖူးမြော်ငြား၊ တရားဆွေးနွေးပါ။
ကြီးပွားကြောင်းပ၊ ဤ လေး၀၊ မှတ်ကြမင်္ဂလာ။

၃၁–၃၄။ ဣန္ဒြေစောင့်ထ၊ မြတ်သီလ၊ တပ ကျင့်ကြံရာ။
မြတ်သောကျင့်စဉ်၊ ကျင့်ကြံလျှင်၊ သိမြင် လေးသစ္စာ။
နိဗ္ဗာန်မျက်မှောက်၊ ဉာဏ်ဖြင့်ရောက်၊ ထွန်းတောက်
မင်္ဂလာ။

၃၅–၃၈။ လောကဓံတရား၊ တွေ့ကြုံငြား၊ စိတ်ကားမလှုပ်ပါ။
စိုးရိမ်ပူဆွေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးလွန်ချမ်းသာ။
ကိလေမြူမြေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးလွန်ချမ်းသာ။
ကိလေရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးလွန်ချမ်းသာ။
မင်္ဂလာလေးပါး၊ ရှိပါငြား၊ သင်ကားလွန်ချမ်းသာ။

**နိဂုံး**

သုံးဆယ့်ရှစ်ဖြာ၊ မင်္ဂလာ၊ မြတ်စွာဟောခဲ့ပြီ။
မင်္ဂလာတရား၊ လက်ကိုင်ထား၊ ကြီးပွားချမ်းသာသည်။
ချမ်းသာသူမှာ၊ စဉ်မကွာ၊ မင်္ဂလာရှိပေသည်။

ချမ်းမြေ့မင်္ဂလာ၊ သင်စရာ၊ ဤမှာ ပြီးပါပြီ။
မင်္ဂလာတရား၊ ကျင့်သူများ၊ ကြီးပွားချမ်းသာသည်။
သုတေသနနှင့်စာကြည့်တိုက် ားတွေ့၊ ချမ်းမြေ့စေချင်သည်။
သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
ကမ္ဘာအေး၊ ရန်ကုန်။
၂၅၇၇၁

## မေတ္တာသာရဏီယတရား

### ကာယကံ မေတ္တာ

မေတ္တာနှင့်ယှဉ်၊ **ပြုမူ**လျှင်၊ အစဉ်အောက်မေ့ဖွယ်။
သူ့ဂုဏ်ကျေးဇူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်။
အများချစ်ခင်၊ ရှိသေချင်၊ ခင်မင်လေးစားတယ်။
စိတ်ဝမ်းမကွဲ၊ တစ်သွေးတည်း၊ ညီလည်းညီညွတ်တယ်။
ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊ လူ့ဘောင်ငြိမ်းချမ်းတယ်။

### ဝစီကံ မေတ္တာ

မေတ္တာနှင့်ယှဉ်၊ **ပြောဆို**လျှင်၊ အစဉ်အောက်မေ့ဖွယ်။
ချိုသာစကား၊ ကျိုးလိုလား၊ ကြားရချမ်းသာတယ်။
သူ့ဂုဏ်ကျေးဇူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်။
အများချစ်ခင်၊ ရှိသေချင်၊ ခင်မင်လေးစားတယ်။
စိတ်ဝမ်းမကွဲ၊ တစ်သွေးတည်း၊ ညီလည်းညီညွတ်တယ်။
ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊ လူ့ဘောင်ငြိမ်းချမ်းတယ်။

### မနောကံ မေတ္တာ

မေတ္တာနှင့်ယှဉ်၊ **စိတ်ထား**လျှင်၊ အစဉ်အောက်မေ့ဖွယ်။
သူ့ဂုဏ်ကျေးဇူး၊ မမေ့ဘူး၊ အထူးအောက်မေ့တယ်။
အများချစ်ခင်၊ ရှိသေချင်၊ ခင်မင်လေးစားတယ်။
စိတ်ဝမ်းမကွဲ၊ တစ်သွေးတည်း၊ ညီလည်းညီညွတ်တယ်။
ညီညွတ်သူဆောင်၊ ဆောင်တိုင်းအောင်၊ လူ့ဘောင်ငြိမ်းချမ်းတယ်။